



www.burmeseclassic.com
ကန်လေးရိုးက
ဖားလောက်ကြီး
ဝိညာဉ်မေမေရဲ့ မိစ္ဆာသား
BURMESE CLASSIC .com
THE SPIRITUAL TERRIOR
PHWAR LAUK KYEE
FROM
KAN LAY YOE
THE DEVIL SON OF SPIRITUAL MOTHER
www.burmeseclassic.com



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

20 JAN 2013

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား တို့ရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ထွန်းလာရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။ ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ခံယူနိုင်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ကန်လေးရိုးက

# မှားလောက်ကြီး

## ဝိညာဉ်မေမေရဲ့ မိစ္ဆာသား



www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-)ကျပ်

❑ **ထုတ်ဝေသူ**
ဒေါ်သင်းသင်းမွန်၊ သင်းစာပေ၊ အမှတ်(၁၀)၊
ရတနာမြိုင်လမ်း၊ (၁၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

❑ **မျက်နှာဖုံးပုံနှိပ်**
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

❑ **အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
၉/အိတ်ချ်၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။

❑ **ပြည်လုံးကျွတ်ဖြန့်ချိရေး**
**ရုံရှင်အောင်စာပေ**
အမှတ်-၄၉၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃
ကန်လေးရိုးကဖွားလောက်ကြီး
ဝိညာဉ်မေမေရဲ့မိစ္ဆာသား/ကန်လေးရိုးကဖွားလောက်ကြီး-ရန်ကုန်။
သင်းစာပေ၊ ၂၀၁၃။
၁၄၀-စာ၊ ၁၃ × ၂၀ စင်တီ။
(၁) ဝိညာဉ်မေမေရဲ့မိစ္ဆာသား




# Phone Section

www.burmeseclassic.com

www.burmeseclassic.com



သို့

လေးစားအပ်ပါသော စာဖတ်ပရိသတ်အပေါင်းတို့ခင်ဗျာ…

စာရေးဆရာဖွားလောက်ကြီးရေးသား၍ ထုတ်ဝေခဲ့ပြီးဖြစ်သော "တမလွန်မလေးရဲ့ အသိစိတ်လွှမ်းနေခင်တ" ဝတ္ထု၌ ဖော်ပြပါရှိခဲ့သော တယ်လီဖုန်းအမေးအဖြေကဏ္ဍတွင် သတ္တဝါ(၉)မျိုး၏ အသိ(၉)မျိုးဖြင့် ဖွဲ့စည်းထားသည့် ထူးထူးဆန်းဆန်း သတ္တဝါအရုပ်တစ်ရုပ်အကြောင်းပါရှိခဲ့သည်။ ထိုအရုပ်ရရှိခဲ့သောဦးပဥ္စင်းတစ်ပါးနှင့် စာရေးသူတို့ တယ်လီဖုန်းအမေးအဖြေ လုပ်ခဲ့သည်ကို အကြမ်းဖျင်းအားဖြင့်ရေးသားခဲ့သည်။

ဤသို့ရေးသားခဲ့ရာ ၎င်းဝတ္ထုစာအုပ်ဖြန့်ချိပြီးသည်မှစ၍ ယနေ့တိုင်အောင် စာရေးသူထံသို့ အကြံပြုတောင်းဆိုသော စာပေါင်း (၆၈)စောင် တယ်လီဖုန်းတခွင်ခွင်တို့ဖြင့် စဉ်ဆက်မပျက်ဆက်သွယ်ခဲ့ကြသည်။ အံ့သြစရာလို ထူးထူးဆန်းဆန်း အရုပ်ကလေးကို ကိုယ်တိုင်လာရောက်ကြည့်ရှုလိုကြောင်း၊ အရုပ်ကလေးရရှိပြီးနောက် ကင်ဆာရောဂါဖြင့် ဆရာဝန်က(၆)လထက်အသက်မရှင်နိုင်ဟု သတ်မှတ်ခံရသော်လည်း နှစ်ပေါင်းဆယ့်ခြောက်နှစ်ကြာပြီဖြစ်သည့် ယခုချိန်တိုင်အောင် သက်ရှိထင်ရှားရှိနေသဲ ဦးပဥ္စင်းနှင့်တွေ့ဆုံလိုကြောင်း၊ ထိုအကြောင်းဝတ္ထုရှည်အဖြစ် ဖတ်ရှုလိုကြောင်း အစသဖြင့် စာဖတ်သူတို့ထံမှ အကြိမ်ကြိမ် အထပ်ထပ် တောင်းဆိုခဲ့ကြပါသည်။

ပြောလိုသည်မှာ ထိုအရုပ်ကလေးနှင့် ဦးပဥ္စင်းဦးဇိနောရသအကြောင်း ရေးဖွဲ့ထားသည့် "သေတွင်းထွက်လူနှင့်ထူးဆန်းသောအရုပ်ကလေး" ဟူသော ဖြစ်ရပ်မှန်ဝတ္ထုစာဖတ်သူ လက်ဝယ်ရောက်ရှိလာပါတော့မည်။ ထိုအရုပ်ကလေး၏ ဓာတ်ပုံများဆက်စပ်ပတ်သက်သမျှသော လူ၊ ရဟန်း၊ ပရလောကသားတို့အကြောင်းအချက်များ အရုပ်ပိုင်ရှင် ဦးပဥ္စင်း ဦးဇိနောရသ၏ ကိုယ်တွေ့အမှာစာများအပြည့်အစုံရရှိရန် စုဆောင်းနေပါသည်။ ဤဝတ္ထုသည် စိတ်ကူးယဉ်ဝတ္ထု မဟုတ်ပါ။ ထွင်လုံးအလိမ်အညာ ဖြစ်ရပ်များမဟုတ်ပါ။ အစစ်ဆေးအမေးအမြန်းခံနိုင်သော ဖြစ်ရပ်မှန်ဝတ္ထုတစ်ပုဒ်ဖြစ်ကြောင်း စာဖတ်သူအပေါင်းအား ဝမ်းမြောက်စွာ သတင်းကောင်း ပါးအပ်ပါသည်။

**စာဖတ်သူတို့အားအစဉ်လေးစားစွာဖြင့်**

**စာရေးသူ**



BURMESE CLASSIC .com





"ဟဲလို … စာရေးဆရာ ဖွားလောက်ကြီးနဲ့ ပြောချင်လို့ပါ"

"ဟုတ်ကဲ့ … ကျွန်တော် ဖွားလောက်ကြီးပါ … အခုပြောနေ တာ ဘယ်သူပါလဲခင်ဗျာ … "

"ကျွန်တော့်နာမည် ဦးဇော်ဦးပါ၊ ပျော်ဘွယ်မြို့နယ်က ရွာလေးမှာ ကျွန်တော့် ဇာတိချက်ကြွေ မွေးရပ်မြေပါ၊ အခုတော့ ရန်ကုန်မှာအခြေချနေထိုင်နေပါပြီ၊ အသက် ခြောက်ဆယ်ကျော်ပါပြီ ဆရာ"

"ဟုတ်ကဲ့ … ဦးဇော်ဦး ကျွန်တော်ဘာများကူညီပေးရမလဲ၊ ကျွန်တော် တတ်စွမ်းသမျှ ကူညီဖို့ဝန်မလေးပါဘူး … ပြောပါ"

"အကူအညီတောင်းချင်လို့ မဟုတ်ပါဘူး … ကျွန်တော့်စိတ်ထဲမှာ တွေးလိုက်မိတိုင်း အခုချိန်အထိ ကြက်သီးထစရာကောင်းတဲ့ မိနေသည်တစ္ဆေ တစ်ကောင် အကြောင်း ပြောပြချင်လို့ပါ၊ ဆရာက သရဲဝတ္ထုရေးတဲ့စာရေးဆရာဆိုတော့ စိတ်ဝင် စားမယ် ထင်ပါတယ်"

"ပြောပါခင်ဗျာ … ကျွန်တော် တကယ်ကိုစိတ်ဝင်စားပါတယ်"

ကျွန်တော် လိုက်လိုက်လှဲလှဲ လမ်းခင်းပေးတော့ ဦးဇော်ဦးလည်း သူ့ထယ်

www.burmeseclassic.com

www.burmeseclassic.com

ဘဲ အတွေ့အကြုံတစ္ဆေဗာတ်လမ်းကို ခရေစေ့တွင်းကျ ဇာတ်စုံခင်းတော့သည်။

"ကျွန်တော်က ပျော်ဘွယ်နယ်သားဆိုပေမယ့် ကျွန်တော့်ဘကြီးဘုန်းကြီး သီတင်းသုံးတဲ့ ရွှေဘိုမြို့နယ်က ရွာလေးတစ်ရွာမှာပဲ အနေများခဲ့တယ်၊ ငါးနှစ်သား အရွယ်ကနေ ဆယ့်လေးနှစ်သားအရွယ်ထိ ဆိုပါတော့ဗျာ ... သင်္ကန်းမစည်းဘဲနဲ့ ဆောင်သားကပ္ပိယဘဝနဲ့ပဲ သဒ္ဒါသင်္ဂြိုဟ်ကိုးပိုင်းပြီးတဲ့အထိ လိုက်ခဲ့ပါတယ် ... ရတနာရွှေချိုင့် ပရိတ်ကြီးဆယ့်တစ်သုတ်တို့ဆို ဒိုင်းဒိုင်းပြေးအလွတ်ရခဲ့တယ်ဗျ"

"ဟုတ် ... ငယ်စဉ်ကလေးဘဝမှာ ပညာသင်တာအမုန်ဆုံးပေါ့ဗျာ၊ ဒါနဲ့ တစ္ဆေခြောက်ပုံလေးက ... "

ဦးဇော်ဦး စကားလမ်းကြောင်းကောက်မှာစိုးလို့ မသိမသာလမ်းကြောင်း တည့်ပေးလိုက်မိသည်။

"ဇာတ်လမ်းက ဒီလိုဗျာရဲ့ ... ကျွန်တော်ဆယ့်နှစ်နှစ်သားလောက်လို့ထင် တာပဲဗျာ ... ကျွန်တော့်ဘကြီးဘုန်းကြီး သီတင်းသုံးတဲ့ရွာနဲ့ တစ်တိုင်(နှစ်မိုင်)ဝေးတဲ့ ရွာမှာ ကလေးမမွေးနိုင်လို့ မိန်းမတစ်ယောက်သေသွားတယ် ... ခြောက်လိုက်တာမှ မြုံမြုံကိုစင်နေတာပဲတဲ့ မသာရှင်တွေတောင် အခြောက်ခံရလို့ အလောင်းနားမကပ်ရဲဘူး တဲ့ ... ပရိတ်ရွတ်ဖို့ ဆရာတော်ဦးဝဏ္ဏသီရိ ညတွင်းချင်းသွားပင့်ကြပါဖြစ်လေရောဗျို့၊ ဦးဝဏ္ဏသီရိဆိုတာ ကျွန်တော့်ဘကြီးဘုန်းကြီးပါ၊ နှစ်မိုင်ဝေးတဲ့ရွာကနေ ကျွန်တော့်ဘကြီး ဘုန်းကြီးကို ဘာလို့ပင့်ရသလဲသိလား၊ အဲဒီရွာနီးချုပ်စပ်မှာ ဘုန်းကြီးကျောင်းဆိုလို့ ကျွန်တော့်ဘကြီးကျောင်းတစ်ကျောင်းသာ ရှိတာကိုး ... "

"ဪ ... ဒါဆို ဆရာတော်ဦးဝဏ္ဏသီရိချက်ချင်း ထလိုက်သွားပြီး ပရိတ်ရွတ်ပေးလိုက်မှာပေါ့ ... "

"မဟုတ်ဘူးဗျ ... ဖြစ်ချင်တော့ ဆရာတော်က အဲဒီနေ့ကမှ ကလေးကို အိုးလှူနေတယ် ... "



"ဟင် ... အားကိုးတကြီးနဲ့ လာပင့်တဲ့လူတွေတော့ မောရောနေမှာပဲ"

"အင်းပေ့ါ ... ဒါပေမယ့် ကျောင်းမှာရှိတဲ့ဦးဇင်းပျို့နှစ်ပါး ကိုရင်ကြီးလေး ပါးနဲ့ ကျွန်တော်ရှိတယ်လေဗျာ ... စုစုပေါင်း ခြောက်ပါးတစ်ယောက်ပေါ့ ... ကျွန်တော့် လို ကပ္ပိယတောင် ပရိတ်ကြီးကိုထုံးလိုချေ ရေလိုနှောက်နေမှတော့ ဘာပူစရာလိုသေး လဲဗျာ ... ကျောင်းကအကြီးဆုံးဦးဇင်းက "အကာကြီးတို့ ဘာမှစိတ်မပူနဲ့၊ အခုချက် ချင်းပဲ ကျုပ်တို့အားလုံး ကျောင်းတံခါးပိတ်ပြီး ပရိတ်လိုက်ရွတ်ပေးမယ် ... "ဆိုတဲ့ ပြီး အကုန်လုံးကောက်ခနဲ လိုက်သွားကြတာပေါ့ ... "

"အင်း ... ကောင်းတာယ်ဗျာ ... ဇာတ်ရှိန်တက်လာပြီ ... ဆက်ပါဦး ဦးဇော်ဦးရဲ့ ... "

"ဟုတ်တယ်ဗျို့ ... ကျွန်တော်တို့ မသာအိမ်ရောက်ပြီဆိုတာနဲ့ သရဲမကာ ပွဲကြမ်းတော့တာပဲ ... "

"ဟုတ်လား ... ဘယ်လိုကြမ်းတာလဲဗျ ... "

"မီးပိုချောင် ကျပ်ခိုးစင်ပေါ်မှာတင်ထားတဲ့ ထမင်းအိုးတွေရော၊ သံလုံး၊ သံပန်းကန်ပြားတွေရော၊ ရွှေဟောင်းအမွေအနှစ် ဒေါင်းလန်းကြီးရော၊ ပဲပြုတ်တဲ့မြေ အိုးတွေရော တစ်ခုမကျန် ပစ်ချတာဗျ ... "

"ကြောင်တို့၊ ခွေးတို့တက်တာများလားဗျာ ... "

"မတော်တရော်ဗျာ ... ကျုပ်အပါအဝင် ဦးဇင်းကိုရင်တွေနဲ့ အဲဒီရွာသား တွေထဲက သရဲမကြောက်ပါဘူးဆိုတဲ့ ယောက်ျားဆယ်ယောက်လောက် မီးဖိုချောင်ထဲ ဝင်ကြည့်တာပဲ ... ခွေးတစ်ကောင် ကြောင်တစ်မြီးမှ မရှိဘဲနဲ့ ကျပ်ခိုးစင်ပေါ်ရှိသည့် ပန်းကန်ခွက်ယောက်တွေ လေထဲဝဲခနဲ၊ ဝဲခနဲ လွင့်လွင့်လာပြီး ပြုတ်ကျနေတာဗျ"

"ဟာ ... တော်တော်ကြီးကို ကြမ်းတာပါလား ... ကျွန်တော်က သမုတ္တ

www.burmeseclassic.com

တွေ့သာရေးနေတာ … ဦးဇော်ဦးတို့လို လက်တွေ့မျက်တွေ့ သရဲအခြောက်မခံရဘူး တွေ့ရှုနည်းပဲဗျာ — "

"ဒီလောက်နဲ့ ဘယ်စာဖွဲ့လောက်ဦးမလဲ ဆရာရယ် … "

"ဘာတွေဆက်ဖြစ်သေးလဲဗျ … "

"ပရိတ်ရွတ်တယ်လေ … ပရိတ်ချည်၊ ပရိတ်သဲအတွက်က အလွယ်ရ သေးပေ့ … ပရိတ်ရေအတွက်တော့ ကြံရာမရ သောက်ရေအပြည့် ရေအိုးကြီးကြီးပဲ ရတယ် — အဲဒီရေအိုးကြီးကို မီးနေသည်မသာရဲ့အနားချ သံဃာခြောက်ပါးနဲ့ ကျွန်တော် ပရိတ်ချည်ကြိုးကိုင် စရွတ်တော့တာပဲ … "

"ဘာဆက်ဖြစ်သေးလဲ … "

"ဖြစ်ပါသော်ကောဗျာ … ပရိတ်ရွတ်လို့ မေတ္တာသုတ်တောင်မဆုံးသေးဘူး၊ အလောင်းခေါင်းရင်းနံရံမှာ ချိတ်ထားတဲ့ အောက်လင်းဓာတ်မီးကြီး ဝုတ်ခနဲမီးငြိမ်းသွား ပါလေရော … မကြောက်တတ်တဲ့ ကျွန်တော်တောင် ကြက်သီးတွေဖြန်းခနဲထလာတယ် ဗျို့ … တော်သေးတာပေါ့ … မီးကဘယ်သူမှ မထွန်းရဘဲ ပြန်လင်းလာလို့ … ပရိတ်ရွတ်လို့ပြီးခါနီးလည်းရောက်ရော … ကျုပ်တို့အလယ်မှာထားတဲ့ ပရိတ်အိုးကြီး ဂွမ်းခနဲ ထကွဲရောဗျာ … ကျုပ် ပရိတ်အိုးကွဲကြီးကိုကြည့်နေတုန်း ကြံကြံဖန်ဖန်ဗျာ … တောဝင်နေတဲ့ကြောင်နက်ကြီး ဘယ်ကဘယ်လိုပေါက်ချလာတယ် မသိဘူး … ကျုပ်နား ကပ်လာလို့ ကျုပ်လက်တစ်ဖက်ရမ်းပြီး ခြောက်လိုက်မိပါတယ် … ငါးပါးမဟုတ်ဘူး သယာစင်ပါမှောက်ပါလေရော ဆရာရေ … "

"ဟုတ်လား … ဘာဖြစ်လို့လဲ … "

"အဲဒီတောကြောင်နက်ကြီး လန့်ပြီးခုန်လိုက်တာဗျာ … ခုန်စရာနေရာရှား လို့ … မီးနေသည်အလောင်းရဲ့မျက်နှာပေါ် တည့်တည့်ကိုခုန်တယ်ဗျို့ … အဲဒီမှာ တင် ဘာပြောကောင်းမလဲ မီးနေသည်အလောင်းကောင်ကြီးက ကြောင်နက်ကြီးကို



ဖောင်းခနဲလက်ပြန်ရိုက်ထည့်လိုက်ပြီး ဝုန်းခနဲချက်ချင်းထထိုင်လိုက်တာ ရှိရှိသမျှ လူတွေ ငယ်သံပါအောင်အော်၊ လွင့်နေအောင်ပြေးကြတော့တာပါပဲ … ကျုပ်မျက်စိထဲ ခုထိ ပြူးအစ်ရုထွက်နေတဲ့ မီးနေသည်မသာရဲ့ ဇောမျက်လုံးကြီးနှစ်လုံး မြင်ယောင်နေတုန်း ပါပဲ … ဆရာ ဗွားလောက်ကြီးရယ် … "

ဦးဇော်ဦးပြောသော စကားကြောင့် သရဲဝတ္ထုရေးစာရေးဆရာဖြစ်သော ကျွန်တော်ပင်လျှင် ခေါင်းနပန်းတွေကြီးသွားရ၏။

ဦးဇော်ဦး ဘယ်အချိန်ပုန်းချသွားမှန်း မသိအောင် ကျွန်တော်မှင်သက်မိ နေတော့သည်။

ဇာတ်လမ်းကောင်းတစ်ပုဒ်ရလို့လည်း ကျေနပ်မှုခံစားချက် ရင်မှာဖြစ်လာ ၏။

အနည်းငယ်တော့ ပြုပြင်ရေးမှဖြစ်မည်။

ကျပ်ခိုးစင်ပေါ်မှ အိုးခွက်ပန်းကန်တွေ လွင့်လာပုံက ပုဏ္ဏားကတိုက်သလို မျိုးဖြစ်နေသည်။

ပရိတ်ရေအိုးကွဲတာကတော့ သုတ်သီးသုတ်ပျာနဲ့ အချမှာ အက်ကြောင်း ဖြစ်နိုင်သည်။

အလောင်းရဲ့မျက်နှာပေါ် ကြောင်ကျတာကလည်း အကြောလန့်ပြီး လက်ပြန် ရိုက်တာမျိုး ထထိုင်တာမျိုး ဖြစ်စရာအကြောင်းရှိသည်။ ဖြစ်တောင့်ဖြစ်ခဲပေမယ့် ဖြစ် တတ်၏။

ဘာပဲဖြစ်ဖြစ် မီးနေသည်မသာနဲ့ ပတ်သက်သော အတွေးပုံရိပ်များ ကျွန်တော့် အာရုံမှာစွဲထင်နေတော့သည်။

★★★

www.burmeseclassic.com

www.burmeseclassic.com





တူ ...

"ဟုတ်ကဲ့ ... ဗွားလောက်ကြီးပြောနေပါတယ် ..."

"ဆရာလား ... အယ် ... တွေ့မှတွေ့ပါ့မလားလို့ စိတ်ပူလိုက်ရတာ အခုမှပဲ အပူလုံးကြီး ကျသွားတော့တယ် ... ဆရာ ... ပထမဆုံး ကျွန်မကိုယ်ကျွန်မ မိတ်ဆက်ပေးပါရစေနော် ... ကျွန်မနာမည် "နော်သင်းပုံ့" ... "

"နော် သင်း ပုံ့ ... "

"နာမည်က ဆန်းတယ်လို့ ဆရာထင်နေမှာပဲ ... "

"ဟုတ်ကဲ့ ... နာမည်လေးက တစ်မျိုးလေးလာလို့ ... "

"ဒီလိုပါဆရာ ... ကျွန်မအဖေက ဗမာ၊ အမေက ကရင်ပါ၊ ကျွန်မကျတော့ ဗမာ/ကရင်ပေါ့နော်၊ အဲဒါကြောင့် အဖေ့ရဲ့ဗမာအငွေ့အသက်လည်းပါ၊ အမေရဲ့ကရင်အငွေ့အသက်လည်းပါအောင် "နော်သင်းပုံ့" ဆိုပြီး မှည့်ထားတာလို့ အမိုးပြောဖူးတယ်ဆရာ ... ကိုးကွယ်တဲ့ဘာသာက လွန်ခဲ့တဲ့တစ်နှစ်အထိ အဖေ့ရဲ့ ဗုဒ္ဓဘာသာလည်းကိုးကွယ် ... အမေ့ရဲ့ခရစ်ယာန်ဘာသာလည်း ကိုးကွယ်ခဲ့တယ်ဆရာ"

"လွန်ခဲ့တဲ့တစ်နှစ်အထိ မိဘနှစ်ပါးရဲ့ ဘာသာနှစ်မျိုးလုံး ကိုးကွယ်ခဲ့တယ်



ဆိုတော့ ... နော်သင်းပုံ့က အခုဘယ်ဘာသာကို ကိုးကွယ်လိုက်လို့လဲ"

"ဆရာက ကျွန်မစကားကို အာရုံစိုက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင် ... အခု အမေနဲ့ကျွန်မတင်မကဘူး ... ကျွန်မတို့ကရင်ရွာလေး တစ်ရွာလုံး ဗုဒ္ဓဘာသာစစ်စစ်၊ ထေရဝါဒဗုဒ္ဓ ဘာသာစစ်စစ်ဖြစ်သွားပြီ ဆရာ ... "

"ဩော် ... ဟုတ်လား ... ဘယ်လိုဖြစ်လို့လဲ ... ထေရဝါဒ သာသနာပြု ဆရာတော် တစ်ပါးပါးကြောင့်လား ... "

"မဟုတ်ဘူး ဆရာရေ ... ကျွန်မတို့အိမ်မှာ ဘုန်းကြီးငါးပါးသွမ်း သင်္ကန်းကပ်ပြီး ပရိတ်တော်တွေ၊ ကမ္မဝါတော်တွေရဲ့ တန်ခိုးကြောင့်ပါဆရာ ... ဖြစ်ပုံက ဒီလိုပါ ... "

" ... "

"အခု အိမ်က ကျွန်မတို့အရင်အိမ်မဟုတ်ဘူး ... အရင်အိမ်လေးက သေးလည်းသေးတယ်၊ ခြံလည်းကျဉ်းတယ် ... ရွာလယ်တော့ကျတာပေါ့ဆရာ ... အဖေရော အမေရောက အိမ်ကြီးကြီးနဲ့နေချင်တယ် ... ကိုယ့်ဝင်းခြံကျယ်ကျယ်ထဲမှာ သီးပင်၊ စားပင်၊ ဆေးပင်၊ ပန်းပင်တွေ အများကြီးစိမ်းလန်းစိုပြေဝေဆာနေအောင် စိုက်ချင်ကြတာ ... အခု ကျွန်မတို့နေနေတဲ့ ခြံကို အဖေကသဘောကျနေတာကြာပြီ အမိုးကိုနားချလို့ မရလို့ ... "

"အမိုးက သဘောမကျလို့လား ... "

"ဘယ်သဘောကျမလဲ ဆရာရယ် ... နာမည်ကျော်ခြံကြီးဟုတ်တာ"

"နာမည်ဆိုးနဲ့ ကျော်ကြားတယ်ပေါ့ ... "

"ဆိုးတာတော့ မပြောနဲ့တော့ဆရာရေ ... နေဝင်ရင်လူမ[illegible] ခွေးတွေကြောင်တွေတောင် အနားမသီရဲဘူး ... "

"ဟုတ်လား ... အိမ်ရှင်က တစ်ရွာလုံးနဲ့မတည့်တဲ့ ဘာ[illegible]လန်၊ လူ[illegible]

www.burmeseclassic.com

www.burmeseclassic.com

ရှာဖို့သူ့မှာကြီးထင်တယ် … "

"မဟုတ်ဘူးဆရာ … အဲဒီအိမ်ကြီးမှာ လူမနေတာ နှစ်ပေါင်းသုံးဆယ်ကျော်ပြီ …"

"ဗျာ … နှစ်ပေါင်းသုံးဆယ်တောင်ကျော်ပြီ … "

"ဟုတ်တယ်ဆရာ … လူမနေတော့ဘူး … တစ္ဆေတွေပဲနေကြတယ် … တစ္ဆေတွေဆိုတာလည်း တခြားနေရာကလာတဲ့ တစ္ဆေတွေမဟုတ်ပါဘူး … အဲဒီအိမ်ကြီးက လူတွေ သေပြီး မကျွတ်ကြတာ … "

"ဇာတ်လမ်းလေးက စိတ်ဝင်စားစရာပဲ … "

"စိတ်ဝင်စားတယ်ဆိုလို့ ပြောရတာအားတက်လာပြီ … ဟုတ်တယ်ဆရာ အဲဒီမိသားစုရဲ့ ရာဇဝင်ကို ကျွန်မတို့တစ်ရွာလုံးသိကြပါတယ် … သေပြီးတစ္ဆေဘဝနဲ့ ခြောက်လှန့်လို့သာ ရွာကလူတွေကြောက်ကြတာ … သူတို့မိသားစုရဲ့ အဖြစ်အပျက်ကို သိကြ၊ မြင်ကြတဲ့လူအားလုံး သနားလှန်းလို့ စုတ်တသပ်သပ်နဲ့ပါ ဆရာ … "

"ဟုတ်လား … ဘယ်လိုအကြောင်းမျိုးလဲ သိချင်လိုက်တာဗျာ … "

"အဲဒီမိသားစုက အိမ်ကြီးရှိုင်းဆောက်ပြီး မြေကွယ်ကြီးနဲ့နေပေမယ့် မိသားစုဝင် သုံးယောက်တည်းတဲ့ဆရာ … လင်မယားနှစ်ယောက်မှာ တစ်ဦးတည်းသောသမီးလေးပဲ ရှိတာ … အဲဒီသမီးလေးက ဖြူနုပြီး အရမ်းချော အရမ်းချစ်စရာကောင်းသတဲ့၊ ကလေးမလေး အပျိုဖော်ဝင်စ ဆယ့်လေးနှစ်လောက်မှာ အဲဒီမိသားစုကြီးပျက်ဆီးရော မှန်တိုင်းရောဝင်တော့တာပဲ … ရွာကို သူပုန်တွေလာသောင်းကျန်းတာ ဘယ်လေ … ငွေရှိငွေ၊ ရွှေရှိရွှေ၊ ဆန်ရှိဆန်၊ ဆီရှိဆီ၊ ကြက်ရှိကြက်၊ ဝက်ရှိဝက်၊ တစ်ရွာလုံးရှိရှိသမျှ သိမ်းကြုံးယူ ရမ်းကားသတဲ့ … အခု ကျွန်မပြောတဲ့ မိသားစုဆီလည်းရောက်ရော ရွှေငွေဥစ္စာ စားနပ်ရိက္ခာတင်မကဘူး လူမဆန်တာလုပ်တော့တာပဲဆရာ … "

ပြောရင်းက နော်သင်းပျို့ အသံလေးဒေါသနဲ့ တုန်လာသည်။



"ခွေးထက်တောင် မိုက်ရိုင်းတဲ့လူတွေပဲ ဆရာ … ၊ အဖေအမေကို ကြိုးတုပ်ပြီး ဆယ့်လေးနှစ်သမီးလေးကို သူပုန်တစ်ဖွဲ့လုံး ခွေးကျင့်ခွေးကြံ ကြံလိုက်ကြတယ် … "

"တောက် … ပက်စက်လွန်းပါတယ်ဗျာ … မကြားဝံ့ မနာပဲ … ဒီလို လူတွေ အရှင်လတ်လတ် တစ်စို့ထိုးပြီး ရဲပြည်ပို့ရမှာ … "

"ဟုတ်ပါ့ဆရာရယ် … သူပုန်အဖွဲ့ပြန်သွားတဲ့အခါညမှာပဲ မိသားစုသုံးယောက် စလုံး အင်အရင်းအဆိပ်ပြုံင်တူသောက်ပြီး အရှက်နောက်၊ အသက်ပျောက်ကုန်ကြတော့ တာပါပဲ … "

"ရင်နာစရာကြီးဗျာ … "

"အဲဒီနေ့ကစ နှစ်သုံးဆယ်ကျော်တဲ့အထိ တစ်ရက်မခြားတစ္ဆေခြောက်တယ်"

"အင်းပေါ့လေ … သူတို့ခမြာ နာကြည်းစိတ်နဲ့ စွဲလမ်းနေတာကိုး"

"ဟုတ်တယ်ဆရာ … တစ္ဆေမိသားစုကို ကျွန်မတို့တစ်ရွာလုံး မမြင်ဖူးဘူး ဆိုတဲ့ လူမရှိဘူး … ကျွန်မတောင် အဲဒီတစ္ဆေမလေးကို မြင်ဖူးသေးတယ် … တစ္ဆေ သာပြောတယ် ငေးကြည့်လောက်အောင်ကို လှတာဆရာ … "

"ညဘက်မှ မြင်တာလား … "

"ဟုတ်ကဲ့ … ဆရာ။ ညဆိုတံခါးတွေအကုန်ပွင့်၊ မီးတွေထိန်နေအောင်လင်း ရောဆိုတော့ နေ့ခင်းလိုကိုမြင်ရတာ … တစ္ဆေတွေက စည်းတော့ရှိတယ် … သူ့အိမ် သူ့ခြံထဲကလွဲပြီး ဘယ်မှမသွားဘူး … "

"အဲလို အိမ်မျိုး နော်သင်းပျို့တို့ ဘာလို့ဝယ်တာလဲ … "

"အဖေငွဲသန်လို့လေ … အဖေက သူကိုယ်တိုင်လည်း အဲဒီတစ္ဆေ[illegible] အခြောက်ခံဖူးသားနဲ့ ငွတ်ဝယ်တယ်ဆရာ … အမေနဲ့ ကျွန်မဆို တပိုပို [illegible] တားပါတယ်၊ တစ်ရွာလုံးကလည်း မဝယ်ဖို့ဖျက်ကြပါတယ် … [illegible]ပေမယ့် မရဘူး

www.burmeseclassic.com

www.burmeseclassic.com

အသေအချာပြောလဲသိလား ... ငါတို့ ဗုဒ္ဓဘာသာမှာ တစ္ဆေသရဲမပြောနဲ့ ဘီလူး သူသတ် နှုတ်ဆိုး မိစ္ဆာ၊ နဂါးဆိုး၊ ဂဠုန်ဆိုးတွေကိုတောင် မနှိပ်စက်နိုင်အောင် အစွမ်းထက်တဲ့ တရားတော်ရှိတယ်ဆိုပြီး ဝယ်တော့တာပါပဲ ... "

"ဝယ်တယ်ဆိုမှ သတိရတယ် ... ဘယ်သူ့ဆီက ဝယ်တာလဲ"

"အဲဒီမိသားစုရဲ့ အဆက်အနွယ်ထဲက နောက်ဆုံးပိုင်ဆိုင်ခွင့်ရှိတဲ့ ကရင်ကြီး တစ်ယောက်ပါပဲ၊ ကျွန်မတို့ရွာသားပါပဲ၊ ကရင်ကြီးကလည်း နေ့ခင်းဘက်မှာ အိမ်ကြီးထဲဝင် ပေါင်းမြက်ရှင်းပါတယ်၊ ဒါပေမယ့် ညနေလေးနာရီကျော်အောင်တော့ မနေရဲဘူး၊ အိမ်တံခါး ပိတ်၊ ခြံတံခါးပိတ်ပြီး အတင်းပြန်ပြေးတာပါ ... ဘာပဲဖြစ်ဖြစ် ဒီအိမ်ကောင်း ခြံကျယ် ကြီး ကျွန်မတို့ပိုင်ဆိုင်ဖို့ ကံပါလာလို့ဖြစ်မှာပေါ့ ... "

"နော်သင်းပျံ့တို့မိသားစုကိုတော့ တစ္ဆေတွေက မခြောက်ဘူးလား"


"သူတို့အားလုံး တစ္ဆေဘဝက ကျွတ်သွားပါပြီဆရာ၊ ဟုတ်တယ်ဆရာ သီလ၊ သမာဓိ၊ ပညာနဲ့ပြည့်စုံတဲ့ ဆရာတော်ကြီးငါးပါးကို မရရအောင် ပင့်လျှောက် ပြီး အဲဒီတစ္ဆေတွေကို အပေကိုယ်တိုင် ပြုသမျှ ကုသိုလ်အဖို့ဘာဂအားလုံး အမျှ အတန်းပေးဝေလိုက်တာ သူတို့တွေကောင်းရာသုဂတိလားသွားကြပါပြီဆရာ ... အဲဒီ ကတည်းက ဗုဒ္ဓဘာသာတရားတော်ရဲ့အစွမ်းကို မျက်ဝါးထင်ထင်တွေ့သွားတဲ့ ကျွန်မတို့ တစ်ရွာလုံး ထေရဝါဒဗုဒ္ဓဘာသာဝင်တွေ ဖြစ်သွားကြတယ် ... အဲဒီအကြောင်း ဆရာ ဝိတ်ဖြစ်နိုင်အောင်လို့ ကျွန်မဖုန်းဆက်တာပါနော် ... ဒါပါပဲ ဆရာ ...

သာဓု ... သာဓု ... သာဓု

နော်သင်းပျံ့ ဖုန်းချသွားတဲ့အထိ ကျွန်တော့်မှာ သာဓုခေါ်၍ မဆုံးတော့ပေ။

★★★







တူ ...

တူ ...

တူ ...

ရေးလက်စဇာတ်လမ်းလေး အရှိန်မြင့်နေခိုက်မို့ ဖုန်းခေါ်သံသုံးခါတိတိ ပြီးမှ ပြန်ထူးလိုက်၏။

"ဟဲလို ... အမိန့်ရှိပါခင်ဗျာ ... "

"ဟုတ်ပြီ ... ဒါ စာရေးဆရာဖွားလောက်ကြီးပဲ၊ သေချာသဗျာ ... သံပုတီး ဘိုးသံသီးပြောသမျှ လွဲခဲ့ရင် ရာဇဝင်ရိုင်းသွားမှာပေါ့ ... ဝိဥာဉ်ရှစ်သောင်း ဆရာအပေါင်း၊ ရသေ့ရှစ်သောင်း ဆရာအပေါင်း၊ အရှင်ထွက်၊ ထွက်ရပ်လမ်းလိုက်ခဲ့ တဲ့ ထွက်ရပ်ပေါက်အပေါင်း၊ ကျုပ်အကြောင်း အသိသားကလားမောင် စာရေးဆရာ ရယ် ... အဟွန်း ... အဟွန်း ... "

"ဟောဗျာ" ... လို့သာ အသံတိတ်အော်လိုက်မိပါ၏၊ ဟုတ်တယ်လေ ဖွားလောက်ကြီး တစ်ယောက်တည်းကိုင်တဲ့ဖုန်းကို အသေအချာဆက်ပြီး ထွက်ရပ်ပေါက် ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီ အယောင်ဆောင် ခပ်ပေါက်ပေါက် အဘိုးကြီးပေါက်ဖြ

www.burmeseclassic.com

www.burmeseclassic.com



တွယ်ရုပ်ပေါက်တော့ လုံးလုံးမဖြစ်နိုင် စိတ်တွေ ရှုပ်ထွေးနောက်ကျိသွားရ၏။

"မော်စာရေးဆရာက ဂန္ထဝင်စာရေးဆရာ၊ သူ့ရဲ့ တဆွေ ဗြိတ္တ၊ အသူရကာယ် နေမြေ ဝတ်၊ ဘီလူး အာဋာဝကတွေအကြောင်း ဝတ္ထုဖွဲ့ရေးသဆို ... ဟုတ်စ"

"အင်း ... ဟုတ်စ ... ဟုတ်စ"

နည်းနည်းတင်စီးသည်ထင်၍ တမင်တကာအရွဲ့တိုက်ပြီး ဟုတ်စလုပ်ထည့်လိုက်သည်။ ပြီးမှ စာရေးဆရာတန်မဲ့ ငါတော်တော်ရိုင်းတာပဲလို့ သင်ခြင်မိ၏။

ကျွန်တော် ဘယ်လိုရိုင်းရိုင်း သံပုတီးဘိုးသံသီးကတော့ လေသံဟန်ပန်၊ လေသံနိမ့်မြင့် မပြောင်းမလဲ၊ ပြောမြဲတိုင်းပြောနေပါ၏။

"သံပုတီး၊ ဘိုးသံသီးဆိုတဲ့ဘွဲ့၊ လွယ်လွယ်ရခဲ့တာမဟုတ်ဘူး၊ နှစ်ငါးဆယ်တိတိ ကျုပ်ရဲ့လက်ဆွဲတော် သံပုတီးနဲ့ (၇)ရက်သားသမီးတွေကို ကူညီခဲ့တာ၊ ကျုပ်သံပုတီးက ဆေးပုတီးလည်းဟုတ်၊ အေးပုတီးလည်းဟုတ်၊ သူဌေးပုတီးလည်းဟုတ်၊ ဝေနေယျသတ္တဝါတွေရဲ့ အကျိုးအပေါင်းဆောင်နိုင်တယ် စာရေးဆရာရဲ့ ... ဒီပုတီးရပုံရနည်းက နည်းနည်းနောနော ကျင့်စဉ်တွေနဲ့ ပြတ်သန်းရတာမဟုတ်ဘူး ... ပုတီးအမျိုးပေါင်း တစ်ထောင့်တစ်ရာရှစ်မျိုးပြောင်းစိတ်ပြီးမှ မဟာမြိုင်တောစပ်က စည်ဒုံးချောင်းထဲမှာ အထက်ပုဂ္ဂိုလ်တွေရဲ့ ညွှန်ကြားချက်နဲ့ ပုတီးစိပ်တန်း ကျုပ်လည်ပင်းကို ပုဂ္ဂိုလ်တွေက သံပုတီးလာစွပ်ပေးသွားတာဗျို့ ... မယုံမရှိနဲ့ ကိုးတိုင်း၊ ကိုးမြို့၊ ကိုးရွာ၊ ကိုးသင်္ချိုင်းလည်း ပုဂ္ဂိုလ်တွေ ညွှန်ကြားရင်သွားရတယ်၊ သူတို့ ညွှန်ကြားတဲ့ ပုတီးစိပ်ရတယ်၊ ကျုပ်ပြောချင်တာ ဒီသံပုတီးရတဲ့နေ့က ထူးခြားလွန်းလို့ပါ၊ ပုတီးထိုင်တာဘာမှမကြာသေးဘူး နားထဲမှာအောင်စည်အောင်မောင်း သံတွေကြားရတယ်ဗျို့ ... ကျုပ်က ပုတီးသမားအစစ်၊ မျက်လုံးမှင့်မှင့်၊ မျက်လုံးမှိတ်မှိတ် သမာဓိကခိုင်ပြီးသား၊ ကိုယ့်ကိုယ်ကိုယ်လည်း သိလို့၊ ယုံလို့လက်က ပုတီးစိပ်မပျက် မျက်လုံးဖွင့်ကြည့်လိုက်တာပေါ့ ... အလားဟား မဟာမြိုင်တောထဲက ပုဂ္ဂိုလ်တွေ ပျော်ပွဲရွှင်ပွဲ ကျင်းပနေ



တာကိုး ... အလယ်မှာ စည်ကြီးတစ်လုံးနဲ့ မောင်းကြီးတစ်လုံးချထားတယ် ... သူတို့က တစ်ယောက်ပြီးတစ်ယောက် အလှည့်ကျတန်းစီပြီး စည်မောင်းတီးနေတာကလား စည်မောင်းတီးတယ်သာဆိုရတယ် တကယ်တန်းကျတော့ သူတို့မှာ တီးစရာလက်မပါကြဘူး၊ ရွှံ့တုံး ရွှံ့လုံးကြီးတွေလိုပဲ လှုပ်စိလှုပ်စိနဲ့ သွားလာနေကြတာ ... တချို့မိန်းမတွေပါတယ် ... သားသယ်မအေတွေဆို သူ့ကလေးကို ခါးပေါ်တင်ထားတော့ အတက်ထွက်နေတဲ့ ထူးထူးဆန်းဆန်း ရွှံ့တုံးလိုဖြစ်နေတာဗျို့ ... သူတို့အောင်စည်အောင်မောင်းတီးတာ ဘယ်စည်တီးတဲ့ထုံးနဲ့မှ မဟုတ်ဘူး ... သူတို့ခေါင်းနဲ့ ဆောင့်ဆောင့်တိုက်ကြတာ ... ပြီးရင် ပျော်ကြလွန်းလို့ ခုန်ဆွ ခုန်ဆွကို ဖြစ်နေကြလေရဲ့ဗျာ ... တကယ်တော့ ကျုပ်ကို သူတို့ရဲ့အကြီးအကဲ ပုဂ္ဂိုလ်ကလာခဲ့ဖို့ ညွှန်ကြားလို့ရောက်ရတာ ... ခုတာလောက်နေတော့ အဲဒီထဲက နှစ်ယောက်ကျုပ်ဆီ ခုန်ဆွခုန်ဆွနဲ့ လျှောက်လာကြတဲ့ပြီး သူတို့နှစ်ယောက်အနက်က တစ်ယောက်က ဘုလုံးလေးလိုဖြစ်နေတဲ့ သူ့လက်မှာချိတ်ထားတဲ့ သံပုတီးကြီး ကျုပ်လည်ပင်းပြောင်းချိတ်လိုက်တယ် ... သူတို့နှစ်ယောက်လည်းပျောက်ရော အောင်စည်အောင်မောင်းသံတွေလည်းပျောက်ရော ကျုပ်သံပုတီးစိပ်လို့လည်း ပြီးတော့တာပဲ ... အဲဒီ ဒီသံပုတီးရခဲ့တဲ့ ဂန္ထာရီအဖြစ်အပျက်ပဲ ... နောက်ကြုံရင်ကြုံသလို ဗေဒလောကအကြောင်း ဂန္ထာရီအကြောင်းပြောမယ် အခုတော့ တော်သေးပြီဗျို့ ..."


ဟုဆိုကာ သံပုတီးဘိုးသံသီး ဗုန်းချသွားပါ၏။

★★★

www.burmeseclassic.com

www.burmeseclassic.com





မနက်ဆယ်နာရီလောက်က ဈေးဘက်ခဏရောက်တော့ လက်ဖက်ရည်ဆိုင်ထဲမှ အကြော်ဆရာ "ငက်"ငှက်အတင်းလှမ်းခေါ်၍ အားနာလွန်းစိတ်အခံရှိသော ကျွန်တော် ဆိုင်ထဲဝင်လိုက်ရ၏။ အီကြာကွေးတွေ မုန့်တွေ လက်ဖက်ရည်တွေ လက်ရာ ညံ့မှန်းသိသိကြီးနဲ့ မှာလိုက်စားလိုက်ရသည်။ ဒီဆိုင်ကဆိုင်ရှင်အစ်မကြီးကတော့ ကိုယ့်ကို တလေးတစား ဆက်ဆံရှာပါသည်။ ခက်တာက ငက်ကအနားမှာကပ်ထိုင်နေတော့ သူ့ပါးစပ်ကအနံ့ဆိုးကြီးကို သည်းမခံနိုင်ဖြစ်ရ၏။ မျက်နှာလွှဲပြီး ခေါင်းညိတ်ပြောနေရသည်။

ဒီကောင်လေးက ဆယ်တန်းအထိ စာသင်ဖူးတယ်ဆိုပေမယ့် ကျွန်တော့်အထင်တော့ ငါးတန်းတောင်မရောက်လိုက်ဘူးထင်သည်။ ပြောတဲ့စကားတွေက အိုနင်းခွက်နင်း၊ အပြောအဆို အနေအထိုင် ဖွာလောင်ဖွာလောင်၊ ရမ်းရမ်းကားကား လူတန်းစား လမ်းဘေးဘောလုံးကန်၊ လမ်းသွားရင်အရှက်မရှိ သီချင်းအကျယ်ကြီးအော်ဆို၊ ဂိမ်းဆိုင်ထိုင်၊ သူရင်းနှီးသမျှ ဆိုက္ကားဂိတ်၊ ကွမ်းယာဆိုင်တွေမှာ ဂစ်တာတီး အသံပြဲနဲ့ သီးချင်းဟဲလေ့ရှိသူဖြစ်သည်။ သူ့ကြောင့် ပတ်ဝန်းကျင် ကိုယ်အနှောင့်အယှက် စိတ်အနှောင့်အယှက်ဖြစ်မှာ နည်းနည်းလေးမှ ဝန်မလေးတတ်၊ မိန်းကလေးမြင်သမျှ ကြီးကြီးငယ်ငယ် ပျိုပျိုအိုအိုမရှောင်။ လင်ရှိမယား မုဆိုးမတစ်လင်ကွာ နှစ်လင်ကွာ တွေ့သို သူ့စားကျက်။



သူ့နာမည်အရင်းကိုတော့ မသိ။ "ငက်"လို့နာမည်တွင်ခေါ်ရခြင်းကတော့ ဒီကောင်လေးက ဉာဏ်ရည်နိမ့်တဲ့လူပီပီ ခေါင်းအရမ်းကြီးသည်။ ကိုယ်လုံးကတော့ ဆိပ်ကမ်းကူလီလိုခပ်တုတ်တုတ်၊ မျက်နှာကလူတစ်ယောက်မျက်နှာမျိုးမဟုတ် ငက်တစ်ကောင် မျက်နှာမျိုးဖြစ်သည်။ သေသေချာချာကြည့်လေ ငက်တစ်ကောင်နဲ့တူလေ ရုပ်ဆိုးလွန်း၍ ကျွန်တော် သူ့မျက်နှာကို ကြာကြာမကြည့်ရဲပါ။ ဒါကြောင့် သူ့ကို "ငက်"လို့ ခေါ်ကြတာဖြစ်သည်။ ရုပ်သာဆိုးတာ အပေါင်းအသင်းကတော့ပေါသည်။ သူ့လို အပေ အတေ၊ ဟေလားဝါးလား၊ ဓာတ်တိုင်သေးပန်းအုပ်စုပဲဖြစ်၏။ လက်ဖက်ရည်ဆိုင်ရှင် အစ်မကြီးကတော့ ပြောဖူးသည် "ငက်"မုန့်လုပ်တာ လက်ရာညံ့ပေမယ့် ဖင်ပေါ့ တယ်၊ ဆိုင်သန့်ရှင်းရေးဆိုလည်း ကောက်လုပ်လိုက်တာပဲ ... စားပွဲထိုးအလုပ်လည်း ကောက်ဝင်လိုက်တာပဲ ... ဒီလောက်ဆို မဆိုးပါဘူး ... ဈေးနှုန်းချိုချိုပဲပေးရတာ ကျွန်ခပ်ညံ့ညံ့ပဲရမှာပေါ့ဟု လူတန်းစားစကားဆိုဖူးသည်။

"ဆရာက စာရေးဆရာဆိုတော့ ကျွန်တော်နဲ့ ကျွန်တော့်ကောင်မလေး အကြောင်း ဝတ္ထုရေးပေးပါလား ဆရာ ... ကျွန်တော့်ကောင်မလေးက ဆရာတို့ လမ်းထဲက တိုင်းရင်းသူလေးလေ ..."

ကျွန်တော်သူပြောတဲ့ကောင်မလေးကို သိပါသည်။ ကောင်မလေးက မျိုးကောင်းရိုးကောင်း ပညာရေးဆယ်တန်းကျော် အသင့်အတင့်ရှိသည်။ နိုင်ငံခြားထွက်အလုပ်လုပ်ဖို့စီစဉ်ထားသည်။ အရည်အချင်း၊ အဆင့်အတန်းရှိပါ၏။ သို့သော် လက်ဖွားခါ ပြဲချရလောက်အောင် မျက်နှာနောက်သည်။ ယောက်ျားဆိုရင် လာထားလုံးဝမရှောင် နိုင်ဆိုတဲ့ လူမျိုး၊ ရုပ်ကွက်ထဲက ကလေးငါးယောက်အမေ တစ်ခုလပ်မိန်းမနဲ့ ရုံသိ ရှာသိဖြစ်လို့ ဘယ်သူမှ မသုံးတဲ့အရက်သမားကောင်လေးကိုလည်း လိုက်ငမ်းသည်။ မိန်းမရှိတဲ့ လမ်းလူကြီးပြုတ် လူ့အရှုပ်အထုပ်ကိုလည်း သူက အီစီကလီလုပ်သည်။ လမ်း သွားလမ်းလာတွေနဲ့လည်း ဒီလိုပဲ။ သူ့အိမ်ရှေ့မှာရော အိမ်ထဲမှာရော အိမ်ခြံ ...

www.burmeseclassic.com

www.burmeseclassic.com



ရော ယောကျ်ားလေးတွေနဲ့ ပလူးပလဲ ဖင်ပုတ် ခေါင်းပုတ် ပရောပရိနေသူဖြစ်သည်။

ဒီ "ဝက်"က သူ့မအိမ်နားက ကွမ်းယာဆိုင်မှာ အော်ကြီးကျယ်ကျယ်လာတက် အီချွင်အာခိုနေတတ်သို့၊ ညနေဘက်ကွမ်းယာဆိုင်ရှေ့ ကတ္တရာလမ်းပေါ် ဘောလုံးကန်၊ ထောင် မလေးက လှလုံးတာပြပြ၊ ညနေပိုင်းဒီကောင်တွေ ဘောလုံးကန်ပြီးချိန်လောက် အဝတ်လျှော်ဆိုင်သို့ ကောင်မလေး သွားထိုင်တတ်သည်။ အဝတ်လျှော်ဆိုင်မှာ သူတို့အတွက် ဈေးရောင်းရတာမှမဟုတ်ဘူး။ လူတကာနဲ့စာပေးစာယူလုပ်မယ်၊ ဖုန်းပြောမယ် လစ်ရင်အညှို အပေါက်တွေထိုင်ကြည့်။ ကိုယ့်အတွက် ဘာမှအကျိုးမဖြစ်တာတွေပဲ စိတ်ဝင်စား၏။

ဒီတော့ ဝက်လိုကောင်နဲ့ တွေ့ကြပြီပေါ့။ ရည်းစားစကားပြော၊ အဖြေ တောင်းတော့ လူသွား လူလာ လမ်းမကြီးပေါ်မှာ "ဝက်"က ငွတ်အတင်းဆွဲပွေ့ဖက် နမ်းပြီး အဖြေတောင်းသည်ဆို၏။ နောက်တော့ အတွေ့အပေါက်၊ ယောကျ်ားမက်တဲ့ မိန်းမက တစ်ရပ်ကွက်လုံးသဲပြုတ်သည်ကတောင် ပြန်မကြိုက်တဲ့မောင်ရွှေဝက်ကို ပြန် ကြိုက်လိုက်တာပါပဲ။ ည (၇)နာရီက ည(၉)နာရီ (၁၀)နာရီအထိ "ဝက်"စက်ဘီး နောက်လိုက်ပြီး ပထမတော့မောင်ရိပ်ခိုတဲ့ အဆင့်၊ နောက်တည်းခိုခန်းရောက်တဲ့အဆင့် "ဝက်"သူငယ်ချင်းရဲ့ လူမနေတဲ့အိမ်ခန်းအောင်းတဲ့ အဆင့်ရောက်သွားတယ်။

"မင့်ဇာတ်လမ်းကြီး ငါသိပါတယ် ... စာဖတ်မရှိသတ်အတွက် ကောင်းတာ တစ်ခုမှမပါဘဲ မင်းတို့နှစ်ယောက်စရိုက်ကို ငါဘယ်လိုသိကွာနဲ့ ချပြရမှာလဲ "ဝက်" ရာ အေးအေးနေစမ်းပါ ... "

ဟု ခပ်ငေါက်ငေါက်လေးဆိုလိုက်မှ ဒီကောင်လေးငြိမ်သွား၏။

ကျွန်တော် "ဝက်"အကြောင်း တွေးနေသဲ ဖုန်းဝင်လာ၏။

"ဟူ ... "

"နာရီကြည့်တော့ ညဆယ်နာရီ"

"ဟုတ်ကဲ့ ... ပြောပါခင်ဗျာ"

"ဆရာ ကျွန်တော် ဝက်ပါ ... "

သူ့အသံက တုန်တုန်ခါခါဖြစ်သည်။

"ပြော ... အခု ဘယ်ကဆက်နေတာလဲ"

"ရုပ်ရှင်ရုံရှေ့က ... "

"ဟာ ရုပ်ရှင်ရုံရှေ့ ဗြောသိပြီ မင်းကောင်မလေးနဲ့ ချိန်းတွေ့နေတာပေါ့"

လူသူမရှိ ရုပ်ရှင်မပြတဲ့ ကျွန်တော်တို့မြို့သစ်ရဲ့ရုပ်ရှင်ရုံဖြစ်သည့် အတွဲတွေ မှောင်ရိပ်ခိုရာ ဝန်းကျင်ဖြစ်၏။

"ဟုတ်တယ် ဆရာ ... ကျွန်တော်ဆီအမြန်လာပါ"

"ဟာ ... ဘာကိစ္စ မင်းဆီငါလာရမှာလဲ ... "

"ဆရာမလာနိုင်ရင် ကျွန်တော့်ဆိုင်ရှင်အစ်မကြီးကို အကြောင်းကြားပေးပါ"

"သူကကော လာမလားဟ ... "

"လာမှာပါ ဆရာ ... "

"ဘာလို့လဲ ... "

"ကျွန်တော်ရော ကျွန်တော့်ချစ်သူရောကို ကျွန်တော့်ချစ်သူရဲ့ ရည်းစား တစ်ယောက်က ဓားနဲ့ထိုးသတ်လို့ အခု ကျွန်တော်တို့နှစ်ယောက် ... "

"ဟေ့ကောင် ဘာဖြစ်နေတာလဲ ... မြန်မြန်ပြောစမ်း အသက်အန္တရာယ် စိုးရိမ်ရသလား"

ကျွန်တော် စိတ်ပူစွာအခါခါမေးပေမယ့် "ဝက်"ထံမှ စကားပြန်မရတော့ပေ။

ကျွန်တော် ဝတ္ထုရေးရှိသည်မို့ လက်ဖက်ရည်ဆိုင်ရှင်အစ်မကြီးကို ကျွန်တော်ထံ ဝက်ဖုန်းဆက်သည်ကို အကြောင်းကြားလိုက်စာ။

ညဆယ်နှစ်နာရီလောက်ကျ "ဝက်"ဆိုင်ရှင် အမျိုးသမီးပြန်လာတဲ့အထိ ကျွန်တော်စာရေးနေဆဲဖြစ်ရာ အမျိုးသမီးကဝင်လာပြီး ...

"ဝက်နဲ့ သူ့ကောင်မလေးသေပြီ ... "

"ဟာ ... ဟုတ်လား၊ အစ်မတို့ အသက်မမီလိုက်ဘူးလား"

"မမီပါဘူး ဆရာရယ် ... ဒါပေမယ့်ဆရာ "ဝက်"မှာ ဖုန်းဆိုင်ဘူ

www.burmeseclassic.com

www.burmeseclassic.com

ကောင်မလေးဆီမှာလဲ မတွေ့ဘူး ... ”

“ဟင်”

“သွားဦးမယ် ဆရာရယ် ... လူရှုပ်လူပွေကို ဈေးချိုလို့ခေါ်မိပါတယ်၊ အမှုတွဲထဲပါနေပြီ ... များပါတယ်”

ဆိုင်ရှင် အမျိုးသမီးပြန်သွား၏။

ကျွန်တော်မှာတော့ အတွေးတွေရှုပ်ထွေးကျန်ရစ်၏။

ဖုန်းဆက်တာ “ဝေကဲ”မှ ဟုတ်ရဲ့လား။

“ဝေကဲ”ဆက်ပြီးပြီးမှ သေသွားတော့ လမ်းသွားလမ်းလာတစ်ယောက်ယောက်က လူသေကောင်လက်ထဲက ဖုန်းယူသွားလို့ ဖုန်းပျောက်ရတာလား။

“ဝေကဲ”ကိုသတ်တဲ့ တစ်ယောက်ယောက်က ဒီဖုန်းနံပါတ်ကိုသိပြီး “ဝေကဲ”ရဲ့ ဆိုင်ရှင်ကို အသိပေးချင်လို့လား ... ”

ဒါမှမဟုတ် ဖုန်းမပါတဲ့ “ဝေကဲ”သေပြီးမှ ဝိညာဉ်အဖြစ်နဲ့ဆက်တာလား။

လားပေါင်းများစွာနဲ့ ကျွန်တော်ဝေခွဲမရတော့ပါ။

သက်ပြင်းလေးကြီးသာ ချမိပါသည်။

တရိတ္ဆာမစောင့်စည်းမှု၊ ကိုယ့်တန်ဘိုးကို ဆုတ်ဖြဲနင်းချေမှု၊ ပေါ့ပေါ့သွမ်းသွမ်း၊ ပေါ့ပေါ့ရမ်းရမ်း လမ်းပေါ်နေလို့မှ လိင်ကိစ္စလွယ်ကူစွာ လိုက်လျောမှု ပျော်ပါးမှုတွေနဲ့ ဒီလိုအပေအတေတွေများလာရင် တိုင်းပျက်ပြည်ပျက် ကမ္ဘာပျက်တော့မှာပါလား ... ဒီလို လူငယ်တွေ စရိုက်ပျက်တာ ဘယ်လိုထိန်းသိမ်းရပါမလဲ။

နိုင်ငံတော်ရဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေကရော ဘယ်လိုထိန်းသိမ်းကြမည်မသိ။

ညဘက်ခပ်ရဲရဲ၊ ခပ်ရမ်းရမ်းအတွဲတွေဟာ တိုင်းပြည်ရဲ့ဆူးပြောင့်ခလုတ်မှန်း သူတို့ကိုသူတို့ သိကြပါ့မလား။

ရင်မောပါ၏။

★★★

## ပါဝင်သောအခန်းများ


အခန်း ၁။ ဝိညာဉ်လာတဲ့ည

အခန်း ၂။ အမှောင်ထဲက ဝိညာဉ်

အခန်း ၃။ ထူဆန်းစိတ်ခံဘဝ

အခန်း ၄။ ကြွေလွှင့်နေ့ရက်

အခန်း ၅။ အပေးအယူ

အခန်း ၆။ လည်တိုင်က သွေး

အခန်း ၇။ ဝိညာဉ်ကပ်သူ

အခန်း ၈။ အိမ်ကိုလာတဲ့ တစ္ဆေ

အခန်း ၉။ နာမည်ကြီးသူတစ်ယောက်


www.burmeseclassic.com

www.burmeseclassic.com


အခန်း ၁၀။ ပါတီပွဲညက တခွေ

အခန်း ၁၁။ အဝေးပြေးလမ်းကညတစ်ည

အခန်း ၁၂။ ရှေးဟောင်းအိမ်ကြီး

အခန်း ၁၃။ တောရစခန်းကဆရာမလေး

အခန်း ၁၄။ ခုတင်ပေါ်ကအလောင်း

အခန်း ၁၅။ ဝိဉာဉ်ရဲ့အဖြေ


## အခန်း (၀)
## ဝိဉာဉ်လာတဲ့ည

"ဟား ... ဟား ... ဟား"

ချောက်ချားဖွယ်ကောင်း ရယ်မောသံကြီးက ညအမှောင်ထဲမှာ ကြောက်မက်ဖွယ် ထွက်ပေါ်လို့လာသည်။

ညဉ့်ကလည်း အလွန်နက်နေသလို တိတ်ဆိတ်နေသည့် ပတ်ဝန်းကျင်ကြောင့် ရယ်မောသံကြီးက ပိုလို့ဟိန်းထွက်နေ၏။

"ကဲ ... မင်း ... ဘာတတ်နိုင်သေးလဲ ... နှောင်ကြိုးသီ မင်း ... ငါ့ကို အကြိမ်ကြိမ် ဒုက္ခပေးတယ် ... မင်းပေးတဲ့ ဒုက္ခတွေကို ငါ အားရပါးရခံခဲ့တယ်ကွ ... "

ရင်ထဲက ပွင့်ထွက်လာတဲ့ စကားသံတွေက နာနာကြည်းကြည်း ကို ထွက်လို့လာတာပါ ...

သူ့တစ်ကိုယ်လုံးမှာလည်း ချွေးတွေနှင့်ရွှဲနစ်လို့နေသည်။

"ငါ မင်းကိုသိပ်ချစ်တာပါ နှောင်ကြိုးသီ ... ဒါပေမယ့် ငါ



www.burmeseclassic.com

www.burmeseclassic.com



ဘဝတစ်ခုလုံးကို မင်းလုပ်ချင်သလိုလုပ် လူတစ်ယောက်လို့တောင် မင်း သတ်မှတ်ခဲ့လို့လား ...

ကြည့်စမ်း ... မင်းက ငါ့ရှေ့မှာ ငြိမ်ငြိမ်လေး ... အခုလို နေတာ အပြစ်ကင်းလိုက်တာ မင်း ငါ့ကို ဘာမှ ဒုက္ခမပေးတဲ့အတိုင်းပဲ ဟင်း ... ဟင်း ... ''

သူကြည့်နေသည့် ခုတင်ပေါ်ရှိ မွေ့ရာပေါ်မှာတော့ အဖြူရောင် ညဝတ်အင်္ကျီ ဂါဝန်ရှည်ကို ဝတ်ဆင်ထားသည့် မိန်းကလေးတစ်ယောက်-

ဖြူဖွေးနေသော အသားအရည် အချိုးအစား ကျနလှသည့် ခန္ဓာကိုယ်သွယ်လျပုံက တစ်ကိုယ်လုံးတွင် အဆီပိုဆိုတာလုံးဝမရှိ ... မျက်နှာမှာ ချောမောလှပလွန်းတာကြောင့် ဘာမှမခြယ်သထားဘဲ အိပ်နေချိန် တောင် အပြစ်ကင်းစင်လှသည်။

ကျယ်ဝန်းလှသည့် အခန်းကျယ်ကြီးထဲမှာ ခမ်းနားစွာပြင်ဆင် ထားသည့် အဆောင်အယောင်တွေက ကြွယ်ဝချမ်းသာတာကိုပြနေသလို ဖြစ်နေ၏။

ပြာလဲ့လဲ့ အလင်းဖျော့ ညအိပ်မီးသီး အလင်းရောင်အောက်မှာ နတ်သမီးလေးလို လှပလွန်းတဲ့ မိန်းကလေးက သူ့ဘေးမှာ လာရောက် ကြုံးဝါးနေသူတို့ရဲ့ စကားသံတွေကို လုံးဝ မသိရှာ ...

နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည်။

''ငါ့ အပေါ် မင်းတင်ခဲ့တဲ့ အကြွေးတွေကို ငါအခုလာတောင်း တာ ... ထစမ်း မင်း ထစမ်း ... ''

''အင်း ... ဟင်း ... ဟင်း''





မိန်းကလေးရဲ့ပါးစပ်က အသံအနည်းငယ်ထွက်၍ ညည်းညူကာ ခန္ဓာကိုယ်က လှုပ်လာပြီး တစ်ဘက်သို့ စောင်းသွားသည်။

''ဟင် ... ''

သူကိုကြည့်ကာ ပြောနေတဲ့ သူက အံ့ဩသွားသည်။ မိန်းကလေးရဲ့ မှုံသဏ္ဌာန်က သူ့ဒီလောက်ပြောနေတာကို လုံးဝ ဂရုမစိုက်တဲ့အပြင် ... တစ်ဘက်သို့စောင်းကာ အိပ်နေပြန်သည်။

ထို့ကြောင့် ...

သူ အလွန်စိတ်ဆိုးသွားပြီး ...

''နှောင်ကြိုးသီ ... ''

ကျယ်လောင်စွာ အော်ဟစ်လိုက်သည့် အသံက ပဲ့တင်ထပ်လို့ သွားလေသည်။

သို့သော် ...

အခြေအနေက ဘာမှ မထူးခြား ... အခုလို နှောင်ကြိုးသီ ဘေးနားကိုရောက်ဖို့တောင် မနည်းကြိုးစားခဲ့ရသည်။ သူ့ရင်ထဲက ခံစားချက် တွေကို ဝေသီအောင်ပြောပြီး တမလွန်သို့ နှောင်ကြိုးသီကို သူ့ပိုပ်စပ်ပဲ့ ညှိရှုယ် ထားခဲ့သည်။

ထိတ်လန့်ကြောက်ရွံ့စွာ သူ့ရှေ့ဒူးထောက်ပြီး မျက်ရည်တွေနှင့် တောင်းပန်သည့် နှောင်ကြိုးသီကို သူမြင်ချင်တာ ...

အခုတော့ ...

''ဟိတ် ... နှောင်ကြိုးသီ''

သူထပ်မံ၍ အသံကျယ်ကျယ်နှင့် နှိုးပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှောင်ကြိုးသီ အိပ်နေမြဲပင် ...

ဒီတော့ ... သူ နှောင်ကြိုးသီကိုယ်ကို ဆွဲလှည့်ပြီး နိူးဖို့ပြင်လိုက်ပြီး နှောင်ကြိုးသီလက်မောင်းကို သူ့လက်နှင့်ဆွဲရန်အတွက် သူ့လက်ကို နှောင်ကြိုးသီ လက်မောင်းပေါ်ရောက်အောင် ထိလိုက်လေရာ ...

"ဟင် ..."

ဘယ်လိုမှ ထင်မထားသည့် ပုံစံကြောင့် သူအံ့သြသွားသည်။ သူ့လက်က နှောင်ကြိုးလက်ကို လုံးဝမထိ ...

"ဘယ်လိုလဲ ... ငါဘယ်လိုဖြစ်တာလဲ ..."

သူ့လက်ကို သူပြန်ကြည့်၍ အံ့သြနေသည်။

ပြီးတော့ ...

သူ နောက်တစ်ကြိမ် ထပ်ကြိုးစားကြည့်၏။

"ဟင် ..."

သူ့လက်တွေက နှောင်ကြိုးခန္ဓာကိုယ်ကို လုံးဝ မထိပြန် ...

"ဘာဖြစ်တာလဲ ... ငါ့လက်တွေ ဘာဖြစ်တာလဲ ..."

သူ့လက်တွေကိုကြည့်၍ လွန်စွာစိတ်တိုပြီး အော်ဟစ်လိုက်၏။ ဒေါသတွေလည်း အလွန်ထွက်လာကာ နောက်သို့ နံရံကိုပြေး၍ လက်သီးနှင့်ထိုးလိုက်သည်။

" ... "

"ဟင်"

မာကျောနေတဲ့ နံရံကို အားရပါးရထိုးလိုက်တဲ့ သူ့လက်သီးတွေရဲ့ ခံစားမှုက ဘာမှဖြစ်မလာခဲ့ ...





"ငါ ... ငါ ... ဘာလဲ ... ငါ ဘာဖြစ်နေတာလဲ ..."

ကိုယ့်ဘာသာရေရွတ်ကာ အခန်းထဲရှိ စားပွဲခုံပေါ်တွင် တင်ထားသော ဖန်ခွက်ကို လက်နှင့်ပုတ်ချလိုက်ရာ ...

"ဟာ ..."

ဖန်ခွက်က လုံးဝမလှုပ် ...

"ဟာ ... သွားပြီ ငါ ... ငါ ဘာမှလုပ်လို့ မရတော့ဘူး၊ အခုလို ငါဘာလို့ ဖြစ်နေတာလဲ ... ငါ မာမီဆီသွားမယ် ... ငါဖြစ်နေတာတွေကို မာမီပဲသိမယ် ..."

သူလွန်စွာ ထိတ်လန့်ပြီး စိုးရိမ်စွာ တွေးလိုက်သည်။ အခန်းထဲရှိ စာအုပ်စင်မှ စာအုပ်များ မီးခလုတ်များ ခုတင်တိုင်များကို လက်နှင့်လိုက်၍ ထိတွေ့သော်လည်း ဘယ်လိုမှ ထိလို့မရ ...

"ဟင်"

သူအသက်ကို ခပ်ပြင်းပြင်း ရှူလိုက်၏။

ပြီးတော့ ...

သူ ... နှောင်ကြိုးသီဘေးသွား၍ ...

"မင်းဆီငါပြန်လာခဲ့မယ် ... ငါဘယ်လို အခြေအနေမျိုးမှာပဲ ဖြစ်ဖြစ် ... မင်းကို တမလွန်ကို ငါပို့ပစ်မယ်ကွ ... ဟား ... ဟား"

အားရပါးရပြော၍ ရယ်မောကာ အခန်းထဲမှ ထွက်ခွာလာခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

မှောင်ရိပ်အုတ်ခုံပေါ်မှာထိုင်နေသည့် လူ၊က
လှမ်းခေါ်တာကြောင့် အနားရောက်၍
ကြည့်လိုက်သောအခါ . . .

အခန်း (၂)

## အမှောင်ထဲကဝိညာဉ်

စိတ်ပျက်လက်ပျက်နှင့် လမ်းလျှောက်လာခဲ့ရာ ပလက်ဖောင်းနှင့် ခြေထောက်ထိသည်ဟုမထင်ရ လူကလည်း လေထဲလွင့်နေသည်ဟု ထင်ရသည်။

"တီ ... တီ"

လမ်းမပေါ်မှ ကားတချို့ရဲ့ အချက်ပြ ဟွန်းတီးသံတစ်မျိုးကို အစ်ခါတရံ ကြားရသည်။

"ငါ ... ဘာတွေဖြစ်နေတာလဲ ... "

သူ့ကိုယ်သူတွေးကာ အဖြေက မရခဲ့ ...

လမ်းမီးတိုင်အောက်မှာ စွန့်ပစ်အမှိုက်ထုပ်များထဲမှ အစာတချို့ကို ဖြည်း၍စားနေသည့် ခွေးလေခွေးလွင့်တစ်ကောင်က သူလာတာကို သွမ်းမြင်တော့ စားလက်စကို ရပ်လိုက်သည်။

ပြီးတော့ ...

---

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သေချာစိုက်ကြည့်ပြီး အူတော့သည်။

"အု ... ဝူး"

"ဟင်"

ဘယ်လိုလဲ ... အမှန်ဆို အဲဒီခွေးက သူ့ကိုဟောင်ရမှာ အခု တော့ အူလိုက်တာ မဆုံးတဲ့ အသံနှင့် ...

"ဟဲ့ ... ခွေး၊ ဟာ ... ဒီခွေးတော့ကွာ ... "

သူစိတ်ပျက်ပျက်နှင့် လှမ်းဟောက်လိုက်ရာ ခွေးက နောက်ဆုတ် နောက်ဆုတ်လုပ်ရင်း အူပြန်သည်။

"အု ... ဝူး"

"တောက် ... ဒီခွေး"

သူ ခပ်ပြင်းပြင်း တောက်ခေါက်လိုက်၏။ ခွေးနှင့်လည်း ဆက်၍ ရန်မဖြစ် လိုတော့တာကြောင့် သူလမ်းကို သူဆက်လျှောက်လာသည်။

"ဟော့ ... "

"ဟင် ... "

တစ်ဘက်ပလက်ဖောင်း သစ်ပင်အောက်မှ အရိပ်မည်းတစ်ခုက သူ့ကို လက်လှမ်းပြသည်။

သူ့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

အခုလို ညဉ့်နက်ကြီးမှာ သူ့ကိုနှုတ်ဆက်တာက ဘယ်သူလဲ

"ရှုပ်ပါတယ်ကွာ ... "

လှမ်းမကြည့်တော့ပဲ ကိုယ့်လမ်းကိုသာ ကိုယ်ဆက်လျှောက် လို့လာသည်။





နှောင်ကြိုးသီ ...

သူ့မျက်လုံးထဲမှာ အရပ်မြင့်မြင့် အသားဖြူဖြူ သွယ်သွယ်လျလျ ခန္ဓာကိုယ်နှင့် စွဲဆောင်လွန်းအားကြီးတဲ့ မိန်းကလေး ...

မိန်းမပေါင်း မြောက်မြားစွာရဲ့ အသည်းကိုခွဲခဲ့သည်။

သူတို့တွေရဲ့ ရှုးရှုးမှူးမှူး ချစ်ခင်နှစ်သက်မှုကို တဝကြီး ခံယူပြီး တစ်မို့စိမ့် အရသာခံကာ ရက်ရက်စက်စက် အသည်းခွဲခဲ့သူ ...

သူ့ကို သူ့မာမီက နာမည်ပေးထားသည်။

"မှော်ဆက်" တဲ့ ...

မှော်ဆရာ တစ်ယောက်လို စွဲဆောင်နိုင်လွန်းတဲ့ သူ့ရုပ်ရည်ကို မိန်းကလေးတိုင်း လိုလိုက သူနှင့်ပတ်သက်လိုက်ရင် စွဲလန်းသွားကြတယ် လေ ...

သူ့မှာ အဓိက အားသာချက်က မျက်လုံးပါပဲ ...

သူ့မျက်လုံးနဲ့ အကြည့်ချင်းဆုံလိုက်ရင် ကောင်မလေးတွေ စွဲလမ်းသွားတာလည်း သူ့ရဲ့ပါရမီ တစ်ခုပါပဲ ...

"ဟင်"

ရှေ့အုတ်ခုံမှောင်ရိပ်တွင် လူတစ်ယောက် ထိုင်နေတာကို သူ တွေ့ရတော့ သူကထိုရှေ့မှ ဖြတ်လျှောက်ရမည်လေ ... အခုလို ည အချိန်မတော်ကြီးမှာ ဘာထိုင်လုပ်နေတာလဲ ... တွေး၍ ဖြတ်လျှောက် ညဲ့ ...

"ဟိတ် ... သူငယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com

သူလှည့်ကြည့်လိုက်တော့ အုတ်ခုံပေါ်မှာ ထိုင်နေတာက အဘိုးအို တစ်ယောက် ...

အသားက မည်းနေသလို ဆံပင်ဖြူတို့ကလည်း ကျိုးတို့ကျဲတဲ ပိန်လှိန်းတဲ့ ခန္ဓာကိုယ်ကြောင့် မျက်နှာကလည်း ချောင်ကျနေကာ အနည်းသာ ရှိသည့် သွားတို့က ရှေ့သို့ထွက်နေ၏။

"ကျွန်တော့်ကို ခေါ်တာလား ... "

သူ ပြန်မေးလိုက်၏။

"အေးလေ ... ဒီနေရာမှာ မင်းနဲ့ငါ နှစ်ယောက်တည်းရှိတာ မင်းကို မခေါ်လို့ ငါဘယ်သူ့ ကိုခေါ်ရမလဲ"

အဘိုးအိုရဲ့ အသံက ခပ်မာမာနှင့် ပြန်ပြော၏။ သူလည်း အဘိုးအိုရဲ့ ရှေ့ မတ်တတ်ရပ်လိုက်၏။

အဘိုးအိုက ...

"လာ ... ထိုင်ဦး"

သူထိုင်နေသည့် အုတ်ခုံဘေးတွင် ထိုင်စေရန် နေရာပေးလိုက်၏။ သူလည်း အဘိုးအိုဘေးကနေ လွတ်နေသည့်နေရာတွင် ဝင်ထိုင် လိုက်သည်။

"အဘိုးက ... ဘယ်သူလဲ"

"ငါလား ... လမ်းပေါ်က လူပေါ့ကွာ ... ဟင်း ... ဟင်း"

အဘိုးအိုက ပြောပြီး သဘောကျစွာ ရယ်မောနေသည်။

"အဘိုး ကျွန်တော် ဘာဖြစ်နေလဲ မသိဘူးဗျာ ... "

"ဟေ ... ဘာကိုလဲ"





"ဒီလိုလေ ... ကျွန်တော် သိပ်ချစ်ရတဲ့ မိန်းကလေးဆီ အခုည ကျွန်တော်သွားတယ် ... "

"ချိန်းတွေ့တာလား ... "

အဘိုးအိုက သူ့မျက်နှာ မကြည့်ပဲမေးလိုက်သည်။

"မဟုတ်ဘူး အဘိုး ... ကျွန်တော် သူ့ကို သတ်မလို့သွားတာ"

"ဟင်"

"ဟုတ်တယ် ... ကျွန်တော့်ကို ကောင်မလေး အတော်များများ က ကြိုက်ကြတယ် ... ကျွန်တော်ချစ်တဲ့ ကောင်မလေးကတော့ ကျွန်တော့်ကို ခါးခါးသီးသီး မုန်းတယ် ...

သူ မကြာခင် လက်ထပ်တော့မယ် ကြားတော့ ကျွန်တော် မခံစားနိုင်လို့ ... "

"အဲဒါနဲ့ သွားသတ်တာပေါ့ ... အောင်မြင်လား"

"ဟင့်အင်း ... "

"ဟား ... ဟား"

အဘိုးအိုက အားရပါးရ ရယ်မောလိုက်သည်။ သူလည်း ကြောင် တောင်တောင် ဖြစ်၍သွားပြီး ...

"အဘိုး ဘာလို့ရယ်တာလဲ ... "

"မင်းက သွားသတ်တယ်ဆိုလို့ပါ ... "

"ဟုတ်တယ်လေ ... သူက ကျွန်တော့်ကို ဒုက္ခပေးတာများနေ ပြီ"

"အရမ်း သနားဖို့ကောင်းတာပဲ ... မင်းက ဝိညာဉ်လေ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို သတ်မလဲ ... ''

အဘိုးအိုရဲ့ စကားကြောင့် သူမတ်တတ် ထရပ်လိုက်သည်။

ပြီးတော့ ...

''ကျွန်တော်က ဝိညာဉ်ဟုတ်လား ... ကျွန်တော်လူပါ အဘိုး ရဲ့ ... ဒီမှာကြည့် ... ''

သူက ကိုယ်ကို လက်နှင့်ပုတ်ပြရာ အဘိုးအိုက ရယ်မောလျက်

''ဟား ... ဟား ... ကိုယ့်ကိုယ်ကိုယ် ဘာမှန်းမသိတဲ့ကောင် မင်းကသေပြီးပြီကွ ... ''

''ဗျာ ... ''

သူဘယ်လိုမှ ထင်မထားသည့် စကားတစ်ခွန်း အဘိုးအိုပါးစပ်ကထွက်လာတော့ လွန်စွာ အံ့ဩထိတ်လန့်သွားသည်။

အဘိုးအိုက ထိုင်ရာမှ မတ်တတ်ထရပ်ပြီး သူ့ရှေ့အနီးကပ်ဆုံးရပ်၍ ...

''မင်းကို တွေ့ချင်နေတဲ့ သူတွေရှိတယ် ... ''

''ဗျာ ... ဘယ် ... ဘယ်သူတွေလဲ''

အဘိုးအိုရဲ့ မျက်နှာ တည်လို့သွားသည်။

စကားကို တစ်လုံးချင်းနှင့် ...

''မင်းကို သိပ်ချစ်တဲ့ သူတွေပဲ ... ''

''ဗျာ ... ''

''အဘိုး ... အဘိုး ဘာလို့ အဲဒါတွေ သိနေတာလဲ ... ကျွန်တော်''

သူ့စကား မဆုံးမီ ... အဘိုးအိုက ...





''ခုတော့ ... မင်းအိမ်မင်းသွားတော့ မင်းအလောင်းဆီ မင်းသွားတော့ ... ''

''မဟုတ်ဘူး အဘိုး ... အဘိုးပြောတာ ကျွန်တော် မယုံဘူး အဘိုး ကျွန်တော့်ကို မနောက်ပါနဲ့ ... ကျွန်တော် မသေသေးပါဘူး''

အဘိုးအိုက သူ့ခေါင်းကို ခပ်ဖြည်းဖြည်း ခါရမ်းလိုက်ပြီး လေသံအေးအေးနှင့် ...

''တကယ်တော့ မင်းဟာ သေပြီးခဲ့တာ ကြာပါပြီ ... ''

''ကျွန်တော် မသိဘူးဗျာ ... ကျွန်တော်ဘာမှ မသိတော့ဘူး''

သူ့ရင်ထဲမှာ အလိုလို ဝမ်းနည်းလာသည်။ အဖြစ်မှန်ကို ပြောနေတာလား ... ခြိမ်းခြောက်နေတာလားမသိ ... အဘိုးအိုရဲ့ စကားလုံးတွေက သူ့ရင်ကို ဆူးတွေလို စိုက်ဝင်နေသည်။

''မင်း သွားတော့ ... ''

အဘိုးအိုက အမိန့်ဆန်ဆန် ပြောလိုက်တော့ သူလည်းခေါင်းကို စိုက်ကာ လှည့်ထွက်လာခဲ့သည်။

ဝမ်းနည်းစိတ်နှင့်အတူ သူ့မျက်လုံးထဲ ပထမဆုံး ပေါ်မြင်လာတာက ... မာမီ ...

ဟုတ်တယ် ... ခုချိန်မှာ သူမာမီဆီ အမြန်ဆုံးသွားမှ ဖြစ်မည်လေ ... ဒါမှ ...

ᨓᨓᨓ



www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးရှင်ကို သိတတ်ရမည်ဆို၍ . . . .

## အခန်း (၃)

## ထုဆစ်၊ ၁၁၀

"ဟဲ့ ... မာလာ ... လာစမ်း နင့်ကြည့်ရတာ လေးတီလေးကွေးနဲ့ ... "

အိမ်ရှင် သူဌေးမ ဒေါ်သူဇာရဲ့ မာန်မဲလိုက်တဲ့ အသံကြောင့် မာလာ ဆေးလိပ်လိပ်နေသည့်နံမှ အမြန်ထလိုက်သည်။

"လာပါပြီ ... မမကြီး"

"အေး ... ကားထဲမှာ ငါ့အဝတ်အစားအိတ်တွေ အိမ်ထဲကို ယူလာခဲ့ ... ပရမ်းပတာမလုပ်နဲ့နော် အထဲမှာ ကျိုးမဲ့ ပဲ့မဲ့ ဟာတွေပါတယ် ... "

"ဟုတ်ကဲ့ပါ မမကြီး ... "

မာလာက ကားနောက်ခန်းထဲမှ အဝတ်အစား အိတ်တို့ကို မနိုင်မနင်းနှင့် မ၍ အိမ်ထဲသယ်လာသည်။

စံပယ်ဆေးလိပ်ခုံပိုင်ရှင် ဦးမျိုးမင်းနှင့် ဒေါ်သူဇာတို့က ဆေးလိပ်



www.burmeseclassic.com

www.burmeseclassic.com



လိပ်သည့်ရုံကို သူတို့ခြံဝန်းထဲမှာပင်ထားသည်။

အလုပ်သမားတွေကလည်း အယောက်လေးငါးဆယ်ကျော်သည်။ ထိုအလုပ်သမားတွေထဲက မာလာကို ဒေါ်သူဇာက သဘောအကျဆုံး –

အသက်အရွယ်ကလည်း ဆယ့်ခုနစ်နှစ် ဆယ့်ရှစ်နှစ်အရွယ် ဆင်းရဲပေမယ့် ရုပ်ရည်ကသန့်ကာချောသည်။ ကိုယ်လုံးကိုယ်ပေါက်ကလည်း လှသလို နက်မှောင်လှသည့် ဆံပင်ရှည်တို့ကလည်း ဖြောင့်စင်းလွန်းတာကြောင့် မာလာ့ရဲ့အလှကို ပို၍ပေါ်လွင်စေသည်။

ဒေါ်သူဇာဆိုတာကလည်း အလုပ်ရှင်မို့သာ ဒေါ်တပ်ခေါ်ရတာ အသက်က သုံးဆယ်ဝန်းကျင်သာရှိသည်။

စကားပြောကြမ်းပေမယ့် စိတ်စေတနာ အလွန်ကောင်းတာ အလုပ်သမားများက သူ့ကို ခင်ကြသည်။

ဒေါ်သူဇာရဲ့ခင်ပွန်း ဦးမျိုးမင်းက ဆရာဝန်ကြီးတစ်ယောက်ဖြစ်ကာ … အနေအေးဆေးလှ၏။

"ဒီတစ်ခေါက် ရန်ကုန်ဆင်းရတာ မလွယ်ပါဘူး … မာလာရယ် … ပင်ပန်းလိုက်တာ လွန်ရော … "

"ဘာလို့လဲ မမကြီးရဲ့ … "

"ကြွေးတွေ ပတ်သိမ်းရတာလေ … တချို့ဆိုင်တွေဆို ခဏစောင့်ပါဦးလုပ်တာ … စောင့်ရတာပေါ့အေ … "

ဒေါ်သူဇာက သူ့အခန်းထဲတွင် အိတ်ထဲမှ အဝတ်အစားတို့ကို ထုတ်ရင်းပြောသည်။

"ဒီအကျီ လုံချည်တွေ လျှော်ရမှာလား မမကြီး"





"အေး … လျှော်မယ်လေ … နေဦး … ငါ နင့်အတွက် အဝတ်အစားအသစ်တွေ ဝယ်လာတယ် … ရော့"

ဒေါ်သူဇာက သူ့အိတ်ထဲမှ အကျီနှင့် လုံချည်နှစ်စုံကို မာလာအားပေးလိုက်သည်။

"ရပါတယ် မမကြီးရယ် … မာလာက ဘယ်မှ မသွားတာ"

"ဟဲ့ … ဘယ်မှမသွားလည်း မိန်းကလေးဆိုတာ လှလှပပနေရတယ် … ယူလိုက် … ငါ့အတွက်ဝယ်ရင်း နင့်ကို သတိရလို့ ဝယ်ခဲ့တာ …

အဝါရောင်လေး – နင်နဲ့လိုက်မှာပါ၊ ငါဗိုက်ဆာနေပြီ – လမ်းမှာ ဘာမှစားလာတာ မဟုတ်ဘူး – ထမင်းပွဲပြင်ပေး – ဒီနေ့တော့ ဆေးလိပ်လိပ်မနေနဲ့တော့ နေ့တွက်ခ ငါပေးမယ် – အိမ်မှာလုပ်စရာရှိတာ ပိုင်းလုပ်ပေး …

အကြီးကောင်လည်း သူ့အဘိုးအဘွားအိမ်မှာ သွားခေါ်ဦးမယ်"

"ဟုတ်ကဲ့ … မမကြီး"

ဒေါ်သူဇာက သူ့အိမ်မှာ အိမ်အလုပ် သီးသန့်လုပ်မည့်သူ လုံးဝမထား …မာလာကိုသာခေါ်ခိုင်းတတ်သည်။ အရင်က ဒေါ်သူဇာ့အဒေါ် အပျိုကြီးရှိတော့ ဒေါ်သူဇာ လှည့်မကြည့်ရ – အပျိုကြီးက ဆုံးသွားတော့ ဆေးလိပ်ရုံထဲက အလုပ်သမားဖြစ်သူ မာလာကိုသာ ဒေါ်သူဇာ ခေါ်ခိုင်းသည်။

ထို့အတွက်လည်း နစ်နာမှုမရှိအောင် ဒေါ်သူဇာက ပေးသည်။ မာလာကတော့ ကိုယ့်အလုပ်ရှင်ကို ကူညီသည်ဟု သဘောထားကာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကောင်း စေတနာထား၍ လုပ်ကိုင်ပေးသည်။

ဒေါ်သူဇာသား အကြီးကောင်လေးက နှစ်နှစ်ကျော်သုံးနှစ် ဝန်းကျင်သာ ရှိသေးသည်။

မိဘများက မအားလပ်တာကြောင့် အဘိုးအဘွားနှင့် အနေများသည်။ အိမ်မှာရှိသည့် အချိန်များမှာတော့ မာလာက ဝိုင်း၍ထိန်းပေး၏။

"ငါလည်းအေ တစ်ယောက်ထဲနဲ့ အလုပ်က လက်ကို မလည်ဘူး ... ကိုယ်ကို နှစ်ကိုယ်ခွဲထားရမလို ဖြစ်နေပြီ ... "

"ဟုတ်တယ်နော် ... မမကြီး အရမ်းပင်ပန်းတာပဲ"

"အင်း ... နင့်ဦးလေးကလည်း ဆေးရုံတစ်လှည့် ဆေးခန်းတစ်လှည့်နဲ့ အနားကိုမရဘူး ... ကြာရင် ငါတို့သားတောင် ငါတို့ကို မှတ်မိမှာ မဟုတ်ဘူး ... "

ဒေါ်သူဇာက ထမင်းကို အားရပါးရ စားရင်းပြောနေသည်။

မာလာက ဘေးမှ ဒေါ်သူဇာလိုအပ်တာကို ဝိုင်း၍လုပ်ကိုင်ပေးသည်။

"ငါလည်း ရှေ့လထဲမှာ ရန်ကုန် ဆင်းရဦးမယ်"

"မြန်လှချည်လား မမကြီး ... "

"အလုပ်တော့ မဟုတ်ဘူး ... အစ်မတစ်ယောက်ရဲ့ အလှူလေ မသွားလို့ မဖြစ်ဘူး ... သေချာဖိတ်လိုက်တာ ... "

"ဦးလည်းပါမှာပေါ့ ... "

"နင့် ဦးလေးက လိုက်နိုင်မှာ မဟုတ်ပါဘူး ... သူ့အလုပ်က သိတယ်မလား ... နားရက်မှ မရှိတာ ငါတစ်ယောက်တည်း သွားရမှာပဲ





ကလေးကိုတော့ ထုံးစံအတိုင်း သူ့အဘိုးအဘွားတွေနဲ့ ထားခဲ့ရမှာပေါ့ ... "

"ဟုတ်ကဲ့ ... "

ဒေါ်သူဇာက သူပြောချင်ရာတွေပြောကာ ထမင်းစားနေသည်။ မာလာစိတ်ထဲမှာတော့ ချမ်းသာတဲ့သူတွေလည်း ပူပင်သောကတွေ လွန်စွာများလှပါလားဟု တွေးမိနေတော့သည်။

ﾍﾍﾍ ﾍﾍﾍ ﾍﾍﾍ



www.burmeseclassic.com

www.burmeseclassic.com

"အဟွတ် ... ဟွတ် ... ဟွတ်"

"အမေရယ် ... ချောင်းတွေ တအားဆိုးနေပါလား ... ဆေးလည်း မသောက်ဘူးလား"

မာလာက မိခင်ဖြစ်တဲ့ ဒေါ်စောမေကို စိတ်မကောင်းစွာ ကြည့်၍ မေးလိုက်သည်။ ဒေါ်စောမေက အဆုတ်မကောင်းတဲ့ ဝေဒနာခံစားနေရတာ နှစ်တွေနဲ့ချီနေပြီလေ ...

"ဆေးကကုန်နေပြီ သမီးရဲ့ ..."

"အို _ အမေကလည်း ကြိုပြောတာ မဟုတ်ဘူး၊ သမီး ဦးလေးဆီက တောင်းလာခဲ့မှာပေါ့ ..."

"ရပါတယ် _ သမီးရယ်၊ သူတို့ဆီက တောင်းရတာ အားနာလှပါပြီ ..."

"ဘယ်ဟုတ်ပါ့မလဲ အမေ _ ကိုယ့်ကျန်းမာရေးအတွက် ဦးလေးနဲ့ မမကြီးတို့က စေတနာတအားကောင်းတာ ... သမီးလိုတာပြောတာနဲ့





သူတို့က ချက်ချင်းထုတ်ပေးတာ ..."

မာလာကပြောတော့ မိခင်ဖြစ်တဲ့ ဒေါ်စောမေက _

"အေးပါကွယ် ... ဆရာဝန်ကြီးတို့လင်မယားကျေးဇူးကြော

အမေလည်း ... အခုလိုနေနိုင်တာပါ သမီးလည်း မှတ်ထားပါ ... ဘယ

တော့ဖြစ်ဖြစ် ကိုယ့်ကျေးဇူးရှင်ရဲ့ ကျေးဇူးတရားကို ဆပ်ဖို့စဉ်းစား"

"ဟုတ်ကဲ့ပါ ... အမေရဲ့၊ သမီးလည်း တတ်နိုင်သလောက်

သူတို့လိုတဲ့အလုပ်တွေ အကုန်လုပ်ပေးနေတယ် _"

"အဟွတ် ... ဟွတ် ..."

ဒေါ်စောမေက ပြောရင်း ချောင်းဆိုးလို့ နေပြန်သည်။

"ချောင်းတွေ တအားဆိုးနေတာပဲ ... အမေရယ်"

"ရတယ် သမီး ... ရတယ်၊ ခဏနေရင် သက်သာသွားမှ

ပါ ... သမီးလည်း အလုပ်ပင်ပန်းလာတာ အိပ်တော့လေ ..."

"ရပါတယ် အမေရယ် ... အမေမှ မသက်သာသေးတာ

မအိပ်သေးပါဘူး ..."

သမီးဖြစ်သူ မာလာကို ဒေါ်စောမေက ကရုဏာသက်စွာကြည့်

လိုက်သည်။

မာလာ ငယ်စဉ်ကတည်းက ဒေါ်စောမေ ခင်ပွန်း ဆုံးပါးသွား

တာကြောင့် သမီးဖြစ်သူကို ရုန်းကန် ရှာဖွေကျွေးခဲ့သည်။ အရွယ်လေ

ရောက်လာတော့ ဒေါ်စောမေ ဆေးလိပ်လိပ်ရာ ဆေးလိပ်ခုံသို့ လိုက်

ရင်း ဆေးလိပ်လိပ်တတ်လာသည်။

အသက်အရွယ်ရလာတဲ့ ဒေါ်စောမေက အဆုတ်ရောဂါရလာပြီ



www.burmeseclassic.com

www.burmeseclassic.com

အလုပ်မလုပ်နိုင်တဲ့အခါမှာတော့ မာလာက တစ်လှည့် ပြန်လည် လုပ်ကျွေးသည်။

"သမီး အိပ်တော့ ... မနက် အလုပ်သွားရဦးမယ် မလား"

"အမေ ... သက်သာလို့လား"

"သက်သာလာပါပြီ ... သမီးရယ်၊ အိပ်တော့ ... "

"မနက်ရောက်ရင် ဆေးယူပြီး ပြန်လာပို့ပေးမယ် အမေ"

"အေး ... အေး"

ဒေါ်စောမေလည်း သက်သာတယ်ဆိုမှ မာလာအိပ်တော့သည်။ အရပ်ထဲမှာ အချောဆုံး အလှဆုံး သမီးလေးကို ပြည့်စုံအောင် ထားချင်ပေမယ့် ဆင်းရဲနွမ်းပါးတဲ့ ဒေါ်စောမေက မထားနိုင်ခဲ့ ...

အခု မာလာ့အလုပ်ရှင် ဒေါ်သူဇာဆိုတာ ဒေါ်စောမေတို့ ဆေးလိပ်လိပ်စဉ်က ကလေးသာသာအရွယ်လေး ...

နောက်တော့ အရွယ်ရောက်လာ ကျောင်းတက်ပြီး ကျောင်းပြီးတော့ မိဘပိုင်တဲ့ ဆေးလိပ်ခုံကို ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

မိဘများ အသက်အရွယ်ရလာတော့ အနားယူစေခဲ့သည်။

ဒေါ်စောမေကတော့ ဒေါ်သူဇာမိဘများ လက်ထက်တည်းက အလုပ်သမား သူ့သမီးမာလာက အခု ... ဒေါ်သူဇာဆီမှာ အလုပ်သမား ဖြစ်ပြန်သည်။

ဘယ်တတ်နိုင်မလဲ ဘဝဆိုတာ ကိုယ်လိုသလို ဖြစ်တာလာမှ မဟုတ်တာဟု ဒေါ်စောမေတစ်ယောက် တွေးနေမိတော့သည်။



နွမ်းကြေသွားသည့်ဘဝရဲ့ညကတော့
မမှောင်သွားတာကြောင့် . . .

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)
## စကြာလှည့်နေ့ရက်

"မာလာ ငါ ရန်ကုန်ကို ညနေဆင်းမယ် ... နင့်ဦးလေးက မိုးချုပ်မှ ပြန်လာမှာဆိုတော့ သူပြန်လာမှ နင်အိမ်ပြန်ပေးပါလား ...

ရုံးစောင့် ဦးဖိုးဦးက သူ့ရွာပြန်သွားတာ မနက်ဖြန်မနက်မှ ပြန်ရောက်မှာ ... "

"ဟုတ်ကဲ့ ... "

ဒေါ်သူဇာက သူရန်ကုန် သွားရန်အတွက် လိုအပ်တာမှန်သမျှ ကို မာလာကိုမှာနေသည်။ ခြံကကျယ်ကျယ် ကြီးမားလှသည့် တိုက်အိမ် ကြီးမှာ ညဘက်ဆို အလုပ်ရုံစောင့် ဦးဖိုးဦးတစ်ယောက်သာရှိသည်။

ဦးဖိုးဦးကလည်း အခုရက်ပိုင်း သူ့ညီမ နေမကောင်းဘူးဆိုကာ ရွာသို့ ပြန်သွားသည်။

မာလာတို့ နေသည့်အိမ်နှင့် ဒေါ်သူဇာတို့ နေသည့်အိမ်က အဝေးကြီးမဟုတ် မိနစ်နှစ်ဆယ်လောက် လမ်းလျှောက်လျှင် ရောက်သည်။





ဒေါ်သူဇာ့ ခင်ပွန်း ဒေါက်တာမျိုးမင်းက ည ရှစ်နာရီလောက်ဆို အိမ်ပြန်ရောက်တာကြောင့် မာလာပြန်တာ ညဉ့်အနက်ကြီးမဟုတ် —

"ထမင်းလည်း အိမ်မှာပဲစား ... ပြန်ရင် ဒေါ်စောမေအတွက် ဟင်းယူသွား ... "

"ရပါတယ် မမကြီး"

"ရပါတယ် လုပ်မနေနဲ့ ... ယူသာယူသွား မနက်ရောက်ရင် ကောင်းမှာ မဟုတ်ဘူး ... "

"ဟုတ်ကဲ့ ... "

ဒေါ်သူဇာက သူမှာစရာရှိတာများကို ဆက်တိုက်မှာ၍ ညနေ စောင်းရောက်တော့ အိမ်မှထွက်သွားသည်။

မာလာလည်း အိမ်သန့်ရှင်းရေးလုပ် မီးဖိုချောင်၌ ဆေးစရာ ရှိတာများ ဆေးနေလိုက်သည်။

မာလာက အကျင့်စာရိတ္တနှင့်ပတ်သက်လျှင် ပြောစရာမလို လုပ်တာကိုင်တာလည်း သွက်လက်တာကြောင့် ဒေါ်သူဇာက အစစအရာရာ စိတ်ချသည်။

ညမှောင်လာပြီး ရှစ်နာရီထိုးခါနီးတော့ မာလာ အိမ်ဝမှ ဦးမျိုးမင်း ပြန်အလာကို မျှော်နေမိသည်။

"ဦးလေးကလည်း နောက်ကျလိုက်တာ — အမေ ခုလောက်ဆို ငါ့ကို မျှော်နေလောက်ပြီ"

စိတ်ထဲက တွေးနေရာ ညကိုးနာရီကျော်တော့ ခြံထဲသို့ ဦးမျိုးမင်း စီးလာသည့်ကား ခြံထဲသို့ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... "

မာလာလည်း ဝမ်းသာလို့ သွားသည်။ ဦးမျိုးမင်းက ကားတံခါး ဖွင့်ကာ ကားပေါ်မှ ဆင်းလာတော့ ခန္ဓာကိုယ်က ယိုင်ထိုးလို့သွား၏။

"အာ ... "

"ဟင် ... ဦးလေး ဘာဖြစ်တာလဲ ... "

မာလာက ဦးမျိုးမင်းကို ပြေး၍ တွဲလိုက်သည်။

"ဟင် ... "

ဦးမျိုးမင်း၏ကိုယ်မှ အရက်နံ့တို့ တထောင်းထောင်းထနေတာ ကြောင့် အရက်အလွန်အကျွံ မူးနေမှန်း မာလာ သိလိုက်၏။

"ဘယ်လို ဖြစ်တာလဲ ဦးလေးရယ် ... အရမ်းမူးနေတာပါ လား ... မမကြီးသိရင် စိတ်ဆိုးနေဦးမယ် ... "

"အင်း ... မူးလိုက်တာ အိပ်ခန်းထဲကို တွဲပို့ပေးပါ ... "

"ရတယ် ဦးလေး ... ရတယ်"

မာလာက ဦးမျိုးမင်းကိုတွဲကာ အိပ်ခန်းထဲသို့ ပို့ပေးလိုက်သည်။

"ဟင် ... ရင်ဘတ်မှာလည်း အန်ထားတာ စိုရွှဲနေတာပဲ အင်္ကျီလဲပါလား ဦးလေး ... "

"ရတယ် ... မလဲတော့ဘူး၊ ဘာမှ မဖြစ်ပါဘူး ... "

မာလာက ကိုယ့်ဦးလေးလိုသဘောထားကာ စိုးရိမ်စွာနှင့်–

"သမီးလဲပေးမယ် ဦးလေး ... "

"ရတယ် ... ဒီအတိုင်းပဲထားပါ ... "

ဦးမျိုးမင်းက ငြင်းပေမယ့် မာလာက ဦးမျိုးမင်းရဲ့ အင်္ကျီကြယ်





သီးတို့ကို ဖြုတ်ပေးနေစဉ် ...

"အို ... ဘာ ဘာလုပ်တာလဲ ဦးလေး ... "

ဦးမျိုးမင်းရဲ့ လက်တစ်ဖက်က မာလာ၏ပခုံးပေါ် ကျလာကာ ဖက်ထားလိုက်၏။

"မလုပ်ပါနဲ့ ဦးလေးရယ် မလုပ်ပါနဲ့ ... "

မာလာ အတင်း ရုန်းကန်သော်လည်းမရ ဦးမျိုးမင်းရဲ့ အပြုအမူ တွေထဲမှာ မာလာတစ်ယောက် နစ်မျောလို့သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"သမီး ... ဘာလို့ အလုပ် မသွားတာလဲ ... နေမကောင်းဘူးလား ... "

"ခေါင်းထဲ မူးနောက်နောက် ဖြစ်နေလို့ပါ အမေရယ် ... "

မာလာတစ်ယောက် အိပ်ခန်းထဲက မထွက်တော့ ... ရှက်စိတ် ဝမ်းနည်းစိတ် _ ခံပြင်းဒေါသစိတ်တို့က သူ့ရင်ကို အပူမီးတောက်လောင်စေ၏။

သူလို ဆင်းရဲသား အလုပ်သမားတစ်ယောက် အနိုင်ကျင့် အစော်ကားခံလိုက်ရခြင်းကြောင့်လည်း ယူကြုံးမရဖြစ်ရလေသည်။ အိပ်ခန်းထဲက အပြင်ကို ထွက်ဖို့တောင် မရဲတော့ ...

သူ့အဖြစ်ကို အမေ့ကိုပြောရင်ကောင်းမလား တွေးပေမယ့် အမေ စိတ်ဆင်းရဲမှာတော့ သူ စိုးရိမ်သည်။

"ကိုယ့်ကျေးဇူးရှင်ကို ဖြစ်တဲ့နည်းနဲ့ ကျေးဇူးဆပ်ရမယ်"

အမေ့ရဲ့စကားသံတွေ မာလာနားထဲ ကြားယောင်လို့လာသည်။





"အင်း ... ဦးလေးလည်း မူးလို့ဖြစ်တာပါ ... ငါပြောသနာ ရှာလိုက်ရင် ဒီမြို့မှာ သူတို့နေစရာတောင်ရှိမှာ မဟုတ်တော့ဘူး _ ငါ့ဘက်က သည်းခံလိုက်ရင် လူ မသိတဲ့ ကိစ္စပဲ ပြီးသွားမှာပေါ့ ... "

မာလာစိတ်ထဲမှာ ဖြေတွေး တွေးလိုက်၏။ အပျိုရည်ပျက်သွားတဲ့ သူ့ဘဝနဲ့ သူပဲရှိပါစေဟု တွေးမိသည်။

သူ အလုပ်မဆင်းတာ လေးရက်မြောက်တော့ သူ့အိမ်သို့ ဒေါ်သူဇာ ရောက်လာသည်။

"မာလာ ဘာလို့ အလုပ်မဆင်းတာလဲ _ ငါ စိတ်ပူလို့ လိုက်လာတာ"

"ခေါင်းတွေ တအား ကိုက်နေလို့ပါ မမကြီး ... "

"ဒါများဟယ် ... နင့်ဦးလေးရှိတာပဲ ပြလိုက်ပေါ့ ... ဟိုက ဆေးထိုး ဆေးတိုက်လိုက်ရင် ပျောက်သွားမှာလေ _ "

ဒေါ်သူဇာကပြော၍ သူ ရန်ကုန်မှ ပြန်လာစဉ်က ဝယ်လာသည့် ပစ္စည်းတချို့ကို မာလာအား ပေးလေ၏။

ဒေါ်စောမေကိုလည်း ငွေတစ်ထပ်ထုတ်ကာ ကန်တော့လိုက်သည်။

"မလုပ်ပါနဲ့ သမီးရယ် ပြန်ယူသွားပါ ... "

"မဟုတ်တာ အဒေါ်ရယ် ... အဒေါ်က ကျွန်မကို ငယ်ငယ်တည်းက ထိန်းခဲ့တာ မဟုတ်လား ... ကျွန်မ အလုပ်ကိုလည်း သစ္စာရှိရှိ လုပ်ခဲ့တာဆိုတော့ ကျေးဇူးရှင် တစ်ယောက်အနေနဲ့ ကန်တော့တာပါ"

"သာဓု ... သာဓု ... သာဓုပါကွယ်"

ဒေါ်စောမေက သာဓုခေါ်ကာ ဆုတွေပေးလိုက်၏။ ဒေါ်သူဇာက



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စောမေကို ဆေးကုပေးတဲ့အပြင် ကြုံရင်ကြုံသလို စားစရာများ ငွေများ ကန်တော့လေ့ရှိသည်။

အိမ်ကိုတော့ လာခဲသည်။ အလွန်အရေးကြီးမှသာ လာလေ့ရှိ၏။

အခုလည်း မာလာ အလုပ်မလာတာကြာ၍ လိုက်လာခဲ့ခြင်း ဖြစ်သည်။

"ငါပြန်တော့မယ် မာလာ ... မနက်ဖြန် နေမကောင်းလည်း လာသာလာခဲ့ ... နင့်ဦးလေး ကုလိမ့်မယ်"

"ဟုတ်ကဲ့ မမကြီး ... "

ဒေါ်သူဇာက ပြော၍ ထွက်သွားတော့ မာလာလည်း ခေါင်းလေး ညိတ်ကာ ကျန်ခဲ့သည်။

မိခင်ဖြစ်သူ ဒေါ်စောမေက ...

"စိတ်ထား အရမ်းကောင်းလို့လည်း အခုလို ချမ်းသာနေတာ ငါ့သမီးလည်း သူတို့လို စိတ်ထားကောင်းအောင် ကြိုးစား"

"ဟုတ် ... ဟုတ်ကဲ့"

မာလာက ခေါင်းလေးညိတ်ကာ အခန်းထဲသို့ ဝင်လာခဲ့တော့သည်။

ⵈⵈⵈ

ရဲရင့်အောင်စာပေ

အခုကိစ္စ ဘယ်သူ့မှ မသိပါစေနဲ့ဦးပြီး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

## အပေးအယူ

မာလာလည်း အလုပ်ကို ပုံမှန်အတိုင်း ပြန်ဆင်းစဉ် ဦးမျိုးမင်းနှင့် တစ်ခါတရံ ဆုံပေမယ့် ဦးမျိုးမင်းက ဘာမှ မဖြစ်သလိုနေတာကြောင့် အခံရခက်လှ၏။

သို့သော်လည်း ...

ဒေါ်သူဇာက ကျေးဖူးတွေက သူ့အပေါ် နည်းတာမဟုတ်တာကြောင့် သည်းခံကာနေခဲ့သည်။

ဒေါ်သူဇာကတော့ ဘာမှမသိသူပီပီ မာလာ့အပေါ် ပုံမှန်ပင် ဆက်ဆံခဲ့သည်။

"မာလာရေ ... ကလေး ခဏ ကြည့်ပေးဦးနော် ... ငါမြို့ထဲ ကိစ္စရှိလို့ သွားမလို့ ... "

"ဟုတ်ကဲ့ ... မမကြီး"

ဆေးလိပ်ခုံတွင် ဆေးလိပ်လိပ်နေသည့် မာလာက ထ၍ အိမ်ထဲ





ဝင်ကာ ကလေးကို ထိန်းနေလိုက်သည်။

"သားလေး ရော့ ... ဒီကားလေးနဲ့ ဆော့ ... "

"ဆော့ ... ဘူး ... မုန့်စားမယ်"

"စားရမှာပေါ့ သားရယ် ... ခဏလေးနော် အန်တီ မုန့်သွားယူလိုက်ဦးမယ် ... "

မာလာက အိမ်နောက်ဘက် မီးဖိုခန်းသို့ မုန့်ယူပြီး ပြန်ထွက်အလာ အိပ်ခန်းထဲမှ ထွက်လာသည့် ဦးမျိုးမင်းနှင့် သွားဆုံသည်။

"မာလာ ... ခဏ"

ဦးမျိုးမင်းရှေ့တွင် မာလာက ခေါင်းငုံ့ကာရပ်နေသည်။

"မာလာ့ကို မေးမယ် မေးမယ်နဲ့ မကြုံလို့ မမေးဖြစ်ခဲ့ဘူး။ ဟိုတလောက ဦး အရမ်းမူးလာတယ် ... မာလာ ဦးကို အခန်းထဲ တွဲပို့တယ် . . .

နောက်ပြီး ဦးတို့ ဘာတွေဖြစ်ကြလဲ ... "

"ဟင့်အင်း ... မသိဘူး ... မာလာ ဘာမှ မသိပါဘူး မာလာကို မမေးပါနဲ့ ..."

"ဦးကို ပွင့်ပွင့်လင်းလင်း ပြောပါ ... တကယ်လို့ ဦး တစ်ခုခု ကျူးလွန် မိတယ်ဆိုရင် မာလာ နစ်နာမှုအတွက် ... "

"ရှင် ... "

မာလာက ဦးမျိုးမင်း မျက်နှာကို မော့ကြည့်လိုက်သည်။

"ဦး အရှည် အရှည်တွေ မဖြစ်ချင်ဘူး ... မာလာ့ကို ငွေပေးမှာပါ ... အခုကိစ္စကို ဘယ်သူမှ မသိပါစေနဲ့ ... အဓိက,က ...

ရွှေရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူဇာ မသိပါစေနဲ့ မာလာ သူဇာသာသိရင် ဦးတို့ အိမ်ထောင်ရေး ကမောက်ကမဖြစ်မှာစိုးလို့ပါ ... ''

ဦးမျိုးမင်းစကားကြောင့်လည်း မာလာရင်ထဲ နင့်ခနဲလည်း ဖြစ်လို့သွားသည်။

ထို့ကြောင့် ...

''ဒီမယ် ... ဦး ... မာလာဟာ အပျိုစစ်စစ် တစ်ယောက်ပါ ဦးကြောင့် ဖြူစင်တဲ့ မာလာ့ဘဝ ပျက်သွားပြီဆိုတာ ဦးသိရဲ့လား''

''ဟုတ်ပါတယ် ... အဲဒါကြောင့် ဦးက ... ''

''တော်ပါ ... ဦး ... အရာရာငွေနဲ့လိုက်ပြီး ဖုံးဖိလို့ မရပါဘူး။ မာလာ့အပေါ် ဦးတို့ ကျေးဇူးတွေကြောင့် မာလာ သူ မသိအောင် ဖုံးဖိသည်းခံခဲ့တာပါ ...

ဒါကို ဦးက ငွေနဲ့ဝယ်ချင်တယ် ဟုတ်လား ... ''

''ဟိုလေ ... ဦးပြောတဲ့ သဘောက ... ''

ဦးမျိုးမင်းက ဘာပြောရမှန်း မသိတော့ ...

မာလာ့ရင်မှာ ဒေါသမီးတို့ တောက်လောင်လို့နေသည်။

''ဒီမယ် ဦး ... မာလာက ဘဝပျက်ရသူပါ ... မာလာကို နောက်ထပ် လာမစော်ကားပါနဲ့ ... ''

ဦးမျိုးမင်းရဲ့ မျက်နှာတည်သွားပြီး ...

''ရတယ်လေ ... ငါပြဿနာ မတက်ရင် ပြီးတာပဲ ... နင့်ကို ငွေပေးမယ် ပြောပြီးသားပဲ ... ယူတာ မယူတာ နင့်အလုပ်ပဲ ... နောက်မှ ငါ့ကို ပြဿနာလာမရှာနဲ့ ... ''





''ရတယ် မာလာက ငွေမက်တာ မဟုတ်ဘူး ... ငွေနဲ့အရာရာ တိုင်းတဲ့ ဦး ... တစ်နေ့ နောင်တ မရပါစေနဲ့''

မာလာက ခပ်မာမာပြော၍ အိမ်ရှေ့သို့ထွက်လာခဲ့သည်။

ဦးမျိုးမင်းကတော့ နေရာ၌ပင် မတ်တတ်ရပ်ကာ ကျန်ခဲ့၏။

မာလာရင်က ဒေါသတွေ မပြေသေး ...

ဒေါ်သူဇာ့မျက်နှာသာမရှိရင် ဦးမျိုးမင်းဆိုတဲ့ လူကို တစ်စဉ် ဆွဲဖွဲ့လိုက်ချင်၏။

အခုတော့ ...

စာနာထောက်ထားရမည့် ကျေးဇူးတရားတွေအတွက် ရင်ထဲက ဒေါသကိုသာ လျှော့ချလိုက်လေ၏။

''ရော့ ... သားလေး မုန့်စား''

ကိတ်ခြောက်နှစ်ချပ်ကို ကလေးက ယူကာ စားတာကိုကြည့်ရင်း မာလာစိတ်ထဲ၌ အကြံ တစ်မျိုးပေါ်လာသည်။

''အင်း ... မကောင်းပါဘူးလေ''

စိတ်ကိုလျှော့ကာ ကလေးကို မြူလို့သာနေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"အား ... မူးလိုက်တာ"

ဆေးလိပ်ခုံ၌ အလုပ်လုပ်နေရင်း ခေါင်းတွေ တအားမူးလာသဖြင့် မာလာတစ်ယောက် ခုံရှည်၌ ကျောမှီထားရသည်။

"ဟဲ့ ... မာလာ ဘာဖြစ်တာလဲ"

"ငါ အရမ်းမူးတယ် ... အန်လည်း အန်ချင်တယ် ... အော့ဝေါ့ ... "

မာလာက မထိန်းနိုင်ဘဲ အန်ချလိုက်ရာ ဘေးမှ အလုပ်သမားများက နှိပ်သူနှိပ် ရှူဆေးကို နှာဝတော့သူက တော့နှင့် ဝိုင်း၍ ပြုစုကြသည်။

"ဟဲ့ ... မမကြီးကို သွားပြောပါလား ... "

"အေး ... အေး"

အလုပ်သမားတစ်ယောက်က အပြေးသွား၍ အလုပ်ရှင် ဒေါ်သူဇာအား ပြေးပြောသဖြင့် ဒေါ်သူဇာ ရောက်လာသည်။

"ဟဲ့ ... မာလာ ဘယ်လို ဖြစ်ရတာတုန်း ... "





"အစားမှားတယ်နဲ့ တူပါတယ် ... မမကြီးရယ် ကျွန်မတို့လည်း သူဖြစ်ဖြစ်ချင်း ဝိုင်းကူကြတာ ... "

အလုပ်သမား တစ်ဦးဖြစ်တဲ့ ဝိုင်းစိန်က ဝင်ပြောသည်။ မာလာကတော့ ခုံရှည်ကိုမှီကာ မျက်လုံးများ မှေးစင်းလို့ထားသည်။

"လာ ... လာ နင့်ဦးလေး ဆေးရုံ မသွားသေးဘူး ... သူ ကုပေးလိမ့်မယ် ... ဟဲ့ နင်တို့ သူ့ကိုတွဲလာခဲ့ကြ ... "

"ဟုတ်ကဲ့ ... "

ဒေါ်သူဇာကခေါ်တော့ မာလာ့အား အလုပ်သမားနှစ်ဦးက တွဲကာခေါ်လာခဲ့ကြသည်။

"အစ်ကိုရေ ... မာလာ မူးလို့တဲ့ ဆေးရုံမသွားခင်ကြည့်ပေးလိုက်ပါဦး ... "

"အေး ... လူနာကြည့်တဲ့ အခန်းထဲခေါ်သွားလိုက်"

ဦးမျိုးမင်းက ဆေးခန်းမဖွင့်ထားပေမယ့် ဆေးလိပ်လိပ်သည့် အလုပ်သမများ တစ်ခါတစ်ရံ ရောဂါဖြစ်သည့်အခါ ကုသပေးသည့် ဆေးခန်းတွင်းသို့ မာလာကို ကြည့်ရန်ဝင်လာခဲ့သည်။

"သူဇာ သူတို့ကို သွားခိုင်းလိုက် မာလာက တစ်မိမ်းမှ မဟုတ်တာ မင်းရှိနေတာပဲ ... "

"နင်တို့ သွားတော့ မာလာလိုအပ်တာ ငါပဲ လုပ်ပေးလိုက်မယ် ... "

"ဟုတ်ကဲ့ ... မမကြီး"

အလုပ်သမနှစ်ယောက် အခန်းထဲမှ ထွက်သွားတော့ ဦးမျိုးမင်း

ရှိရင့်အောင်စာပေ

www.burmeseclassic.com



က လိုအပ်တာများကို စမ်းသပ် စစ်ဆေးလိုက်၏။

ခဏကြာတော့ ...

မျက်နှာမကောင်း ... ဒေါ်သူဇာက ...

"ဘာဖြစ်တာလဲ အစ်ကို ... "

ဦးမျိုးမင်း ချက်ချင်း မဖြေ ... အတန်ကြာ စဉ်းစားနေသည်။

ဒေါ်သူဇာက စိတ် မရှည်စွာနှင့် ...

"အစ်ကို မာလာ ဘာဖြစ်လို့လဲ ... "

"သူဇာ ... မာလာမှာ ကိုယ်ဝန်ရှိနေပြီ ... "

"ဟင်"

ဒေါ်သူဇာ အံ့ဩသွားသည်။ မာလာက အိမ်ထောင် မရှိသည့် အပျိုတစ်ယောက် ရုပ်ရည်က ချောမောလှပပေမယ့် ရည်းစားရှိသည်ဟု သူ မကြားမိခဲ့ ...

ထို့ကြောင့် ...

"ဟုတ်ရဲ့လား ... အစ်ကိုရယ်"

"အစ်ကိုထင်ရင် လွဲခဲ့ပါတယ် ... ဒီကောင်မလေး တိတ်တိတ် ပုန်း ဘာတွေ ဖြစ်ခဲ့လဲမှ မသိတာ ... "

"သူဇာ သိသလောက်ကတော့ သူ့မှာ ရည်းစားတောင် ရှိတာ မဟုတ်ဘူး ... "

ဦးမျိုးမင်းက ပခုံးကိုတွန့်ပြလျက် ...

"ဘယ်ပြောရမလဲ ... သူဇာ ... သူတို့လို အဆင့်အတန်း ကလူတွေက ... ကွယ်ရာမှာ ဖြစ်ချင်တိုင်း ဖြစ်ကြတာမလား"





"ဟာ ... အစ်ကိုရယ် အဲဒီလို မပြောပါနဲ့ ... "

"သူဇာ ... မင်းလူတွေကို မင်းပဲယုံနေ ငါသွားတော့မယ် ဂျူတီဝင်ရမှာ နောက်ကျတော့မယ် ... "

ဦးမျိုးမင်းကပြောကာ အခန်းထဲမှ ထွက်သွားသည်။ မာလာက ခုတင်ပေါ်မှာ မျက်လုံးမှိတ်ထားရင်း ပါးပေါ်သို့ မျက်ရည်ပူများ စီးကျလို့ လာသည်။

ဦးမျိုးမင်းနှင့် ဒေါ်သူဇာပြောတာကို သူအကုန်ကြား၏။ သူ့လို ဆင်းရဲသား မုဆိုးမတစ်ယောက်ရဲ့သမီးမှာ ကိုယ်ဝန်ရှိလာပြီ ... လူ မသိ ... သူမသိ အစော်ကားခံရတာကို စော်ကားသူ ကိုယ်တိုင်က သူ့သိက္ခာ မဲ့အောင်ပြောသွားသည်။ စကားလုံးတွေ ...

ခံပြင်းဒေါသစိတ်ကြောင့် သူ့အသားတွေ တဆက်ဆက်တုန်ကာ မျက်ရည်ပူတို့က ဆက်တိုက်ကိုကျနေသည်။

ခုတင်ပေါ် ပက်လက် အနေအထားမှ ဆတ်ခနဲ ထထိုင်တော့ ဒေါ်သူဇာက ...

"မာလာ ... နင် ဘယ်လိုဖြစ်တာလဲ ... ဘယ်သူနဲ့လဲ ငါ့ကို ပြောစမ်း ... နင်နဲ့ပတ်သက်ခဲ့တဲ့လူကို ငါကိုယ်တိုင် ပေးစားမယ်"

"ဟင့်အင် ... ဟင့်အင်း"

မာလာက ရှိုက်ငိုကာ ခေါင်းကို သွက်လက်စွာ ခါရမ်းလိုက်၏။

"ဟဲ့ ... နင်မပြောလို့ ဖြစ်မလား ... နောက်ဆို ကိုယ်ဝန်က ရင့်လာတော့မှာ ... ကိုယ့်မှာ လင်ယောက်ျားမရှိရင် ပတ်ဝန်းကျင်မှာ အရှက်တကွဲ ဖြစ်ရမယ်လေ ... ပြောစမ်းပါ ... ဒီကိစ္စငါရှင်းပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မပြောပါရစေနဲ့ မမကြီးရယ် ... "

"မပြောလို့ မဖြစ်ပါဘူး ... နင်က ငါ့ညီမလေးတစ်ယောက်လို နေလာတာ ငါ့မှာ တာဝန်ရှိတယ် ... "

ဒေါ်သူဇာက အတင်းမေးလေ မာလာအတွက် ဖြေရခက်လေ ဖြစ်နေသည်။

ဦးမျိုးမင်း၏ မျက်နှာကြီးကိုလည်း မာလာ မျက်လုံးထဲတွင် ကြောက်စရာအသွင် မြင်လို့လာသည်။

"တောက် ... "

"ဟင် ... "

မာလာ၏ ခပ်ပြင်းပြင်း တောက်ခေါက်လိုက်သံကြောင့် ဒေါ်သူဇာက အံ့သြစွာကြည့်နေစဉ် မာလာက ခုတင်ပေါ်မှ ဆင်း၍ အိမ်ထဲမှ ပြေးထွက်လို့ သွားလေတော့သည်။

ဧရှင်အောင်စာပေ

ပါးစပ်မှာ အစွယ်တွေ တဖွေးဖွေးနှင့်
ကြောက်စရာကောင်း လှတာကြောင့် ....

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)
## လည်တိုင်က သွေး

"မာမီ ... သား အဲဒီကား မကြည့်ချင်ဘူး ... ကြောက်တယ် သားအရမ်းကြောက်လို့ပါ ... "

မော်ဆက်က သူ့မာမီပြသည့် ဗီဒီယိုကားကို ကြည့်၍ အထိတ်တလန့်နှင့် ပြောနေသည်။

"ဘာကြောက်စရာရှိလို့လဲ ... သားရဲ့"

"ဟိုလူကြီးကလေ ... ပါးစပ်မှာ အစွယ်နှစ်ခုနဲ့ မိန်းကလေးတွေ လည်ပင်းကို လိုက်ကိုက်တယ်"

"သွေးစုပ်တာ သားရဲ့ ... "

"သွေးစုပ်တာ ဟုတ်လား ... "

မော်ဆက်က သူ့မာမီစကားကို စဉ်းစားလို့နေသည်။

ပြီးမှ ...





"သွေးစုပ်တာဆိုတော့ သွေးကချိုလို့လား ... မာမီ"

"ချိုတာပေါ့ ... သွေးက အရသာ သိပ်ရှိတာ သားကြိုက်မှာပါ"

"ဟင့်အင်း ... မာမီ သားမကြိုက်ဘူး ... သား သွေးကို ကြောက်တယ်"

"ဟား ... ဟား ... ဟား"

မော်ဆက်က သူပြောတာကို သဘောကျစွာ အားရပါးရ ရယ်မောနေသည့် မာမီကိုကြည့်ပြီး နားမလည်ဖြစ်နေသည်။

မော်ဆက် လူမှန်းသိတတ်ကတည်းက ဖခင်ကို မမြင်ဖူးခဲ့ မာမီ တစ်ယောက်ထဲရဲ့ လက်ပေါ်မှာ ကြီးခဲ့ရသည်။ အရွယ်နည်းနည်းရလို့ မူလတန်းတက်တော့ အိမ်ကို အကြီးစိုးရောက်လာသည်။

အကြီးစိုးက မော်ဆက်ကို တာဝန်ယူ ထိန်းကျောင်းရတယ်ဆိုပေမယ့် မော်ဆက်ရဲ့ အနေအထိုင် အပြောအဆို စိတ်ဓာတ်ပိုင်းကတော့ မာမီက သူ့သဘောအတိုင်း ပုံသွင်းခဲ့သည်။

"မော် ... ငါက ခပ်ပျော့ပျော့ မကြိုက်ဘူးနော် ... သူများနဲ့ ရန်ဖြစ်ရင် ချစရာရှိချ ... ကွဲပြဲရင် ငါလိုက်ရှင်းမယ် ... "

"ဟို ... ဟို ... သား မလုပ်ရဲဘူး မာမီ ... "

"ဘာ ... မလုပ်ရဲရမှာလဲ နောက်တစ်ခါ ငါ့ကို အဲလိုစကား ပြောကြည့် နင့်ကို ဟိုအမှောင်ခန်းထဲ ပို့ထားလိုက်မယ် ... "

"သား ... လုပ်ပါ့မယ်"

မော်ဆက် အမှောင်ခန်းကိုတော့ ကြောက်သည်။ မာမီက ဒဏ်ပေးတာ တစ်မျိုး ... ကြီးမားလှသည့် သူတို့တိုက်အိမ်ကြီးမှာ မြေ



www.burmeseclassic.com

www.burmeseclassic.com



အောက်ခန်းရှိသည်။

မြေအောက်ခန်းကလည်း ကျယ်ဝန်းလှသလို အေးစိမ့်နေအောင် လေအေးပေးစက် တပ်လို့ထား၏။ မြေအောက်ခန်း နံရံတွေမှာ ယောကျ်ား တစ်ဦးက မိန်းမပျိုတစ်ဦး၏ လည်တိုင်ကို သွေးစုပ်နေသည့် ပုံသဏ္ဍာန် အမျိုးမျိုး၏ ပုံကားချပ်များ ချိတ်ဆွဲထားသည်။

"မော်ဆက် မင်းတစ်နေ့ ကောင်မလေးတွေရဲ့လည်တိုင်က သွေးကို စုပ်ရမယ် ... "

"ဟင့်အင်း ... မာမီ"

"ဘာပြင်းတာလဲ ... အဲလိုမှ သွေးမစုပ်ရင် မင်းဘယ်လို အသက်ရှင်မလဲ ... "

"သွေးစုပ်မှ အသက်ရှင်ရမယ် ... ဟုတ်လား မာမီ"

"ဟုတ်တယ် ... အဲဒီစကား မင်း မှတ်ထားရမယ် ... "

မာမီက သူ့စကားနားမထောင်တာနှင့် မြေအောက်ခန်းမှာ နှစ်ရက် သုံးရက်လောက် အမှောင်ချကာထားသည်။

ယမင်းစားချိန်ဆို သူကိုယ်တိုင် လာပို့သည်။ ကြာတော့လည်း သူ့ မျက်လုံးထဲတွင် မာမီ့အား အစွယ်နှစ်ဘက်ထွက်နေသည့် နိုင်ငံခြား ရုပ်ရှင်ကားထဲက ဖာတ်ကောင် တစ်ယောက်လိုသာ မြင်နေတော့သည်။

ᨓᨓᨓ



အလင်းရောင်က မဲမှောင်လို့နေပေမယ့် ဖယောင်းတိုင်ကြီးရဲ့ အလင်းရောင်ကြောင့် မြေအောက်ခန်းက လင်းလို့နေသည်။

သူပွင့်နေသည့် မြေအောက်ခန်းသို့ ဆင်းသည့် တံခါးကို အသာ တွန်းကာ ဘာ့ယ်အတွက်ကြောင့် ထိုအလင်းရောင်က လင်းနေတာလဲဟု တွေး၍ အဆင်းလှေကားအတိုင်း တရွေ့ရွေ့ဆင်းလာသည်။

"ဟင် ... "

သူ့ မြေအောက်ခန်းမှာ မာမီ ဒဏ်ပေးစဉ်က ထိုင်ခဲ့သည့် ကုလား ထိုင်ရှေ့ စားပွဲပေါ်တွင် မဲမဲသဏ္ဍာန် အထုပ်ရှည်ပုံစံကြီး တစ်ခု -

ထိုစားပွဲဘေးတွင် အနီရောင် ဝတ်ရုံကြီးကို ခြုံကာ ထိုအထုပ် ရှည်ကြီးကို စူးစူးစိုက်စိုက်ကြည့်နေသည့် မာမီ မြေအောက်ခန်း တစ်ခုလုံး မှာလည်း မြူငွေ့တွေလား မီးခိုးငွေ့တွေလားမသိ ဖြူဖြူပုံသဏ္ဍာန် အခိုး အငွေ့တွေက လွှမ်းခြုံထားသည်။

"မာမီ ... "



www.burmeseclassic.com

www.burmeseclassic.com



သူနှုတ်ဖျားက အသံထွက်အောင် ခေါ်ပေမယ့် ခေါ်သံက လည်းချောင်းဝမှာ တစ်နေသည်။

မာမီက သူဆင်းလာတာကို လုံးဝသိပုံ မရ ... ဖယောင်းတိုင် မီးအလင်းရောင်အောက်က အထုပ်ရှည်ကိုသာ ကြည့်မြဲ ကြည့်နေသည်။

"ဟင်"

မော်ဆက် တဖြည်းဖြည်း အနားရောက်လို့ စားပွဲခုံပေါ်က အထုပ် မည်းကို သေချာကြည့်လိုက်တော့ လွန်စွာ ထိတ်လန့်လို့သွားသည်။

မည်းမည်းသဏ္ဍာန် အထုပ်ရှည်တစ်ထုပ် မဟုတ်ဘဲ အလောင်း တစ်လောင်းဖြစ်နေသည်။

မာမီရဲ့ မျက်လုံးတွေက လုံးဝ မျက်တောင်ခတ်ခြင်း မရှိ။ ခြုံ ထားသည့် ဝတ်ရုံအနီကြီးက ဘာကြောင့်ခြုံထားမှန်းလည်း သူမသိ။

ပတ်ဝန်းကျင် တစ်ခုလုံးကို မာမီ မေ့လျော့နေသည်။ လေအေး ပေးစက်ကြောင့် သဘာဝရဲ့ အေးစက်မှုလား မသိ ... မြေအောက်ခန်း ကတော့ စိမ့်နေအောင်အေးသည်။

"ဂုန်း ... "

"အမလေး ... "

ရုတ်တရက် စားပွဲပေါ်မှ အလောင်းကောင်ကြီးက ထထိုင်ရာ မော်ဆက် မျက်လုံးတွေပျာသွားပြီး လန့်ကာအော်လိုက်၏။ သို့သော်

အသံကထွက်မလာ ...

"ဟင်"

မာမီ နှုတ်ခမ်းကတွန့်ကာ ပြုံးလိုက်သည်။





ပြီးတော့ ...

အလောင်းကောင်ကြီးကို တီးတိုးကပ်ကာ စကားပြောလိုက်စဉ်–

"ဟင် ... မာမီ"

အလောင်းကောင်ကြီးက မာမီ့ပခုံးကို ဖက်ကာ လည်ပင်းအား သူ့ပါးစပ်နှင့် ကိုက်လိုက်သည်။

"အား ... "

"မာမီ ... "

ပြင်းထန်စွာ ဝေဒနာ ခံစားရ၍ နာကျင်စွာ မာမီ အော်လိုက်ပြီး လဲကျလို့သွားရာ မော်ဆက်လည်း အနားသို့ပြေး၍ လဲကျသွားသည့် မာမီအား စိုးရိမ်စွာ ကိုယ်ကို သူ့လက်နှင့်လှုပ်၍ ခေါ်နေသည်။

"မာမီ ... "

မာမီက လုံးဝ မလှုပ် စားပွဲပေါ်မှ အလောင်းကောင်ကြီးရဲ့ နှုတ်ခမ်း မှာ သွေးစတို့ စွန်းပေနေသည်။

"ဒုန်း ... "

အလောင်းကောင်ကြီးက စားပွဲပေါ် ပြန်လဲကျသွားသည်။

"မာမီ ... "

မော်ဆက်က သူ့မာမီကို အတင်းလှုပ်ကာ ခေါ်ပြန်သည်။ ခဏ ကြာတော့ မာမီမျက်လုံးတွေ ရုတ်တရက် ပွင့်လာပြီး သူ့ကို ကြည့်လိုက်၏။

"ဟင် ... "

မာမီရဲ့ အကြည့်တွေကြောင့် မော်ဆက် ထိတ်လန့်သွားသည်။

"မာမီ ... သားလေ ... မာမီ"



www.burmeseclassic.com

www.burmeseclassic.com



မာမိ ရှုတ်တရက် ထထိုင်လိုက်ပြီး သူ့ကို အတင်းဖက်ရန် ပြင်လိုက်ရာ ...

"မာမီ ... ဟင်"

မာမီရဲ့ ပါးစပ်ထဲမှ သွားအချွန်အရှည်နှစ်ချောင်းထွက်လို့လာပြီး သူ့လည်ပင်းအား စိုက်ချလိုက်လေတော့သည်။

"အား ... "

ﾊﾊﾊ



"သား ... မော် ဘာဖြစ်တာလဲ"

မော်ဆက် မျက်လုံး ဖွင့်ကြည့်လိုက်တော့ ကြီးစိုး ...

"သားကို မာမီ ... "

"သား ... အိပ်မက် မက်နေတာပါကွယ် ... သားအော်သံကြားလို့ ကြီးစိုးထလာတာ ... "

ကြီးစိုးက ရှင်းပြပေမယ့် မော်ဆက်ရင်ထဲမှာ ခုထိကြောက် စိတ်က မပြယ်သေး ...

"မာမီ ပါးစပ်ကလေ အစွယ်ကြီးတွေ ထွက်လာတယ် ကြီးစိုးရဲ့ သားလည်ပင်းကိုလည်း မာမီကိုက်လိုက်တာ ခုထိ နာနေတုန်း ကြည့်ကြည့်ပါလား ကြီးစိုး ... "

"ဟင်"

မော်ဆက် ပြရာသို့ ကြီးစိုးကြည့်လိုက်ရာ အံ့သြလို့သွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မော်ဆက်လည်ပင်းမှာ ခြစ်ရာပုံစံ အစင်းကြောင်းနှစ်ခု သွေးများစို့လို့နေသည်။

"မာမီက ဘာလဲဟင် ကြီးစိုး ... "

"အို ... သား မာမီက ... မာမီပဲပေါ့ကွယ် ... ပြန်အိပ်တော့နော် ... "

"သား ... မေးတာကို ဖြေဦးလေ"

မော်ဆက်က အတင်းမေးတာကြောင့် ကြီးစိုး ဖြေရခက်နေသည်။ သူကိုယ်တိုင်လည်း မော်ဆက် မာမီကို နားမလည် ...

မိခင်တစ်ယောက်အနေနှင့် သူ့သားကို ဖြစ်စေချင်သည့်ဆန္ဒက တစ်မျိုးဖြစ်နေသည်။

မော်ဆက်က အခုဆို အသက်က ဆယ့်သုံးနှစ်အရွယ်ရောက်လာပြီး ခုနစ်တန်းကျောင်းသားပင် ဖြစ်နေပြီ ...

သို့သော်လည်း ...

ဘာပဲလုပ်လုပ် မိခင်ရဲ့ လွှမ်းမိုးမှုအောက်မှာပဲ ရှိနေသည်။

"ကြီးစိုး ... မာမီက တစ်ခါတလေ မြေအောက်ခန်းထဲကို တစ်ယောက်တည်း ဘာသွားလုပ်တာလဲဟင် ...

သား အိပ်မက်ထဲကလို အလောင်းကောင်ကြီးဆီသွားတာလား ... "

"ဟုတ်မယ် မထင်ပါဘူး ... စိတ်လေ့ကျင့်ခန်းတွေ လုပ်တာနေမှာပေါ့ ... "

"စကားသံတွေ ကြားလို့ဝင်လာတာ ညဦးနက်ကြီးဖြစ်နေပြီ





မအိပ်သေးဘူးလား ... "

စကားသံနှင့်အတူ အခန်းထဲသို့ဝင်လာသည့် မာမီကိုတွေ့လိုက်တော့ မော်ဆက် ပို၍ အုံ့ဩသွားသည်။

"ဟင်"

အနီရောင် ဝတ်ရုံကြီးနှင့် မာမီက သူ့အိပ်မက်ထဲက အတိုင်းပင် ဖြစ်နေသည်။

"သား မာမီကို တအံ့တဩ ဘာလို့ကြည့်နေတာလဲ ... "

"ဘာ ... ဘာမှ မဟုတ်ပါဘူး မာမီ ... "

"ဘာမှမဟုတ်လည်း အိပ်တော့ ... ကြီးစိုးလည်း အိပ်ရေးပျက်တယ် သွားအိပ်တော့ ... "

"ဟုတ်ကဲ့ ... "

မာမီက သူ့ကို ခြင်ထောင်ထဲထည့်၍ အခန်းမီးပိတ်ပြီး ထွက်သွားသည်။ မာမီက သူ့ကို ချစ်ပါသည်လေ ...

ထိုသို့တွေးရင်း လည်ပင်းကို စမ်းကြည့်တော့ နာကျင်နေဆဲ ထိုနာကျင်မှုကို ခံစားခဲ့ရသည့်နေ့မှစ၍ သူ့ရဲ့စိတ်တွေကတော့ ...

ꩩꩩꩩ



www.burmeseclassic.com

www.burmeseclassic.com

ဖြူဖွေးနေသည့် မျက်နှာဟာ
သွေးဆုတ်လာတာကြောင့်...

BURMESE CLASSIC .com

## အခန်း (၇)
## ဝိဉာဉ်ကာဝ်သူ

"တူ ... တူ"

လက်ကိုင်ဖုန်းမြည်သံကြောင့် ဒေါ်ရတနာ ကောက်ကိုင်လိုက်သည်။

"ဟဲလို ... "

"ဒေါ်ရတနာ ကျောင်းကို လာခဲ့ပါလား ... ဒေါ်ရတနာ့သား မော်ဆက် ကျောင်းမှာ ပြဿနာတက်လို့"

"ရှင် _ သား ဘာဖြစ်လို့လဲ _ အခုပြောနေတာက ဘယ်သူပါလဲ ရှင် ... "

တစ်ဘက်ဖုန်းအသံရှင်က ...

"ကျွန်တော်က မော်ဆက်တို့ အတန်းပိုင်ဆရာပါ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ကျွန်မ အခုပဲလာခဲ့ပါ့မယ်"

ဒေါ်ရတနာက ဖုန်းကို ပိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အဝတ်အစားကောက်လဲ၍ ကြီးစိုးအားလှမ်း၍–

"ကြီးစိုး ... မော့် ကျောင်းမှာ ပြဿနာတက်လို့တဲ့ ရတနာ လိုက်သွားဦးမယ် ... "

"ဟင် ... သားလေး ဘာဖြစ်လို့လဲ"

"မသိပါဘူး ကြီးစိုးရယ် ... ကျောင်းဆရာက ဖုန်းဆက်ခေါ် လို့ ... "

ရတနာကပြော၍ ကားကို မောင်းထွက်လာခဲ့သည်။ သူ့သား မော်ဆက်က အနေအထိုင် အေးလွန်း၍ သူ အားမရ ယောကျ်ားဆိုလျှင် သွက်သွက်လက်လက် သတ္တိရှိတာကို သူ သဘောကျသည်။

အခု ...

မော်ဆက်က ဆယ်တန်းကျောင်းသားဖြစ်ပြီး လူပျိုပေါက် အရွယ်ဆိုတော့ စိတ်ဓာတ်ကြွကာ ထက်ထက်မြက်မြက် ဖြစ်လာပြီလားဟု သူ တွေးမိ၏။

ကျောင်းရောက်တော့ ရုံးခန်းအတွင်းရှိ စားပွဲခုံရှေ့ထိုင်ခုံတွင် ထိုင်နေသည့် မော်ဆက်ကို တွေ့ရသည်။

"ဒေါ်ရတနာ လာထိုင်ပါ ... "

"ဟုတ်ကဲ့ ... "

ဆရာကြီးက သူ့ရှေ့ထိုင်ခုံကို ညွှန်ပြရာ ရတနာလည်းဝင်ထိုင် လိုက်၏။

"ဘာဖြစ်လို့လဲ ... ဆရာကြီး"

"ဒီလိုပါ ... ဒေါ်ရတနာ ... မောင်မော်ဆက်ကို သူ့ သူငယ်ချင်း





တွေက ဝိုင်းစကြတယ် ... စတာကလည်း တော်တော် လွန်လွန်ကျူးကျူး ကိုစတာ ...

ဒါကို မောင်မော်ဆက်က မခံနိုင်တော့ ရန်ဖြစ်ကြတယ် ... "

"ဟုတ်ကဲ့ ... "

ရတနာစိတ်ထဲမှာ ရန်ဖြစ်၍ မိဘကိုခေါ်ကာတိုင်တန်းခြင်းဖြစ် သည်ဟု ထင်မိသည်။

"ပြဿနာက ဒီလို ဒေါ်ရတနာ တစ်ယောက်နဲ့တစ်ယောက် ထိုးကြိတ်ကြလို့ ကွဲပြဲတာမဟုတ်ဘဲ မောင်မော်ဆက်က ထက်ကိုဆိုတဲ့ သူနဲ့ရန်ဖြစ်တဲ့ ကောင်လေးရဲ့ လည်ပင်းကို ကိုက်လိုက်တာ"

"ရှင် ... "

ရတနာ အံ့ဩသွားသည်။ သူ့သား မော်ဆက်ကို ကြည့်လိုက်တော့ မော်ဆက်က ထိုင်ခုံမှာ ထိုင်၍ ခေါင်းကိုငုံ့ထား၏။

"ထက်ကို ကို အခုဆေးရုံပို့ထားရတယ် ... ဒဏ်ရာက သွားရာ နှစ်ပေါက်ထဲဆိုပေမယ့် ... မောင်မော်ဆက် ဘယ်လိုလုပ်လိုက်လည်း မသိဘူး ... သွေးက တရားလွန်ထွက်သွားတာယ် ... "

"ရှင် ... ဘယ်လို"

"ကျောင်းသားအချင်းချင်း ဖြစ်တဲ့ကိစ္စဆိုတော့ တခြားအရှုပ် အရှုပ်တွေ မဖြစ်စေချင်ဘူး ...

မောင်ထက်ကိုရဲ့ မိဘတွေကို အကျိုးအကြောင်း တောင်းပန်ပြီး ဆေးကုသစရိတ် တာဝန်ယူလိုက်ရင် ရပါတယ် ... ဒေါ်ရတနာနဲ့အတူ ကျွန်တော်တို့ဆေးရုံ သွားကြတာပေါ့ ... "



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအုပ်ဆရာကြီးက အဆင်ပြေစေရန် ပြောတော့ ဒေါ်ရတနာက ...

"ဟုတ်ကဲ့ပါရှင် ... ဆေးကုသတဲ့ စရိတ် ဘယ်လောက် ကုန်ကုန် ရတနာကုပ့်ါမယ် ... "

"ကဲ ... ဒီလိုဆို ဆေးရုံလိုက်သွားကြတာပေါ့ ... မောင်မော်ဆက်လည်း လိုက်ခဲ့ပါ ... နောင် အခုလို ကျောင်းသားချင်း ပြဿနာဖြစ်ရင် ကျောင်းထုတ်တဲ့ အထိ အပြစ်ပေးခံရမယ် မှတ်တမ်းစာအုပ်မှာ ဒေါ်ရတနာနဲ့ မောင်မော်ဆက်တို့ လက်မှတ်ထိုးပါ ... "

"ဟုတ်ကဲ့ပါ ဆရာကြီး ... "

ဒေါ်ရတနာက သူ့သား မော်ဆက်နှင့်အတူ မှတ်တမ်းမှာ လက်မှတ်ထိုးလိုက်ကြသည်။

ထို့နောက် ...

ကျောင်းအုပ်ဆရာကြီးနှင့်အတူ ကျောင်းမှဆရာ ဆရာမ တချို့နှင့် ထက်ကိုရှိရာ ဆေးရုံသို့ ထွက်လာခဲ့ကြတော့သည်။

ဣ ဣ ဣ



"မြင်တဲ့ အတိုင်းပါပဲ ဆရာကြီးရယ် ... သတိကတော့ စောစောကမှ ရတယ် ... ဆရာဝန်က ဆေးတစ်လုံး ထိုးပေးလိုက်လို့ သက်သာသွားတာ ... "

ထက်ကိုရဲ့မိခင်က ရှင်းပြတော့ ဆရာကြီးနှင့်ရတနာတို့က ခုတင်ပေါ်တွင် သွေးသွင်းရသည့် ထက်ကို့ကိုကြည့်၍ စိတ်မကောင်း–

ထက်ကို မိဘတွေရဲ့ အနေအထားက နွမ်းပါးပုံရတာကြောင့် ရတနာက အစစအရာရာ ကူညီဖို့ဆုံးဖြတ်လိုက်သည်။

"ရတနာ စိတ်မကောင်းပါဘူး ... ရတနာ့သားကိုလည်း ဆုံးမပါ့မယ် ... ဒီကလေး ဆေးကုသစရိတ်နဲ့ တခြားလိုအပ်တာအားလုံး ရတနာ တာဝန်ယူပေးပါ့မယ် ... "

"ကလေးချင်းဖြစ်တာပဲ ဗွေမယူပါဘူး ... နောက် သူငယ်ချင်း အချင်းချင်း ပြဿနာ မဖြစ်ရင်ပြီးတာပဲ ... "

ထက်ကိုမိခင်က အေးဆေးစွာ ရှင်းပြသည်။ ရတနာက အိပ်ယာထဲက



www.burmeseclassic.com

www.burmeseclassic.com



ငွေတစ်ထပ်ကိုထုတ်၍ ထက်ကို မိခင်အားပေးလိုက်၏။

''ယူပါ အစ်မ ... လိုအပ်ရင် အချိန်မရွေး ရတနာ့ဆီဖုန်းဆက်လိုက်ပါ ... ''

''ကျေးဇူးတင်ပါတယ် ... ညီမရယ် အစ်မတို့က ဆင်းရဲတော့ သားကို မဖြစ်မနေမို့ ဆေးရုံတင်ရတာ အခက်အခဲအတော့်ကိုဖြစ်တယ်''

ထက်ကိုမိခင်က ပွင့်လင်းစွာ ပြောဆိုလေ၏။ မော်ဆက်ကတော့ သူနဲ့ ဘာမှမဆိုင်သလို ဆေးရုံကော်ရစ်တာ လမ်းဘက်သို့ ထွက်ကာ မတ်တတ်ရပ်နေသည်။

ထက်ကို့ကို သူလုပ်လိုက်သည့် လုပ်ရပ်အတွက် လုံးဝနောင်တမရ ... အသားဖြူဖြူနှင့် လူရည်သန့် ထက်ကိုရဲ့လည်ပင်းကို ကိုက်လိုက်သည့်အတွက် နောင်တလည်းမရ ...

ထက်ကိုရဲ့ လည်ပင်းက ထွက်လာတဲ့ သွေးတွေ ... သူ့ဘဝရဲ့ ပထမဆုံး၊ အတွေ့အကြုံ အဦးဆုံး အောင်မြင်မှု သူ ကျေနပ်မိသည်။

ထိုစဉ် ...

ဆေးရုံ လူနာဆောင်ထဲမှာ ကောင်မလေးတစ်ယောက် အဝတ်အစား ဖိုသီဖတ်သီနှင့် ထွက်လာသည်။

သူ့နားသို့ ရောက်တော့ သူ့ရှေ့ ခပ်လှမ်းလှမ်းမှာ မတ်တတ်ရပ်ကာ သူ့ကိုကြည့်နေသည်။ မျက်နှာက ချောလှပေမယ့် သွေး မရှိသည့်ပုံနှင့် ဖြူဖတ်ဖြူရော် ဖြစ်နေသည်။

ကောင်မလေးက သူနှင့် ရွယ်တူလောက်သာရှိသည်။

''ဘာလာလုပ်တာလဲ ... ''





''ဟင်''

သူ့ကို ရင်းနှီးသည့်ပုံနှင့် နှုတ်ဆက်တာကြောင့် သူ အံ့ဩသွားသည်။

''သွားမယ် ... ''

''အင်း ... ''

သူ့ကို နှုတ်ဆက်ပြီးတော့ ရောင်ရမ်းကာ ခေါင်းညိတ်လိုက်၏။ ကောင်မလေးက ဆေးရုံအနောက်ဘက်သို့ ခပ်ဖြည်းဖြည်း လျှောက်လို့သွား၏။

ခပ်လှမ်းလှမ်းရောက်တော့ သူ့ဘက် ခေါင်းစောင်းကာ ပြုံးပြပြီး ပြန်လှည့်ကာ ဆက်လျှောက်သွားသည်။

သူလည်း ငေး၍ကြည့်နေစဉ် ...

''ဟဲ့ ... ဘာလုပ်နေတာလဲ ... ဆရာကြီးတို့နဲ့ ထက်ကို မိဘတွေကို သွားနှုတ်ဆက်လိုက်ဦး ... ''

''ဟုတ် ... ဟုတ်ကဲ့''

မာမီက သူ့အနားလာကာပြောတော့ မော်ဆက်လည်း ထက်ကို ခုတင်နားသွား၍ နှုတ်ဆက်ကာပြန်ထွက်လာသည်။

''လာပြန်မယ်''

မာမီနှင့်အတူ စင်္ကြံလမ်းအတိုင်း လျှောက်လာစဉ် ...

''ဒိုး ... ဒိုး ... ''

သူတို့ရဲ့ မျက်နှာချင်းဆိုင်မှ လှည်းတစ်စီး တွန်းလာသည်ကို တွေ့ရ၏။

www.burmeseclassic.com



"မာဂီ အဲဒီလှည်းက ဘာလှည်းလဲ ဟင် ... "

"ဆေးရုံလာတတ်တဲ့လူ သေလို့ တင်ပြီးတွန်းလာတာ"

"ဟင် ... ဟုတ်လား"

သူ အံ့သြနေစဉ် လှည်းက သူတို့ဘေးနားရောက်တော့ သူ့အကြည့်က လှည်းပေါ်က ရုပ်အလောင်းဆီ အကြည့်ကရောက်သွားသည်။

"ဟင် ... ဟို ... ဟို ကောင်မလေး ... "

သူ အံ့သြစွာ ရေရွတ်လိုက်၏။

မာမီလည်း အလောင်းကို လှမ်းကြည့်ပြီး သူပြောတာကို နားမလည်၍ ...

"ဘယ်ကောင်မလေးလဲ ... သားသိလို့လား ... "

"ဟင့်အင်း ... မသိပါဘူး မာမီ ... ခုန သားရပ်နေတာကို သူနှုတ်ဆက်သွားတယ် ... ခု အလောင်းတင် လှည်းပေါ်ရောက်နေတယ်"

"မင်းတွေ့တာ ဝိညာဉ်နေမှာပေါ့"

"ဗျာ ... "

သူ အံ့သြ နေပေမယ့် မာမီက ဘာမှဆက်မပြောတော့ဘဲ ဆေးရုံအပေါက်ဝသို့သာ လျှောက်သွားသဖြင့် သူလည်း နောက်မှအပြေးလိုက်လို့သွားသည်။

"ဟဲ ... တက် အိမ်ပြန်မယ် ... "

မာမီက ကားတံခါးကို ဖွင့်ပေးတော့ သူလည်း ကားပေါ်တက်ကာ ထိုင်လိုက်သည်။

မာမီက ကားမောင်းတော့ သူက ...





"မာမီ ကျောင်းမှာ သားလွယ်အိတ်တွေ ကျန်နေခဲ့တယ်"

"ကိစ္စမရှိဘူး ... လူကြုံနဲ့ ယူခိုင်းလိုက်မယ် ... မင်းနဲ့မာမီ စကားပြောစရာရှိတယ် ... "

"ဟုတ် ... ဟုတ်ကဲ့ ... "

မာမီရဲ့စကားတွေ အမိန့်တွေကို သူဘယ်တုန်းကမှ လွန်ဆန် ခဲ့တာမဟုတ် ... သူလုပ်ခဲ့တဲ့ လုပ်ရပ်တွေအတွက် မာမီသူ့ကို အပြစ်တင်လည်း ခံလိုက်မည်ဟုသာ တွေးမိလေတော့သည်။

‸‸‸ ‸‸‸ ‸‸‸



www.burmeseclassic.com

www.burmeseclassic.com

နှစ်ဆယ့်တစ်နှစ်ပြည့်ရင် အနားပေးမယ်ဆိုတော့
နင့်အမေဟာ ...

## အခန်း (၈)

## ဆိုမ်ကိုလာတဲ့တစ္ဆေ

"အခုဖြစ်တဲ့ ကိစ္စမှာ မင်းလွန်တယ်လို့ ငါ မပြောချင်ဘူးနော် ဘာလို့လဲဆိုတော့ ... ကိုယ့်ကို လာစော်ကားတဲ့လူဆို ကိုယ်ကတုန့်ပြန်ရမှာပဲ ...

တစ်ခုတော့ရှိတယ် တခြားနည်းနဲ့ ... မတုန့်ပြန်ပဲ ဘာလို့ လည်ပင်းကို ကိုက်လိုက်ရတာလဲ"

ဒေါ်ရတနာကမေးတော့ မော်ဆက်က မျက်နှာကို အောက်ငုံ့လျက် မဖြေဘဲနေသည်။

"ဟဲ့ ... ငါ မေးနေတယ်လေ"

"သား ... သူ့လည်ပင်းကို ကိုက်ချင်လို့"

"ဟား ... ဟား ... ဟား"

ဒေါ်ရတနာက အားရပါးရ ရယ်မောလိုက်သည်။

"အေး ... မင်းက ငါထင်တာထက်တောင် သိပ်တော်နေတယ်



www.burmeseclassic.com

www.burmeseclassic.com



မင်းခေါင်းထဲမှာ သေသေချာချာ မှတ်ထားစမ်း ... မင်းလုပ်ရမှာက အခု မဟုတ်သေးဘူး ... ''

''မဟုတ်ဘူး ... မာမီ သားစိတ်တွေ ဘယ်လိုဖြစ်လာမှန်းကို မသိတာ ... ''

''ဘယ်လိုပဲ ဖြစ်ဖြစ်လေ ... မင်းဟာ ငါ့သား ငါပြောသလို လုပ်ရမှာပဲ ... ''

ဒေါ်ရတနာက အမိန့်ဆန်ဆန် ပြောလေ၏။

''မင်း ... အခု ဆယ်တန်းဖြေရမယ် ဖြေပြီးရင် ... မင်းကို ငါတတ်တဲ့ပညာရပ်တွေသင်ပေးမယ် ... ဒါမှ ... ဖျောက် ... ''

ဒေါ်ရတနာက လက်ဖျောက်ကို တီးကာ နှုတ်ခမ်းကို တင်းတင်း စေ့လျက်ပြောလေ၏။

မော်ဆက်ကတော့ ဘာမှမပြော ငြိမ်လို့သာနေသည်။

''ကဲ ... မင်းသွားတော့ စာကျက် ... ''

''ဟုတ်ကဲ့ ... မာမီ ... ''

ဒေါ်ရတနာက ပြောတော့ မော်ဆက်လည်း ဘိုင်ရာမှထ၍ သူ့ အခန်းထဲ ဝင်လာခဲ့သည်။

''ရတနာရယ် ကလေးကို ဘာတွေ သင်ပေးဦးမလို့လဲ''

ကြီးစိုးက ရတနာပြောတာတွေ အကုန်ကြားတာကြောင့် ညှော်ခန်း သန့်ရှင်းရေးလုပ်နေရာမှ မေးလိုက်၏။

''ကြီးစိုးကလည်း တတ်သင့်တတ်ထိုက်တဲ့ ပညာတွေပေါ့''

''ကျောင်းက သင်ပေးနေတာပဲ''





''မဟုတ်ဘူး ကြီးစိုး ... ရတနာ သားကို ရတနာက သူများ တွေနဲ့ လုံးဝ မတူစေချင်တာ _ ဘယ်သူမှ မတတ်တဲ့ ပညာတွေတတ်စေ ချင်တာ ...

ဒါမှ ရတနာ ဖြစ်ချင်တာတွေ ဖြစ်လာမှာ မဟုတ်လား ... ''

ကြီးစိုးလည်း နားမလည်တော့ ရတနာက သူ့သား မော်ဆက်နဲ့ ပတ်သက်ရင် လွန်စွာ လောဘကြီးသည်။

သူဖြစ်ချင်တာ သူလုပ်ချင်တာတွေကို ဖွတ်ပုံသွင်းယူသည်။ ထို့ကြောင့်လည်း မော်ဆက်က သူ့မာမီ့ စကားတစ်ခွန်းကို လွန်၍စွာ ယုံကြည်မှု လွန်ကဲခဲ့သည်။

''ရတနာ မနက်က အိမ်ကို အဘွားကြီးတစ်ယောက် လာသွား တယ် ... ''

''ဟင် ... ဘယ်ကလဲ ... ''

''မော်စာဘက်ကလို့ ပြောတာပဲ ... ''

ကြီးစိုးက မော်စာဘက်ကဟု ဆိုလိုက်ရာ ရတနာ ထိုင်နေရာမှ ဆတ်ခနဲ မတ်တတ် ထရပ်လိုက်သည်။

ကြီးစိုးက ရုတ်တရက် မျက်နှာပျက်သွားသည့် ရတနာအား–

''ဘာလို့လဲ ရတနာ ... မော်စာဘက်မှာ ရတနာ့အသိ မရှိဘူး လား ... ''

''မဟုတ်ဘူး ... ကြီးစိုး ... ဘယ်လိုပုံစံလဲ''

''အရပ်ပုပု ... ခန္ဓာကိုယ်က သိပ်မဝပါဘူး ... အသားလတ် လတ် ဆံပင်တွေက ရှုပ်ပွနေတာပဲ ... ရတနာလို့မေးတာ မဟုတ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို မေးတာလဲ ... "

ရတနာက သိချင်ဇောဖြင့် အလျင်အမြန် မေးလိုက်သည်။

"မာလာတို့ အိမ်လားတဲ့ ... "

"ဘာ ... ဘယ်လို မာလာဟုတ်လား ... ကြီးစိုး။ မဟုတ်ဘူးလို့ ကြီးစိုး မပြောလိုက်ဘူးလား ... "

ရတနာ့ပုံက စိတ်လွန်စွာ ချောက်ချားသွားသည့်ပုံဖြင့် ပြောလေ၏။

"ကြီးစိုးလည်း ပြောပါတယ် ... ဒီအိမ်ရှင်က မာလာမဟုတ်ဘူး ... ရတနာလို့၊ အဲဒီ အဘွားကြီးကပြောတယ် သူကအဝေးကြီးက လာရတာတဲ့ ...

မာလာဆိုတဲ့ သူကိုရှာနေတာ နှစ် မနည်းတော့ဘူးလို့ ပြောသွားသေးတယ် ... "

"ကြီးစိုး အဲဒီအဘွားကြီးက သူ့ နာမည်ပြောသွားသေးလား"

"ပြောတော့ ပြောသွားတယ် ... "

ကြီးစိုး စဉ်းစားနေသည်။ ရတနာက စိတ်မရှည်စွာနှင့် ...

"ဘယ်သူလို့ ပြောလဲ ကြီးစိုး ... "

"အင်း ... ဒေါ် ဖြူ အေး ... ဆိုလား ... ဟုတ်တယ် ရတနာ ဒေါ်ဖြူအေး ... "

"ဟင် ... "

ရတနာတစ်ယောက် ဆိုဖာထိုင်ခုံပေါ် အရုပ်ကြိုးပြတ်သလို ထိုင်ချလိုက်လေတော့သည်။

ဿဿဿ



"အဲဒါပဲ နှောင်ကြိုး ... တစ်ခါတလေ ငါ့စိတ်တွေ ဘယ်လိုဖြစ်မှန်းကို မသိတာ ... အဲလိုစိတ်တွေ လွတ်သွားတဲ့အချိန်မှာ ငါဘာမှ မသိတော့ဘူး ... "

"သတိရရင်ရော ... "

"စိတ်က ပုံမှန်ပြန်ဖြစ်ရင် ငါ ဘာလုပ်ခဲ့တယ်ဆိုတာလည်း ငါ သတိ မရတော့ဘူး ... "

မော်ဆက်ပြောတဲ့ စကားကို နှောင်ကြိုးသီက စိတ်ဝင်တစားနှင့် နားထောင်လိုက် မေးလိုက်လုပ်နေသည်။

နှောင်ကြိုးသီနှင့် မော်ဆက် စခင်ခဲ့တာက တက္ကသိုလ် ပထမနှစ်စတည်းက ဖြစ်သည်။ မော်ဆက်က ကျောင်းမှာ နာမည်ကြီး KING တစ်ယောက်ဖြစ်သလို နှောင်ကြိုးသီကလည်း အချောအလှတွေကြားမှာ ကျော်ကြားလှသည့် လှပျိုဖြူတစ်ယောက် ...

မေဂျာတူတွေချင်းမို့ တစ်ယောက်နှင့်တစ်ယောက် သူငယ်ချင်းဖြစ်ကာ တစ်ယောက်အကြောင်း တစ်ယောက် ပွင့်လင်းစွာပြောကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မော်ရယ် … နင်ဖြစ်နေတာကလည်း ကြောက်စရာကောင်းလိုက်တာ … စိတ်ရောဂါတစ်မျိုးဆိုလည်း ဆရာဝန်နဲ့ ပြကြည့်ပါလား"

"စိတ်ရောဂါ မဟုတ်ဘူး နှောင်ကြိုး … ငါ့ကို ဝိညာဉ် တစ်ခုခုက ချည်နှောင်ခံရတာ … "

"ဟုတ်လို့လား … ဟယ် … နေဦး ငါ မေးဦးမယ် … အထက်တန်းတုန်းက နင် … ကိုက်လိုက်တဲ့ ကောင်လေးက ကျောင်းမှာ နင်နဲ့ပြန်တွေ့တော့ နင့်ကို ကြောက်နေသေးလား … "

မော်ဆက်က အဝေးသို့ ရီဝေစွာကြည့်၍ …

"တစ်လလောက်အကြာမှာ ထက်ကို သေသွားတယ် နှောင်ကြိုး"

"ဟင် … နင့်ကို အမှုမပတ်ဘူးလား … မော်"

"ဆရာဝန် ဆေးမှတ်တမ်းမှာ ငါကြောင့်ရတဲ့ ဒဏ်ရာနဲ့ သေတာ မဟုတ်ဘူး … သွေးဆုတ်တဲ့ရောဂါတစ်ခုနဲ့ သေတာလေ … "

"ဟယ် … တော်သေးတာပေါ့ … အေးလေ ဘာပဲဖြစ်ဖြစ်ပါ စိတ်ကိုတော့ အစွဲကြီးမထားပါနဲ့ …

နင့်အဖြစ်က ရုပ်ရှင်လိုလို … ဘာလိုလိုနဲ့ အခုခေတ်မှာ ဒါတွေ မရှိပါဘူး … ကိုယ့်စိတ်ကို ကြည်လင်အောင်ထားပေါ့ … "

နှောင်ကြိုးသီက မော်ဆက်မျက်နှာကို ကြည့်ရင်းပြောတော့ မော်ဆက်က ခေါင်းကို တစ်ချက်ညိတ်ကာ …

"ငါလည်း မဖြစ်ချင်ပါဘူး … မာမီကတော့ ငါ့ကိုပြောတယ် ငါ နှစ်ဆယ်တစ်နှစ်ပြည့်ရင် ငါ့ကို အနားပေးမယ်တဲ့ … "

"ဘာ … ဘယ်လိုကြီးလဲ … "





"မသိဘူးဟာ … ငါက မာမီကို ငယ်ငယ်တည်းက သိပ်ကြောက်တာ … မာမီပြောတဲ့အတိုင်း နေလာတာလည်း အကျင့်ပါနေပြီ"

နှောင်ကြိုးသီက မော်ဆက်ပြောတာကို သဘောမတူ …

"ဘယ်ဟုတ်မလဲဟာ … မိခင်တိုင်း သားသမီးကို ချစ်ကြတာပဲ … ဒါပေမယ့် ကိုယ်ကိုယ်တိုင်ကလည်း ချင့်ချိန်ပြီး တချို့ကိစ္စတွေမှာ လုပ်ရတယ်လေ … "

"နင်ပြောလည်း ငါခံရမှာပဲ … နှောင်ကြိုးသီ၊ ငါဟာ မာမီ လိုသလို သုံးလို့ရတဲ့ အနိုင်းခံ အရုပ်တစ်ရုပ်ပါပဲ"

စိတ်ဓာတ်ပျော့စွာပြောသည့် မော်ဆက်ကိုကြည့်၍ နှောင်ကြိုးသီ စိတ်ပျက်သွားသည်။

နှောင်ကြိုးသီက တစ်စုံတစ်ခုကို လေးနက်စွာ တွေးလိုက်ပြီး–

"ငါ … သတိရပြီ … တချို့တွေက အယူအဆရှိတယ် သူတို့ ကိုယ်သူတို့ သိုက်ကလာတယ် နှစ်ဖွေ့ရင်ခေါ်မယ် … ဆိုတာလေ"

"အင်း … မာမီကတော့ တစ်ခါမှ အဲလို မပြောဘူး"

"ငါကြားဖူးတာက သိုက်ကလာတဲ့ လူတွေဆို သိုက်ကြိုးဖြတ် လို့ရတယ်တဲ့ … "

"အင်းလေ … အဲလို သိုက်ကြိုးဖြတ်လိုက်ရင် သိုက်ကို ပြန်မသွားရတော့ဘူး … မသေတော့ဘူး ပေါ့ဟာ … "

"ငါ မာမီကို မေးဦးမယ် … "

"မေးမနေနဲ့ ငါ့အဒေါ်တစ်ယောက်ရဲ့ဆရာတစ်ယောက်ရှိတယ် တစ်ရက် ငါတို့ သူ့ဆီသွားပြီး မေးကြမယ် … "



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် ... ငါလည်း အတွေ့အကြုံရတာပေါ့ ... "

မော်ဆက်က စိတ်ပါစွာ ပြောလိုက်၏။

ထိုစဉ် ...

"တူ ... တူ ... "

မော်ဆက်၏ လက်ကိုင်ဖုန်းက အသံထွက်၍ မြည်လာသည်။ မော်ဆက်က ဖုန်းခလုတ်ကိုနှိပ်၍ ...

"ဟဲလို ... မာမီ"

"မင်း ... ဘယ်မှာလဲ ... မော် ... "

"နားနေဆောင်မှာ သူငယ်ချင်းနဲ့ စကားပြောနေတယ် မာမီ"

"အတန်းပြီးပြီမလား ... အိမ်ပြန်ခဲ့တော့လေ"

"ဟုတ်ကဲ့ ... မာမီ"

မော်ဆက်က ဖုန်းကို ပိတ်လိုက်သည်။

ပြီးတော့ ... ထိုင်နေရာမှ မတ်တတ်ထရပ်ပြီး နှောင်ကြိုးသီအား ...

"ငါသွားတော့မယ် ... နှောင်ကြိုး ... "

"နင်ကလည်း ချက်ချင်းကြီး စကားပြောလို့တောင် မပြီးသေးဘူး"

"မာမီ ... ငါ့ကို ခေါ်နေပြီ ... "

မော်ဆက်က နှောင်ကြိုးသီအား ကျောခိုင်းကာ နားနေဆောင်ရှေ့ရပ်ထားသည့် သူ့ကားပေါ် တက်ကာ မောင်းထွက်သွားလေတော့သည်။

***



လှုပ်ရှားပုံတွေက သာမန်လူမဟုတ်တော့ . . .

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

## နာမည်ကြီးသူတစ်ယောက်

''မင်းနာမည် ဘယ်လို ခေါ်လဲ ... ''

''ဟင် ... ''

ကင်န်တင်းမှာ တစ်ယောက်တည်း ထိုင်ကာ နှောင်ကြိုးသီအလာကို ထိုင်စောင့်ရင်း ကော်ဖီသောက်နေစဉ် အသားဖြူဖြူ အရပ်မြင့်မြင့် လှပ လွန်းသည့် သူနှင့်ရွယ်တူ ကောင်မလေးတစ်ယောက်က သူ့ရှေ့ ထိုင်ခုံတွင် ဝင်ထိုင်ကာ မေးလေ၏။

''တို့နာမည် မှုံ့နှံ့သာ အီးမေဂျာက ဆိုပါတော့ ... ''

''ဟုတ်ကဲ့ ... ကျွန်တော့်ကို သိလို့လား ... ''

မော်ဆက်က ပြန်မေးလိုက်သည်။

''သိတာပေါ့ _ ဒီတက္ကသိုလ်ရဲ့ KING ပဲ၊ မှုံ့နှံ့သာက မော်ဆက်ကို သတိထားမိတာကြာပါပြီ ... မော်ဆက်ဘေးမှာ ကောင်မလေး ချောချော တစ်ယောက် အမြဲရှိနေတော့ မှုံ့နှံ့သာခင်ဖို့ အခွင့်အရေးမရဘူးလေ _ ''

''ဟုတ်ကဲ့ ... ''

မှုံ့နှံ့သာက စကားပြောတာ ပွင့်လင်းသလို ရဲတင်းတဲ့ အမူအရာ





ကြောင့် မော်ဆက် မှုံ့နှံ့သာနှင့် စကားပြောရတာ ပျော်လာသည်။

''မော်ဆက်ရဲ့ မျက်လုံးတွေက အရမ်းလှတာပဲ ... မော်ဆက် ကြည့်လိုက်တာနဲ့ ရင်တွေ တလှပ်လှပ်ကို တုန်သွားတာ ... ''

''အစာ မစားရသေးလို့ နေမှာပေါ့ ... ''

မော်ဆက်က ပြုံးစိစိနှင့် ပြောတော့ မှုံ့နှံ့သာက ...

''မော်ဆက်က အတော်နောက်တာပဲ ... ရယ်စရာတွေ ပြော တတ်တယ် ... ''

''ဟုတ်လား ... ကျွန်တော်က စကားအပြောမတတ်လို့ အပေါင်းအသင်း သိပ်မရှိဘူး ... ''

မှုံ့နှံ့သာက သူ့ရှေ့က ကော်ဖီကိုယူ၍ သောက်ပြီး ပြန်ချထား လိုက်သည်။

''မော်ဆက်က မပေါင်းတာပါ ... မော်ဆက်ကို အပေါင်းအသင်း လုပ်ချင်တဲ့ လူတွေ အများကြီးရှိတာပဲ _ ပြီးတော့ မော်ဆက်ကို အရမ်းခင်တဲ့ ကိုတိုးဆိုတာလည်း ရှိတယ်လေ ... ''

''အင်း _ ဟုတ်တယ် ကိုတိုးက ကျွန်တော့်ကို အတော်ခင်တယ်''

''နှောင်ကြိုးသီကရော ... ''

''နှောင်ကြိုးကလည်း ခင်တာပေါ့ ... ဒါပေမယ့် သူက ဗိုလ် နည်းနည်းကျတယ် ... ကျွန်တော့်ကို နိုင်တယ်ပေါ့ဗျာ ... ''

''အဲလိုဆိုလည်း ဘာလို့ ပေါင်းနေလဲ မော်ဆက်ကို ပေါင်းမယ့် သင်းမယ့်သူတွေ တစ်ပုံကြီး ... ''

မော်ဆက်က ပြုံးလိုက်သည်။ နှောင်ကြိုးသီက ရုပ်ရည်ချောမော ပေမယ့် စကားပြောရင်တောင် သူ့အနိုင်ရမှ ပြောတတ်သည်။

မော်ဆက်ကတော့ နှောင်ကြိုးသီ သူ့အပေါ် အနိုင်ယူတာကိုပင်



www.burmeseclassic.com

www.burmeseclassic.com



သာယာသည်ဟု စိတ်ထဲ ထင်မှတ်ထားသည်။

"ဟိတ် ... မော်ဆက် ဘာတွေ စဉ်းစားနေတာလဲ ... "

"ဟင် ... ဘာမှ မဟုတ်ပါဘူး"

အတွေးလွန်သွားသည့် မော်ဆက် မွန့်သာ သတိပေးလိုက်မှ အသိဝင်လာသည်။

"မော်ဆက်ကို တို့ အကူအညီတောင်းစရာရှိတယ် ... "

"ဘာများလဲ ... "

"လာမယ့် စနေနေ့ ညမှာ မွန့်သာတို့ ခြံထဲမှာ သူငယ်ချင်းတွေ စုပြီး ပါတီပွဲလုပ်မယ် ... မော်ဆက် လာခဲ့ပါလား ... "

"အင်း ... "

မော်ဆက် စဉ်းစားနေသည်။

"ဘာစဉ်းစားနေတာလဲ ... မော်ဆက်၊ မွန့်သာ သူငယ်ချင်းတွေနဲ့လည်း မိတ်ဆက်ပေးမယ်လေ ... "

"ကျွန်တော် အဲလိုပွဲမျိုး မသွားဖူးဘူး"

"လာခဲ့ပါ ... ပျော်စရာ ကောင်းပါတယ် ... "

မွန့်သာက အတင်းခေါ်တော့ မော်ဆက်လည်း အားနာစွာနှင့်-

"ကောင်းပြီလေ ... မွန့်သာတို့ နေတာက ... "

"အင်ကြွင်းရိပ်မွန် ခြံအမှတ် (101) ... "

"ကောင်းပြီ ... "

မော်ဆက်က ကတိပေးလိုက်တော့ မွန့်သာက ဝမ်းသာစွာနှင့် မော်ဆက်ကို နှုတ်ဆက်ကာ ထသွားတော့သည်။



"မွန့်သာက ကျောင်းမှာ နာမည်ကြီး တစ်ယောက်ပဲ မော်ဆက် ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက်ထားတာ _ ချမ်းလည်း ချမ်းသာတယ်"

မွန့်သာ သူ့ကို လာတွေ့သည့် အကြောင်းကို ကိုတိုးနှင့် တွေ့၍ ပြောပြတော့ ကိုတိုးက သူသိထားသည့် မွန့်သာအကြောင်းကို ပြောပြသည်။

"သူနဲ့ ငါနဲ့လည်း ခင်တာမဟုတ်ဘူး ကိုတိုး ... ငါဘာသာ ထိုင်နေတာကို အတင်းလာရောတာ ... "

"ငါလည်း အဲဒါ စဉ်းစားနေတာ မွန့်သာက ရည်းစားတွေ များပေမယ့် သူများတွေလို ကလပ်တဲ့ မိန်းမ မဟုတ်ဘူး ... သူ့အထာနဲ့ သူနေတာ ခု မင်းကို သူစပြီးရောတာဆိုတော့ ငါစဉ်းစားရခက်နေတယ်"

"အင်း ... ငါလည်း ခေါင်းထဲသိပ်မထည့်ပါဘူးကွာ"

"တစ်ခုတော့ ရှိပါတယ် မင်းလိုလူကို မွန့်သာ စိတ်ဝင်စားတာ မဆန်းပါဘူး ... "



www.burmeseclassic.com

www.burmeseclassic.com



ကိုတိုးပြောတာကို မော်ဆက်က နားမလည်၍ ...

"ဘာလို့လဲ ကိုတိုး ငါ နားမလည်ဘူး ... "

"မင်းကချော့တာကို ... မင်းမာမီက ပိုက်ဆံလည်း ချမ်းသာတယ်လေ ... "

မော်ဆက်က ပြုံးလိုက်ရင်း ...

"မွှန်သာ ဘယ်လိုပဲ စိတ်ဝင်စားပါစေ ... ငါ့ခေါင်းထဲမှာ နောင်ကြိုးပဲရှိတယ် ... "

"ငါသိပါတယ်ကွာ ... နောင်ကြိုးကလည်း မင်းကို သံယောဇဉ်ရှိပါတယ် ... အေးလေ မင်းတို့ချင်း တစ်ယောက်နဲ့တစ်ယောက် ပွင့်လင်းကြပါလား ... "

"ဘာကိုလဲ ... ကိုတိုး"

"ရင်ခုန်သံကိုလေ ... "

မော်ဆက်က ကိုတိုးကို မကြည့်ဘဲ ဆိုင်အပြင်ဘက်ကို ငေးကာ–

"မဖြစ်ဘူး ... ကိုတိုး ငါ့အနာဂတ်က မရေရာဘူး ... ငါ နောင်ကြိုး ခံစားရမှာကို ငါ မလိုလားဘူး ... အခု အတိုင်းအတာက တစ်ယောက်နဲ့တစ်ယောက် ဘာမှ မဖြစ်သေးတော့ တော်ဦးမယ် ထင်တာပဲ"

"ခက်တာပဲ မော်ဆက်ရယ် ... မင်းမှာလည်း တစ်နေ့တစ်နေ့ အဲဒီ စိတ်ဒုက္ခက သိပ်ကြီးပါလား ... ကိုယ့်ရဲ့အနာဂတ် ဘယ်သူမှ အတိအကျ မဖန်တီးနိုင်ပါဘူး ... ခေါင်းထဲက ထုတ်ပစ်လိုက်"

မော်ဆက်က ပြုံးလိုက်သည်။





"ငါဟာ ... မာမီ ထုဆစ်ထားတဲ့ အရုပ်တစ်ရုပ်ပါ ကိုတိုး၊ မာမီ့ဆန္ဒအတိုင်း ငါအသက်ရှင်နေတာ မာမီ့ရဲ့ ဆန္ဒတွေကို ငါ မလွန်ဆန်ရဲဘူး ... "

"မော်ဆက် မင်းသွားပြီ လုံးဝသွားပြီ... လူဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိရမယ် ... ကိုယ့်ဘဝကို ကိုယ်တည်ဆောက်ရတယ် ... မိဘကမေတ္တာ စေတနာတွေထားတာ မှန်ပေမယ့် လွန်ကဲတဲ့ အတ္တတွေကို ငြင်းပယ်သင့်ရင် ငြင်းပယ်ရမှာပဲ"

"မာမီ့ စကားလုံးတွေဟာ ငါ့ရှင်သန်ဖို့ အသက်ရှူသွင်းတဲ့ အောက်စီဂျင်ပဲ ... "

ကိုတိုး စကားကို လက်မခံဘဲ မော်ဆက်က ချက်ချင်း ပြန်ချေပလိုက်သည်။

"ငါ မေးဦးမယ် ... မင်းမာမီက မင်းကို နှစ်ဆယ့်တစ်နှစ်ပြည့်ရင် အနားပေးမယ်ဆိုတော့ ... ခုဘာတွေ နိုင်းနေလို့လဲ ... "

"အင်း ... အဲ ... ဒါတော့ ... "

မော်ဆက်က ကိုတိုးမေးတာကို မဖြေပါ ... စကား အထစ်ထစ်ဖြစ်ပြီး ရပ်လိုက်၏။

ကိုတိုးက ...

"မင်းမှာ ထူးဆန်းတာတွေ အများကြီးဆိုတာ ငါသိထားတယ် မော်ဆက် ... မင်းလှုပ်ရှားသွားလာနေတာတွေ မင်းရဲ့စိတ်တွေဟာ တစ်ခါတစ်ခါ ပုံမှန် လူတစ်ယောက်လို့တောင် ပြောရခက်တယ် ... သိပ်ထူးခြားတာက ... မင်းမျက်လုံးတွေပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ငါ့မျက်လုံးက ..."

"ဟုတ်တယ် ... မင်းမျက်လုံးက သာမန် လူတွေထက် စွမ်းအားပိုနေတယ် ... ညှို့ဓာတ်ပြင်းတယ်ပေါ့ကွာ ...

အဲလိုအခါမျိုးမှာ မင်းမျက်လုံးကို ကြည့်မိတဲ့ လူဟာ မင်းရှေ့ရောက်လာတော့တာပဲ ..."

ကိုတိုးပြောတာကို မှော်ဆက် တအံ့တသြနှင့် ကြည့်၍ ...

"အဲဒီလို ဖြစ်နေလို့လား ..."

"အမြဲတော့ မဟုတ်ပါဘူး ... တစ်ခါတလေပါ နှောင်ကြိုးလည်း ငါ့ ကိုပြောဖူးတယ် ..."

"ငါ ဘာလုပ်ရမလဲ ကိုတိုး ..."

"နှောင်ကြိုး ... တစ်ခါက မင်းကို ပြောဖူးတယ်တဲ့ ... သူ့အဒေါ်ရဲ့ဆရာဆီ ခေါ်သွားမလို့ဆို လိုက်သွားလိုက်ပေါ့ ... တစ်ခုခုသိရင် အမြတ်ပဲမလား ..."

မှော်ဆက်က ခေါင်းကိုညိတ်လျက် ... ကိုတိုးအား ...

"ကောင်းပြီလေ ... မင်းပါလိုက်ခဲ့ ..."

"အေး ..."

ကိုတိုးက ခေါင်းညိတ်ပြလိုက်လေတော့သည်။



အတူတွဲကနေရင်း မိန်းကလေးရဲ့လည်တိုင်
မွှေးမွှေးအား . . .

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

## ပါတီပွဲညက တခွေ

"မာမီ ... နေမကောင်းဘူးလား ... "

မာမီခေါ်နေသည်ဟု ကြီးစိုးက စာကြည့်နေသည့် သူ့ကို လာပြောတော့ မာမို့အခန်းထဲသို့ သူဝင်လာသည်။ မာမီက ခုတင်ပေါ်မှာ ပက်လက်အနေအထားဖြစ်သည်။

"မာမီ _ ဘာဖြစ်တာလဲ _ သား ဆရာဝန် ပင့်လိုက်ရမလား"

မော်ဆက်က စိုးရိမ်စွာ မေးတော့ ... မာမီက ပြုံး၍

"မာမီ ဘယ်တုန်းက ... ဆရာဝန်ဆီမှာ ဆေးကုဖူးလို့လဲ မော် ... "

"အင်း ... မာမီအတွက် စိတ်ပူလို့ပါ ... "

မာမီမျက်နှာတွေက ဖြူဖတ်ဖြူရော် နှုတ်ခမ်းကလည်း ခြောက်သွေ့လို့နေ၏။ အသက်လေးဆယ်ဝန်းကျင် မိန်းမတစ်ယောက်ဟု မထင်မှတ်လောက်အောင် နုပျိုလွန်းသည့် မာမီဟာ အသက်သုံးဆယ် ဝန်းကျင်





အမျိုးသမီးတစ် တစ်ယောက်ဟု ထင်ရ၏။

မာမီက အပြင်လည်း တော်ရုံထွက်လေ့မရှိ ...

တစ်ခါတရံ ညဘက်တော့ တစ်ယောက်တည်း ထွက်သွားလေ့ရှိသည်။

ဘယ်သွားတာလဲ ဘာလုပ်တာလဲ ... သူမှာ မေးခွင့် မရှိ မေးလျှင်လည်း မာမီက မကြိုက် ...

"မော် ... "

"ဗျာ ... မာမီ ... "

သူမာမီ ခုတင်ဘေးက ထိုင်ခုံမှာထိုင်၍ မာမီမျက်နှာနှင့် အနီးဆုံးမှာရှိနေသည်။ မာမီမျက်လုံးက အခန်းထဲသို့ ဝေ့ကာ ကြည့်လိုက်၏။

ဘယ်သူမှ မရှိတော့ဟုထင်၍ သူ့အား လေသံတိုးတိုးနှင့်-

"မာမီအတွက် မင်း အလုပ်လုပ်ပေးရမယ် ... "

"ဗျာ ... ဘာ ... ဘာအလုပ်လဲ မာမီ"

မော်ဆက်က မေးလိုက်စဉ် ...

"သားရေ ... သားဖုန်းက အသံတွေမြည်နေတယ် ရော့"

ကြီးစိုးက သူ့လက်ကိုင်ဖုန်းကို အခန်းထဲ ယူလာကာ ပေးလိုက်၏။

"ဟဲလို ... "

"မော်ဆက်လား ... မှုန်နှံသာပါ ဒီနေ့ စနေနေ့နော် လာမှာမလား ... "

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူ မာမီ့ကို လှမ်းကြည့်လိုက်သည်။ မာမီက နေမကောင်း နေတာဆိုတော့ သွားရန် သင့် မသင့် စဉ်းစားစဉ် ...

"ဘယ်က ဖုန်းလဲ ... မော်"

မာမီက လှမ်းမေးတော့ ဖုန်းစကားပြောသည့် အပေါက်ကို လက်နှင့်ပိတ်လိုက်ပြီး ...

"သူငယ်ချင်းတစ်ယောက်ပါ မာမီ ... ဒီည သူ့မွေးနေ့ ပါတီ လာဖို့ ဖုန်းလှမ်းဆက်တာပါ ... "

"သွားလိုက်ပါ ... မော်"

"ဟင် ... "

သူ အံ့သြသွားသည်။ မာမီက ထိုသို့ ပျော်ပွဲတွေ သွားတာကို လွယ်လွယ်နှင့် ခွင့်ပြုခဲ့တာ မဟုတ် ...

အခုတော့ ...

"မော်ဆက် တို့ပြောတာ ကြားတယ် မလား ... ပါတီပွဲ လာမှာ လား ... "

"ဪ ... အင်း လာခဲ့မယ် ... မှုန့်သာ"

"ည ... ရှစ်နာရီလောက်နော် ... မှုန့်သာ စောင့်နေမယ်"

"အိုကေ ... "

မော်ဆက်က ဖုန်းကို ပိတ်လိုက်သည်။

မာမီက ...

"မော် ... မင်းကို ခုန မာမီ ဘာပြောထားလဲ"

"အင်း ... "





ရုတ်တရက် မာမီရဲ့အမေးကြောင့် မော်ဆက် စဉ်းစားနေသည်။ မာမီက စိတ်မရှည်စွာနှင့် ...

"မာမီအတွက် မင်း အလုပ်လုပ်ပေးရမယ် ဆိုတာလေ ... "

"ဟုတ်ကဲ့ ... "

မော်ဆက်အား မာမီက အနားသို့ခေါ်ကာ သူခိုင်းချင်တာတွေကို တစ်ခုချင်း ပြောနေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"လာ ... မော်ဆက် ... မှုန့်သာ မော်ဆက်ကို စောင့်နေတာ"

အနောက်တိုင်းဝတ်စုံကို သေသပ်စွာ ဝတ်ဆင်ထားသည့် အရပ်ရှည်ရှည် အသားဖြူဖြူ ရုပ်ရည် ချောမောလှသည့် မော်ဆက်အား မွေးနေ့ပါတီထဲက မိန်းကလေးတွေ အလုအယက်ကြည့်ကြသည်။

မှုန့်သာကတော့ မော်ဆက်လက်ကိုချိတ်ကာ ခြံဝမှ မွေးနေ့ပါတီ ပွဲကျင်းပသည့် ခြံထဲရှိ ရောင်စုံမီးလုံးများဆီ လျှောက်လာ၏။

"မှုန့်သာ တို့တောင် မသိလိုက်ပါလား ... သူဘယ်ကလဲ တို့နဲ့လည်း မိတ်ဆက်ပေးလေ ..."

"စန္ဒီကလည်း သူက မှုန့်သာတို့ ကျောင်းက KING လေ ... ဒါတောင် မသိဘူးလား ..."

"ငါက ဘယ်သိ မလဲ ... ငါက နည်းပညာတက္ကသိုလ်က ဆိုတော့ သူတို့နဲ့ဝေးတာပေါ့ ..."

မှုန့်သာ သူငယ်ချင်းအများစုက မိန်းကလေးတွေ တစ်ယောက်





တစ်ပေါက် စနောက်နေကြတာ မော်ဆက် မနေတတ်တော့ မှုန့်သာက–

"သူတို့ကို ဂရုစိုက်မနေနဲ့ မော်ဆက် ... သူတို့က အပျော်စနေတာ ..."

"ရပါတယ် ..."

"မော်ဆက် ဘာစားမလဲ ... အကုန်ရတယ်နော် ... ဘီယာလည်းရတယ် ... အစားအသောက်က ဟိုတယ်က မှာထားတာ ..."

"မှုန့်သာ အဆင်ပြေသလိုလုပ်ပါ ..."

မွေးနေ့ပါတီပွဲက ပျော်ကြပါးကြ ကကြနှင့် ပျော်စရာကောင်းပေမယ့် မော်ဆက်က ခြံထောင့် အလင်းရောင်နှင့် ဝေးရာ စားပွဲမှာထိုင်ကာနေသည်။

သူ့ အခုလို ပွဲမျိုး တစ်ခါမှမသွားဖူးပါ ... သူတို့တွေ ပျော်နေသလိုပဲ သူမပျော်တတ် ...

ထိုစဉ် ... သူထိုင်နေရာသို့ မှုန့်သာ ရောက်လာသည်။

"မော်ဆက်ကို ကဖို့ တို့လာခေါ်တာ ..."

"ဟို ... ဟိုလေ ... မကတတ်ဘူး"

"လာစမ်းပါ ... တို့နဲ့အတူ တွဲကရုံမှာပဲ တို့သင်ပေးမှာပေါ့"

မှုန့်သာက သူ့လက်ကို အတင်းဆွဲကာ ယောကျ်ားနှင့် မိန်းမ အတူတွဲကသည့် အနောက်တိုင်းအကကို တခြားလူများနည်းတူ ငြိမ့်ညောင်းသော တီးလုံးသံစဉ်အောက်မှာ မှုန့်သာက မော်ဆက် လက်ကိုကိုင်ကာ ကလို့နေသည်။

"မော်ဆက် ... ပျော်လားဟင်"

"အင်း ..."



www.burmeseclassic.com

www.burmeseclassic.com



မော်ဆက်က မှုန်နှံသာ မေးတာကို အလိုက်သင့် ဖြေလိုက်၏။ တခြားလူများကလည်း တီးလုံးသံအောက်မှာ စီးမျောနေသည်။

"ဟင် ... မော် ... မော်ဆက်"

မှုန်နှံသာ မော်ဆက်နှင့် အတူတွဲကနေရင်း မော်ဆက် မျက်လုံးကို ကြည့်ကာ အလွန် ထိတ်လန့် သွားသည်။ သူ့ တစ်ကိုယ်လုံးလည်း လျှပ်စစ်နှင့် အတို့ ခံလိုက်ရသလို ကျဉ်နေ၏။

မော်ဆက်မျက်လုံးကို မော့ကြည့်နေသည့် သူ့အကြည့်တွေက ခွာလို့မရတော့ ... ဆုပ်ကိုင်ထားသည့် မော်ဆက်လက်ထဲက သူ့လက်ကို ဆွဲထုတ် ကြည့်သော်လည်း မရ ...

"မော်ဆက် ... ဘာဖြစ်တာလဲဟင်"

မှုန်နှံသာမေးတာကို မော်ဆက်က မဖြေ ... သူ့ရဲ့ အရောင်တောက်နေသည့် ညို့အားပြင်းလှသော မျက်လုံးနှင့်သာ မှုန်နှံသာအား စိုက်ကြည့်နေ၏။ သူတို့အဖြစ်ကို ဘယ်သူမှ မရိပ်မိကြ ...

ထိုစဉ် ...

"ဟင် ... "

"ဟာ ... "

ရုတ်တရက် မီးက ပျက်လို့သွားသည်။

"လုပ်ဦး ... မီးက ဘာလို့ ပျက်တာလဲ"

"မီးစက်နိူး ... လိုက် ... ကလို့ကောင်းနေမှ မီးကပျက်ရတယ်လို့ ... "

တစ်ယောက်တစ်ပေါက် ဆူညံလို့နေစဉ် ...





"ဖလပ် ... "

"မီးပြန်လာပြီဟေ့ ... ဆက်ကမယ် တီးလုံးမြန်မြန်ဖွင့်ပ"

တစ်ယောက်က ထအော်လိုက်စဉ် ...

"ဟာ ... မှုန်နှံသာ ဘယ်လိုဖြစ်တာလဲ ... လုပ်ကြပါဦး မှုန်နှံသာလဲသွားလို့ ... "

"မှုန်နှံသာ ... မှုန်နှံသာ ... "

သူငယ်ချင်းတွေက လဲကျနေသော မှုန်နှံသာကို အတင်းလှုပ်ကာ ခေါ်သော်လည်း မှုန်နှံသာက သတိရမလာတော့ ...

"ဆေးရုံပို့မယ် ... အိမ်ထဲမှာ သူ့အန်တီရှိတယ်၊ သွားခေါ်ပေးကြ"

"အေး ... "

အားလုံးက မှုန်နှံသာအတွက် စိုးရိမ်စွာ အလုပ်ရှုပ်နေကြသည့် ထိုအရာအားလုံး သူနှင့် မဆိုင်သလို စိတ်အေးလက်အေးနှင့် ကျောနိုင်းကာ ခြံအပြင် ကားရပ်ထားရာသို့ လျှောက်လာတာက မော်ဆက် ...

တကယ်ဆို ...

အခု ပါတီကို မှုန်နှံသာ သူ့ကို မဖိတ်သင့်ပါ အခုတော့ ... သူတို့အားလုံး သတိထားမိမှာတော့မဟုတ် ... အဲဒါက မှုန်နှံသာ လည်ပင်းက ချွန်ထက်လှသော သွားချွန်ချွန်အရာနှစ်ခု ...

ဘယ်သူက အခုလို မှုန်နှံသာ လဲကျသွားတာ မော်ဆက်ကြောင့်လို့ ထင်မှာမဟုတ်မှန်း မော်ဆက်သိသည်လေ ...



www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက် မျက်လုံးတွေနီရဲတောက်ပ
လာတာကြောင့်...

## အခန်း (၁၁)

## အဝေးပြေးလမ်းကညတစ်ည

"လာပါ နှောင်ကြိုးရယ် အခုလို ညဘက်မျိုး ကားလျှောက်စီး တာ ဘယ်လောက် ပျော်စရာကောင်းလဲ ..."

မော်ဆက်က ကားကို မင်္ဂလာဒုံ ခရေပင်လမ်းခွဲမှ တစ်ဆင့် ဆောက်ကြီးဘက်သို့ ဦးတည်လိုက်သည်။

မော်ဆက် ဘာတွေ လုပ်နေတာလဲ နှောင်ကြိုး နားမလည်တော့ ရဲ့ BMW ပြိုင်ကားလေးက လမ်းမမှာ အမြန်နှုန်းဖြင့် ပြေးနေဆဲ-

"မော်ဆက် _ ကားအရှိန် များနေတယ် ထင်တယ် _ လျှော့ဦး"

"မများပါဘူး _ နှောင်ကြိုးရယ် လမ်းမှာ ကားက ရှင်းနေတာပဲ ဒီ ကားအမြန်မောင်းတာ ဝါသနာပါတာ နင်သိနေတာပဲ"

မော်ဆက်က တစ်ခါတရံ ကြောင်တောင်တောင် ညဘက် ကား လျှောက်မောင်းတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမျိုးမှာ နှောင်ကြိုးကို မရမက အတင်းခေါ်တတ်၏။ နှောင်ကြိုးကလည်း အိမ်ကို အကြောင်းအမျိုးမျိုးပြကာ မော်ဆက်နှင့် ကားလျှောက်စီး၏။

"ကျွီ ... "

"ဟဲ့ ... ဖြည်းဖြည်းလုပ် တိုက်လို့ သေကုန်တော့မယ် ... "

ကုန်တင်ကား တစ်စီးကို အလုအယက် ကျော်တက်ဖို့လုပ်တော့ တစ်ဘက်မှ ကားတစ်စီးက အရှိန်နှင့် ဝင်လာတာကြောင့် မော်ဆက် ဘရိတ်ကို အချိန်မှီ နင်းလိုက်ရသည်။

"ငါက အဲလို စိတ်လှုပ်ရှားရတာ ဝါသနာပါတာ နှောင်ကြိုးရဲ့"

"ဝါသနာကနောက်မှ သေမှာကအရင် ... "

ကားက ထောက်ကြံ့လမ်းဆုံ ရောက်တော့ ပဲခူးလမ်းဘက် ဦးတည်ကာ မောင်းလာသည်။

"ဟဲ့ ... ဘယ်ထိအောင် မောင်းမှာလဲ ... ပြန်လှည့်တော့လေ ... "

"ရွှေ့နားတင်ပါ ... နင့်ကို ပြမလို့ ... "

မော်ဆက်ကပြောပြီး ကားကိုလှည်းကူး မရောက်မီ အခြားလမ်းမဘက်ကွေ့၍ မောင်းပြန်သည်။

"ဟဲ့ ... ဘယ်သွားမှာလဲ"

"ကျွီ ... "

မော်ဆက်က ကားကိုရုတ်တရက် ဘရိတ်နင်းကာရပ်၍-

"လာ ... ဆင်းရအောင်"





"ဘာလုပ်ဦးမလို့လဲ ... မော်ဆက်ရယ်"

"လာပါ ... "

မော်ဆက်က ... ကားတံခါးဖွင့်ကာ အောက်ဆင်းသွားတော့ နှောင်ကြိုးလည်း လိုက်ဆင်းလိုက်၏။

"ကြည့်စမ်း နှောင်ကြိုး ... ကောင်းကင်ကြီးဘယ်လောက်လှလဲ ... မြို့မှာဆို တိုက်တွေနဲ့ သူလှတာကို ရှင်းရှင်းလင်းလင်း မြင်ရမှာမဟုတ်ဘူး ... "

မော်ဆက်ပြောတာ မှန်သည် အဝေးပြေး အမြန်လမ်းဘေးနှစ်ဘက်မှာ ကျယ်လှသည့် လယ်ကွင်းများ လေအေးအေးလေးတွေကလည်း ဆော့ကာ တိုက်နေသည်။

ကောင်းကင်မှာတော့ ကြယ်တွေ စုံစုံ လင်းလင်းနှင့်လှနေသည် ...

"ငါက လမပါတဲ့ ကောင်းကင်ကို ပိုကြိုက်တယ် နှောင်ကြိုး ... လကလေ လရောင်ပါးလာရင် မှေးမှိန်သွားသလိုပဲ ... "

"နင်က အရမ်း စိတ်ကူးယဉ်တာပဲ"

"ဟုတ်တယ် ... နှောင်ကြိုး ငါက စိတ်ကူးထဲမှာဘဲ ဘဝ တည်ဆောက်ခဲ့ရတာပါ ... "

မော်ဆက်က ဆွေးဆွေးမြေ့မြေ့ ပြောသည်။

"မော်ဆက် ... နင့်ကို ငါမေးဦးမယ် ... "

"ဘာလဲ နှောင်ကြိုး ... "

"ဟိုတလောက နင့်မာမီ နေမကောင်းဘူးဆို ... အခု ကျန်းမာသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အရင်လိုတော့ ပြန်မကောင်းသေးဘူး ... နည်းနည်းတော့ ကောင်းလာပြီ မာမီ့ ကျန်းမာရေးအတွက် ငါလုပ်ပေးစရာတွေ ရှိသေးတယ်"

နောင်ကြိုးက မော်ဆက် ပြောတာကို နားမလည် ပဟေဠိဆန်နေသည်။

"နင်က ဘာတွေ လုပ်ပေးမှာလဲ ... "

"ဒီလိုပဲပေါ့ ... ငါ့ဘဝမှာ မာမီက အရေးကြီးဆုံးလေ ... မာမီ ငါ့နားမှာ ရှိဖို့လိုတယ် ... "

"အေးလေ ... ထားပါတော့ နင့်ကို ငါမေးဦးမယ် ... တို့ကျောင်းက နင်နဲ့ခင်တဲ့ မွှန်သာဆိုတဲ့ ကောင်မလေး ကျောင်း မလာတာ ကြာပြီနော် ... "

မော်ဆက်က မဖြေ ...

မွှန်သာက ကျောင်းကို ဘယ်တော့မှ လာမှာ မဟုတ်ဘူးဆိုတာ နောင်ကြိုး မသိတာပဲ ကောင်းမည်ဟု တွေးလိုက်သည်။

နောင်ကြိုးက လက်မှ နာရီကို ကြည့်၍ ...

"ကိုးနာရီကျော်ပြီ ပြန်ရအောင် မော်ဆက် ... "

" ... "

မော်ဆက်က ဘာမှ မပြော ကောင်းကင်ကို မော့ကြည့်နေရာမှ နောင်ကြိုးဘက်သို့ လှည့်ကြည့်လိုက်ရာ ...

"ဟင် ... မော် ... မော်ဆက်"

မော်ဆက်ရဲ့ မျက်လုံးတွေ နီရဲ တောက်ပလာသလို နောင်ကြိုးကို ကြည့်တဲ့ ပုံစံက ကြောက်စရာကောင်းလှသည်။





နောင်ကြိုးက နောက်သို့ ခြေတစ်လှမ်းချင်း ဆုတ်ရင်း ...

"မော်ဆက် သ ... သတိထားစမ်း ... ငါ နောင်ကြိုးလေ နောင်ကြိုး ... "

ပြောပေမယ့် မော်ဆက်က ရှေ့သို့ တစ်လှမ်းချင်းတိုးလာသည်။

နောင်ကြိုးလည်း ကြောက်ကြောက်နှင့် ...

"မော်ဆက် နင်ဘာလုပ်မလို့လဲ ... ဟင်"

မော်ဆက်ရဲ့ လက်နှစ်ဘက်က နောင်ကြိုးရဲ့ ပခုံးနှစ်ဘက်ကို ဆုပ်လိုက်ရာ နောင်ကြိုး အတင်းရုန်းကန်သော်လည်းမရ မော်ဆက်က နောင်ကြိုးကို အတင်းဖက်၍ လည်ပင်းအား ငုံ၍ ...

"အား ... "

အလွန်ထိတ်လန့် ကြောက်ရွံ့စွာ နောင်ကြိုး အော်လိုက်လေသည်။

~~~



www.burmeseclassic.com
~~~

www.burmeseclassic.com

"ဟင်"

အိပ်ရာပေါ် ထထိုင်လိုက်ပြီး ဘေးဘယ်ညာ ကြည့်လိုက်မှ သူအိပ်မက်မက်နေမှန်း နောင်ကြိုးသိလိုက်သည်။

သူ့မျက်လုံးထဲတွင် ကြောက်ရွံ့ထိတ်လန့်ဖွယ် မော်ဆက်ရဲ့ ပုံသဏ္ဍာန်ကို မြင်လို့လာသည်။

"မော်ဆက် နင် ဘာလဲ ... နင် အိပ်မက်ထဲက အတိုင်း ဖြစ်နေတာလား ... "

နောင်ကြိုးရင်မှာ မေးခွန်းတွေ ထပ်နေသည်။ တော်တော်နှင့်လည်း ပြန်အိပ်မပျော် ... ထို့ကြောင့် အခန်းထဲရှိ ရေခဲသေတ္တာထဲမှ ရေတစ်ဗူးကို ထုတ်ကာ သောက်လိုက်သည်။

ရင်ထဲ အေးလို့သွားတာကြောင့် စိတ်အနည်းငယ် ပေါ့သွားသည်။ သူ့ အခန်းအပြင်ဘက် ဝရံတာ ထွက်မည်ဟုတွေး၍ လျှောက်လာပြီး ဝရံတာမှာရပ်၍ အပြင်ဘက်သို့ ကြည့်လိုက်ရာ ...

"ဟင်"





ခြံရှေ့ အမှောင်ရိပ်ထဲ၌ BMW ကားလေးတစ်စီး သူသေချာ ကြည့်လိုက်တော့ ကားက မော်ဆက်ရဲ့ကား ...

ကားဘေးမှာလည်း အရိပ်တစ်ခု ...

အမှောင်ထဲမှ သူ့ကို လက်လှမ်းပြနေသည်။ နောင်ကြိုးလည်း အံ့သြစွာကြည့်နေပြီး သတိရကာ အခန်းထဲဝင်၍ ဖုန်းကိုယူကာ မော်ဆက်ကို ဖုန်းခေါ်လိုက်သည်။

"မော်ဆက် နင် ဘာလာလုပ်တာလဲ ... "

"အဝေးပြေး လမ်းဘက် ကားလျှောက်မောင်းပြီး ပြန်လာတာ"

"ဟင်"

နောင်ကြိုးရဲ့ အံ့သြတဲ့အသံကြောင့် မော်ဆက်က ...

"ဘာလို့လဲ နောင်ကြိုး ... "

"ဘာမှ မဟုတ်ပါဘူး ... နင် ကားလျှောက်မောင်းတာ တစ်ယောက်တည်းလား ... "

မော်ဆက်က ချက်ချင်း မဖြေ ...

"ဟဲ့ ... မေးနေတယ်လေ ... "

"အဖော်တစ်ယောက်ပါတယ် နင်တို့ ရပ်ကွက်ထဲကပဲ ငါလာပို့တာ ... "

"ပြီးတာပဲ နင်ပြန်တော့ ညဥ့်နက်နေပြီ ... "

"အေး ... "

မော်ဆက်က ကားထဲဝင်ကာ မောင်းထွက်သွားမှ နောင်ကြိုးလည်း အခန်းထဲဝင်ကာ အိပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ရက် နံနက် အိပ်ရာနိုးတော့ မျက်နှာသစ် ရေချိုး အဝတ်အစားလဲပြီးတော့ ကော်ဖီသောက်နေစဉ် သူ့အဒေါ် အန်တီခင်က–

''တူမကြီး တို့ခြေရင်း တစ်ခြံကျော်က ကောင်မလေး ညကဆုံးသွားတယ် ...''

''ဟင် ... ဘယ်လို''

''ကောင်မလေးက ညဘက် ကွန်ပျူတာသင်တန်းတက်ပြီး ပြန်လာတာ ညဥ့်အတော် နက်နေပြီ ... ခြံဝမှာ လဲပြီး ဆုံးတယ်လို့ ပြောနေကြတာပဲ ...''

''ရှင် ...''

အန်တီခင့် မျက်နှာကို နှောင်ကြိုး မော့ကြည့်ပြီး ညက သူမက်ခဲ့သည့် အိမ်မက်အကြောင်းနှင့်အတူ မော်ဆက်ရဲ့ မျက်နှာကို မြင်ယောင်လို့နေမိတော့သည်။

အသက်အရွယ်က လှုပ်ရှားနေပုံပြနေတာကြောင့်
အံ့ဩနေစဉ်မှာပဲ . . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)
## ရှေးဟောင်းအိမ်ကြီး

''မော်ဆက်ကို တွေ့လား ... နှောင်ကြိုးသီ''

နားနေဆောင်ရှိ ထိုင်ခုံတွင် တစ်ယောက်တည်း ထိုင်ကာ စာဖတ်နေသည့် နှောင်ကြိုးသီအား ကိုတိုးက မေးလိုက်၏။

''မတွေ့ဘူး ကိုတိုး ... မော်ဆက် ကျောင်းမလာတာ သုံးရက်ရှိပြီ ... သူ့ဖုန်း ဆက်ကြည့်တော့လည်း ဖုန်းက ပိတ်ထားတယ်''

''ဒီကောင် ဘာများဖြစ်နေလဲ ... မသိဘူး ... ''

''အင်းလေ ... နှောင်ကြိုးဆီကိုလည်း ဖုန်းမဆက်ဘူး''

ကိုတိုးနှင့် နှောင်ကြိုးသီက မော်ဆက်ကို စိတ်ပူနေကြသည်။

''နှောင်ကြိုး ... မှုန်နှံ့သာ သူငယ်ချင်းစန္ဒီနဲ့ ဟိုတစ်ရက်က မြို့ထဲမှာ တွေ့တယ် မှုန်နှံ့သာသေရတာ မော်ဆက်သတ်လို့တဲ့ ... ''

''သူက ဘာလို့ အဲလိုပြောတာလဲ ... ''





''မသိဘူးလေဟာ ... သူတို့တွေက မော်ဆက်ကို အတော်ကို အကျေမနပ်ဖြစ်နေကြတာ ... ''

ကိုတိုးက သူထင်တာကို ပြောလေ၏။

''မော်ဆက်ကြောင့်ဆို မော်ဆက် ပြဿနာတက်မှာပေါ့''

''မဟုတ်ဘူးလေ ... နှောင်ကြိုးရဲ့ မော်ဆက်ကြောင့် မှုန်နှံ့သာ သေရတယ်ဆိုတာ သူတို့ အထင်ကိုပြောတာ ...

တကယ်တမ်း ဘာအထောက်အထားမှရှိတာမှ မဟုတ်တာ''

''ဟုတ်တယ်နော် ... ''

''နင် အတန်းရှိသေးလား နှောင်ကြိုးသီ ... မရှိရင် တို့တွေ မော်ဆက်အိမ်သွားကြမယ် ... ''

''အင်း ... ''

နှောင်ကြိုးသီက ခေါင်းညိတ်လိုက်သည်။ သူတို့ မော်ဆက်နှင့် ခင်တာကြာပါပြီ ... တစ်ခါမှ မော်ဆက်အိမ်သို့ ရောက်ဖူးခြင်း မရှိ။

''နင့်မှာ ကားပါတယ်မလား ... နှောင်ကြိုးသီ''

''ပါတယ် ... ငါ့ကားနဲ့ပဲ သွားကြတာပေါ့''

ကိုတိုးနှင့် နှောင်ကြိုးသီတို့ နားနေဆောင်မှထွက်လာကာ နှောင်ကြိုးသီကားနှင့် မော်ဆက်အိမ်သို့ ထွက်လာခဲ့သည်။

မော်ဆက်တို့နေတာက မင်္ဂလာဒုံ ပုလဲမြို့သစ်ဆိုတော့ ကားကို အချိန်အနည်းငယ်ကြာအောင် မောင်းလာခဲ့ရသည်။ မော်ဆက်ပြောထားသည့် လိပ်စာအရ ပုလဲမြို့သစ်ရောက်တော့ ကားလမ်းမဘေးမှ ပေနှစ်ရာကျော် ကျယ်ဝန်းလှသည့် ခြံအကျယ်ကြီး ...



www.burmeseclassic.com

www.burmeseclassic.com



အဝင်တံခါးမကြီးက ဆေးအမဲသုတ်ထားသည့် သံတံခါးမကြီးမှာ ကြီးမားလွန်းလှ၏။

"တီ ... တီ"

နောင်ကြိုးက ခြံဝတွင် ကားကိုရပ်၍ ကားဟွန်းသံပေးလိုက်သည်။ ခဏကြာတဲ့အထိ ခြံထဲက ဘာသံမှ မကြားရ ... ။

ကိုတိုးက ကားထဲမှဆင်း၍ ခြံတံခါးနားသို့သွား၍ တံခါးဘေးမှ အုတ်တိုင်ကို ကြည့်လိုက်ရာ ခလုတ်တစ်ခုကို တွေ့ရသဖြင့် နှိပ်လိုက်၏။

"ခြံကကျယ်တော့ ကားဟွန်းသံကို မကြားတာနဲ့ တူတယ်"

"ဟုတ်မယ် တိုင်မှာ လူခေါ်ဘဲ(လ်)ခလုတ်ရှိတယ် ... "

ကိုတိုးပြောပြီး သိပ်မကြာပါ ခြံတံခါး အနည်းငယ် ပွင့်လာပြီး–

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ ... "

"ကျွန်တော်တို့ မော်ဆက်သူငယ်ချင်းပါ ... မော်ဆက်ကျောင်း မတက်လို့ လိုက်လာတာ ... "

"အင်း ... အင်း"

အသက်ငါးဆယ်ဝန်းကျင် အဒေါ်ကြီးက ခေါင်းညိတ်ပြီး သံတံခါးကြီး ကို ဖွင့်ပေးလိုက်သဖြင့် ခြံထဲသို့ ကားမောင်းဝင်လာသည်။

"ဟင် ... အိမ်ကြီးကလည်း ဘယ်လိုကြီးလဲ"

"အေးဟ ... "

နောင်ကြိုးသီပြောတာကို ကိုတိုးက ခေါင်းညိတ်လိုက်၏။ နွယ်ပင် တချို့က အိမ်ပေါ်သို့ တွယ်တက်နေသော ရှေးဟောင်း နှစ်ဆောင်ပြိုင် ဥရောပဟန် ကျွန်းအိမ်အမည်းကြီးဖြစ်သည်။





မော်ဆက်ရဲ့အနေအထားကို ကြည့်ပြီး အိမ်ဟာလည်းခမ်းနား ထည်ဝါခေတ်မီမည်ဟု ထင်ခဲ့သည်။

အခုတော့ ...

"လာ ... အိမ်ထဲဝင်ကြ ... "

အဒေါ်ကြီးရဲ့နောက်မှ နောင်ကြိုးသီနှင့် ကိုတိုးတို့ လိုက်လာကြ သည်။

"ဟင် ... "

အိမ်အပြင်ဘက်ကသာ ဟောင်းနွမ်းနေပေမယ့် အိမ်ထဲမှာ တော့ ...

အလွန်ခေတ်မီစွာ ပြင်ဆင်ထားသည်။

"ဧည့်ခန်းမှာ ထိုင်ကြဦး ... ကြီးစိုး သားမော်ကို ခေါ်ပေး မယ် ... "

"ဟုတ်ကဲ့ ... "

နောင်ကြိုးသီနှင့် ကိုတိုးက ဆိုဖာထိုင်ခုံကြီးများပေါ်တွင် ဝင်ထိုင် လိုက်ကြသည်။ အိမ်ထဲမှာ အေးစိမ့်နေသလို ကျောက်သားအစစ်ဖြင့် ပြုလုပ်ထားသည့် နံရံမှ အရုပ်များမှာ စိတ်ဝင်စားစရာကောင်းသည်။

အလင်းရောင်က ရသည့်ဆိုရုံသာရှိပေမယ့် လျှပ်စစ်မီးတော့ ဖွင့်မထားတာ ထူးခြားနေသည်။

"ဟာ ... ကိုတိုးနဲ့ နောင်ကြိုး ဘယ်ကနေ ရောက်လာကြတာ လဲ"

မော်ဆက်က အိမ်နေရင်း တီရှပ်လက်တို ဘောင်းဘီတိုတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ပါးစွာ ဝတ်ဆင်ထားပြီး သူတို့ရှေ့မှ ထိုင်ခုံတွင် ဝင်ထိုင်သည်။

နှောင်ကြိုးသီက ...

''မှော်ဆက် ... ဘာလို့ ကျောင်းမတက်တာလဲ''

''မာမီ နေမကောင်းလို့ဟာ ... မာမီဘေးမှာ ပြုစုနေရတယ်''

ကိုတိုးကဝင်၍ ...

''မင်းမာမီ နေမကောင်းတာ ကြာပြီထင်တယ် ... ဘာရောဂါလဲ ဆေးခန်းမပြဘူးလား''

''မာမီက ဆရာဝန်တွေကို မယုံဘူးတဲ့ ... ငါလည်းပြောရ ခက်ပါတယ်ကွာ ... ငါစွမ်းသလောက်တော့ မာမီကို လုပ်ပေးပါတယ် မာမီရောဂါက သွေးနည်းနေတာကွဲ ... ''

''ဟင် ... ဘယ်လို သွေးနည်းတာ ... ''

''ဟုတ်တယ် ... ''

''ဆေးရုံတင်ရင် သွေးသွင်းလို့ရမှာပဲ တင်လိုက်ပါလား''

''ဟင့်အင်း ... မာမီက လက်မခံဘူး''

မှော်ဆက်က ခေါင်းရမ်းလိုက်၏။

ထိုစဉ် ...

''သား ... သူငယ်ချင်းတွေလား''

''ဟင် ... ''

စကားသံနှင့်အတူ အင်္ကျီရင်စေ့ အစိမ်းရောင်နှင့် ထဘီချိတ် အစိမ်းရောင်တို့ကို ဝတ်ထားသည့် အသက်သုံးဆယ်ဝန်းကျင်အမျိုးသမီး တစ်ဦး ဧည့်ခန်းထဲဝင်လာတာကြောင့် နှောင်ကြိုးသီနှင့် ကိုတိုးတို့ အံ့ဩ





သွားကြသည်။

မှော်ဆက်က သူ့ဘေးဝင်ထိုင်သည့် အမျိုးသမီးအား ...

''ဒါ ... ငါ့မာမီလေ ဒေါ်ရတနာတဲ့ ... ''

''ဟုတ် ... ဟုတ်ကဲ့''

နှောင်ကြိုးသီ ခေါင်းသာညိတ်လိုက်ရသည်။ ဘယ်လိုမှ မယုံ အသားဖြူဖြူနှင့် နန်းဆန်စွာ လှပလွန်းသည့် ဒေါ်ရတနာက မှော်ဆက် အမိတဲ့ ...

အမှန်ဆို အစ်မအရွယ်သာရှိသည်။

''သားက အန်တီကို ဂရုသိပ်စိုက်တာ ... အန်တီက ကျောင်း သွားတက်ဆိုလည်း မတက်ဘူး ... အန်တီနားမှာပဲနေတယ်လေ ...

အန်တီတို့မှာလည်း သားအမိနှစ်ယောက်တည်းဆိုတော့ တစ် ယောက်ကို တစ်ယောက် အားကိုးနေရတာ ... ''

''မင်းတို့ တစ်ခုခု စားမလား ... ငါ စီစဉ်လိုက်မယ် ... ဒီဘား မှာတော့ ဆိုင်ကောင်းကောင်း မရှိဘူး ... ''

မှော်ဆက် သူ့မာမီစကားအဆုံးမှာ ဝင်ပြောတော့ ကိုတိုးက-

''ရပါတယ်ကွာ ... မစားတော့ပါဘူး ... မင်းကျောင်းဘယ်တော့ တက်မလဲ ... ''

မှော်ဆက်က သူ့မာမီမျက်နှာကို လှမ်းကြည့်သည်။

''ဒီလိုသားရဲ့ အန်တီကျန်းမာရေးက တဖြည်းဖြည်း ဆိုးလာတော့ သားက သူကျောင်းပြန်တက်မယ့်ရက်ကို မပြောနိုင်သေးတာပါ ... အင်း ... စာမေးပွဲတောင် ဖြေချင်မှ ဖြေမှာ ... ''



www.burmeseclassic.com

www.burmeseclassic.com



''ဟင် ... အဲလိုလား''

နှောင်ကြိုးသီ ပါးစပ်က ထွက်သွားလေရာ မော်ဆက် သူ့ကို မကြည့်ဘဲ ခေါင်းညိတ်ပြသည်။

''သားနဲ့ သမီးလည်းပြန်ရတာ မိုးချုပ်နေဦးမယ် ... ဒီဘက်က အသွားအလာနည်းတယ် ... ''

ဒေါ်ရတနာက လိမ္မာပါးနပ်စွာ နှင်တာကို ကိုတိုးနှင့်နှောင်ကြိုး သီတို့သိတာကြောင့် မတ်တတ်ထရပ်ပြီး နှုတ်ဆက်ကာ အိမ်ရှေ့ထွက်လာ သည်။

မော်ဆက်က ခြံထဲ ကားရပ်ထားရာအထိ လိုက်ပို့သည်။ ကိုတိုးက မနေနိုင်မထိုင် ...

''မင်းမာမီက နုလှချည်လား ... ''

မော်ဆက်က ပြုံး၍ ...

''မာမီက အရွယ်သိပ်တင်တာ နောက်မှ ငါဖုန်းဆက်လိုက်မယ်''

''အေး ... ''

ကားထဲဝင်ထိုင်နေသော နှောင်ကြိုးနားသွား၍ မော်ဆက်က -

''နှောင်ကြိုး နင့်ကိုငါ အရမ်းသတိရနေတာ ... ''

''အင်း ... ''

''ငါ့မာမီကိုနားလည်ပေးလိုက်ပါ ... သူ့ဘေးမှာ ငါ မရှိလို့ မဖြစ်ဘူးလေ ... မာမီ ဆက်ရှင်သန်ဖို့ ငါရှိမှ ဖြစ်မှာ ... ''

''ငါတို့သွားတော့မယ် ... နင်ကျောင်းတက်နိုင်အောင် ကြိုးစား နင်ရှင်သန်ဖို့လည်း ငါပြောတဲ့ ဆရာဆီ လိုက်ပို့မှ ဖြစ်တော့မယ်''





''အေးပါဟာ ... ''

နှောင်ကြိုးက ကားမောင်းထွက်သွားတော့ မော်ဆက်က လက်ပြ နှုတ်ဆက်ခဲ့သည်။

''ဟင်''

ဘက်ကြည့်မှန်က ကြည့်မိတဲ့ မြင်ကွင်းက အိမ်ဝတွင်ရပ်၍ ခပ်ငူငူ ကြည့်နေတဲ့ ဒေါ်ရတနာကို တွေ့လေရာ ကြောက်စရာကောင်းလှသည့် မျက်နှာကြီးဖြစ်နေတာကြောင့် ကြောက်ကြောက်နှင့် ခြံထဲမှ ကားမောင်းထွက် လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

မိမိရင်သွေးအား ခြံဝတွင်ချထားခဲ့ပြီး
ပြန်ထွက်လာတော့ . . .

## အခန်း (၁၃)

## တောရစခန်းက ဆရာမလေး

ရခိုင်ရိုးမတောစပ် မဏိရတနာတောရ တရားစခန်းလေးကတော့ အလွန်တရာမှကို အေးချမ်းလွန်းလှသည်။

တရားစခန်းလေးက ထူးခြားတာက တည်ထောင်သူမှာ ယောဂီမ မြေအေးဖြစ်သည်။ အသက်သုံးဆယ်ကျော် အရွယ်သာရှိသေးပြီး ငယ်စဉ် ဘည်းက ချမ်းသာသည့် မိဘများဆီမှခွင့်ပန်ကာ အဒေါ်သီလရှင်ကြီးနှင့် စစ်ကိုင်းချောင်လိုက်ပါခဲ့သည်။

သီလရှင်ဝတ်နှင့် လောကုတ္တရာ စာပေကိုသင်ယူရင်း တရားကျင့်ခဲ့သည်။ အဒေါ်သီလရှင်ကြီးဆုံးတော့ စစ်ကိုင်းချောင်မှ ထွက်လာပြီး လူပတ်လဲ၍ ညောင်ခြေထောက်ကျေးရွာအုပ်စုအပိုင် တောရွာလေးမှာ တရားအားထုတ်ခဲ့သည်။ ထိုတောရွာလေးက ရခိုင်ရိုးမအစပ်မှာ ရှိတာကြောင့် နေရာကျယ်ဝန်းလှစွာ တရားစခန်းကို ဖွင့်လှစ်နိုင်ခဲ့သည်။

တောရ တရားစခန်းမှာ တရားလာဝင်သူများမှာ အမျိုးသမီး များသာဖြစ်သည်။

---

ရွှေရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှာသူရှာသားအများစုမှာ ဗဟုသုတ နည်းပါးလွန်းတာကြောင့် မဖြူအေးက ကလေးတွေကို စာသင် ရောဂါဖြစ်သူကို သူ့သိသလောက် ဆေးကုစတဲ့ ပရဟိတအလုပ်တွေကို လုပ်တာကြောင့် မဖြူအေးကို ရွာသူရွာသားတွေက ကြည်ညိုကြသည်။

မိဘများနေထိုင်ရာ မော်စာအရပ်ကိုအစွဲပြု၍ မော်စာ မဖြူအေး ဟုခေါ်ကြသည်။

မဖြူအေးမှာ ထူးခြားတာများစွာရှိသည်။ လူတစ်ယောက်ရဲ့ ကံကြမ္မာကို တိကျစွာပြောနိုင်သလို လောကီပညာရပ် အစီအရင်တို့ကိုလည်း လွန်စွာတက်ကျွမ်းသည်။ ဒေါ်စောမေက သူ့ညီမ ဒေါ်ရင်မေရှိရာ ဒီရွာလေးကို သမီးဖြစ်တဲ့ မာလာနှင့်အတူ လာရောက်ကာ နေထိုင်သည်။

နေထိုင်ရတာလည်း မာလာမှာ ကိုယ်ဝန်ရှိလာတာကြောင့် သူတို့ မြို့လေးမှာနေထိုင်ရန် မဖြစ်နိုင်တော့တာကြောင့်ဖြစ်၏။

သူတို့ရောက်ပြီး သိပ်မကြာခင်မှာပင် ဒေါ်ရင်မေ ဆုံးပါးသွားသည်။ ဒေါ်စောမေက သည်း ကျန်းမာရေးကလည်း သိပ်မကောင်း။ တစ်နေ့တခြား ကိုယ်ဝန်ရင့်လာသည့် သမီးမာလာကြောင့်သာ စိတ်အားတင်းထားရသည်။

သူတို့သားအမိရဲ့ဒုက္ခကို ဒေါ်စောမေအား ဆေးလာကုပေးသည့် မဖြူအေးက သိတာကြောင့် လိုအပ်တာကို ကူညီပေး၏။

မာလာ ကလေးမီးဖွားတော့ ရွာထဲကလက်သည်နှင့် ဖွားခဲ့သည်။ ကလေးက ဝဝတုတ်တုတ်နှင့် ချစ်စရာကောင်းလှသည်။

ကလေးတစ်လပြည့်တော့ ဒေါ်စောမေရဲ့ကျန်းမာရေးက လုံး မကောင်းတော့ ...





"အ ... ဟွတ် ... ဟွတ် ... "

"အမေရယ် ချောင်းတွေ တအားဆိုးပြန်ပြီ ... သမီး ဆရာမ ...းကို သွားခေါ်ရမလား ... "

"ရတယ် သမီး ... ဆိုးနေကြပဲ မြေးမလေးကိုသာ ဂရုစိုက် ...ကွယ်"

မာလာက သမီးလေးကိုနို့တိုက်နေရင်း မိခင်ဖြစ်သူ ခံ...းနေ ...တာကို မကြည့်ရက် ...

"ဟွတ် ... ဟွတ် ... အော့ ... အော့"

"ဟင် ... အမေ သွေးတွေ အန်နေပါလား ... မဖြစ်ဘူး"

"ရ ... ရတယ် ... သမီး"

"ရတယ် မလုပ်နဲ့ ... အမေ ဆရာမလေးကို သမီးသွားခေါ် ...ယ်"

မာလာက အိမ်အနီးအနားက လူတွေကို အကူအညီတောင်းကာ ...ဖြူအေးကို အတင်းပြေးခေါ်ကာ အိမ်ပြန်ရောက်တော့ သူ့မိခင် ဒေါ်စောမေက အသက်မရှိတော့ ...

"အဖြစ်ဆိုးလှချည်လား အမေရယ် ... "

ရက်စက်လွန်းသည့် ကံကြမ္မာက သူတို့ကို မျက်နှာသာမပေးခဲ့။

သမီးလေးကိုပွေ့ထားရင်း သူ့မျက်လုံးထဲတွင် ဦးမျိုးမင်းရဲ့ မျက်နှာကို မြင်လို့နေကာ နာကြည်းစိတ်တို့ ပြည့်နှက်ကာ နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ညနေ နေဝင်မိုးချုပ် သမီးလေးကိုပွေ့ကာ မာလာ လမ်းမပေါ် လျှောက်လာသည့် မာလာရဲ့ မျက်လုံးထဲမှာ မျက်ရည်ပူတို့ စီးကျလို့နေသည်။

သူ့ဘဝရဲ့ အခက်အခဲ အကျပ်အတည်းတွေကြားမှာ သမီးလေးက မပြည့်ဝသည့် မိခင်နို့ကိုတောင် ခက်ခက်ခဲခဲ စို့နေရသည်။

မိခင်ဆုံးပြီးတော့ ရွာမှာဆက်နေလို့ မဖြစ်နိုင်တာကြောင့် သမီးလေးနှင့်အတူ မြို့သို့ ပြန်ခဲ့ခြင်းဖြစ်သည်။

မြို့ရောက်တော့ ဘယ်သူ့အိမ် သွားနေရမှန်း မသိ — ထမင်းကမစားရတော့ နို့ကမထွက် သမီးလေးက နို့စို့တာ မထွက်တော့ ငို ... ငိုလို့မောတော့ အိပ် ...

သူ့စိတ်ထဲမှာ သမီးလေးအတွက် လွန်စွာကြေကွဲမိသည်။

သူ ... တစ်ခုခုလုပ်ဖို့ ဆုံးဖြတ်ချက်ချလိုက်သည်။

အဲဒါကတော့ ...

သူ့သမီးလေးကို ဦးမျိုးမင်းတို့ ခြံရှေ့မှာ စွန့်ပစ်ရေးပင်ဖြစ်သည်။ ထိုသို့ စွန့်လွှတ်လိုက်ရင် ဦးမျိုးမင်း ဒေါ်သူဇာတို့က ကောက်ယူမွေးစား





မှာပဲဟု စဉ်းစားကာ ဆုံးဖြတ်ချက်ကို ချလိုက်၏။

ဒေါ်သူဇာတို့ ခြံရှေ့သို့ လျှောက်လာပြီး ခြံထဲက အခြေအနေကြည့်၍ သမီးလေးကို အကြိမ်ကြိမ် နမ်းရှုံ့ကာ တံခါးဝဘေး မြက်ခင်းပေါ် ချထားလိုက်စဉ် ...

"ဟင်"

သုံးနှစ်ကျော်အရွယ် ကလေးတစ်ယောက် စေ့ထားသည့် ခြံတံခါးကိုတွန်းကာ ခြံပြင်ထွက်လာသည်။ မာလာ သေချာကြည့်လိုက်တော့ ဦးမျိုးမင်း ဒေါ်သူဇာတို့၏သားလေး ...

သူ့စိတ်ထဲမှာ ဦးမျိုးမင်း၏ မျက်နှာ ချက်ချင်းပြေးမြင်ပြီး ဆုံးဖြတ်ချက်တစ်ခု ချက်ချင်းချပြီး ထိုကလေးကို ပွေ့ကာပြေးထွက်လာသည်။

"ဝါး ... "

ကလေးက သူ့လက်ထဲမှာ ငိုသော်လည်း အပြေးကို မရပ်။ ထိုစဉ် ...

"ကျွီ ... "

သူ့ဘေးမှာ ကားတစ်စီးထိုးရပ်လာပြီး ကြည့်လိုက်တော့ အသက်သုံးဆယ် အမျိုးသမီးတစ်ယောက် ...

"ညီမ ဘာဖြစ်လို့လဲ — အစ်မ ဘာကူညီရမလဲ"

မာလာစိတ်ထဲက အကြံတစ်ခုပေါ်ကာ ...

"ညီမကို ကူညီပါအစ်မရယ် — သူတို့ ညီမနောက် လိုက်လာကြပြီ"

"တက် ... ညီမ ကားပေါ်တက် ... "

အမျိုးသမီးက ကားတံခါးကိုဖွင့်ပေးတော့ မာလာလည်း ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ပွေ့ကာ တက်ထိုင်လိုက်သည်။ ငိုနေတဲ့ ကလေးကိုချော့တော့ ကလေးက အိပ်ပျော်သွားသည်။

"ဘာတွေဖြစ်တာလဲ ညီမ အစ်မကိုပြောပါဦး ... အစ်မနားမည် ရတနာပါ ရန်ကုန်ကိုပြန်မှာလေ ... "

မာလာက သူ ဘာပြောရမလဲဆိုတာ စဉ်းစားပြီး ရှိုက်ငိုကာ ...

"ညီမက ဟိုအိမ်ကြီးက အိမ်ဖော်ပါ ... အိမ်ရှင်က မတရား အနိုင်ကျင့်လို့ ကလေးတစ်ယောက်ရလာပါတယ် ... "

"အိမ်ရှင်မိန်းမက မသိဘူးလား"

"သိပါတယ် ... သူတို့သိက္ခာကျမှာစိုးလို့ အိမ်ထဲက အိမ်ပြင် မထွက်ရပါဘူး ... သားလေးမွေးပြီးတော့လည်း မတရားနှိပ်စက်တယ် အခုတော့ မခံနိုင်တော့လို့ သူတို့အလစ်မှာ ထွက်ပြေးလာတာပါအစ်မရယ်"

ရတနာက ကားမောင်းနေရင်း မာလာကို အလွန်သနားသွားသည်။ သူကိုယ်တိုင်ကလည်း ဖခင်က ငယ်စဉ်ကတည်းက ဆုံးပါးသွားပြီး မိခင်နှင့် နေထိုင်လာခဲ့ရသည်။ မိခင်က သူကျောင်းပြီးတော့ဆုံးပါးသွားပြန်သည်။

လင်ယောကျ်ားရလာတော့လည်း ယောကျ်ားက သင်္ဘောအရာရှိ တစ်ယောက်ဖြစ်၍ အတူတကွ မနေရ ...

ကံဆိုးချင်တော့ သူယောကျ်ားအလုပ်လုပ်တဲ့ သင်္ဘောက ပင်လယ်မှာ နစ်မြုပ်ခဲ့သည်။ အခုတော့ အိမ်မှာ သူတစ်ယောက်တည်း ထို့ကြောင့် ခွေးမွေး နီးစပ်ထဲက ဒေါ်အေးအောင်ဆိုသူ အပျိုကြီးတစ်ယောက်ကို ခေါ်ထားရသည်။

မိခင်လက်ထက်တည်းက ရှိခဲ့သည့် ဥစ္စာပစ္စည်းက သူတစ်သက် စားမကုန် ...





"ညီမ အခု ဘယ်ကိုသွားမှာလဲ ... "

"မစဉ်းစားရသေးပါဘူး အစ်မရယ် ... ရန်ကုန်မှာ အမေ့ဘက်က အမျိုးတွေရှိတယ်ပြောတာပဲ"

"ရန်ကုန်ဘယ်နားမှာလဲ ညီမ ... "

"တာမွေလို့ပြောတာပဲ အစ်မရယ် ... "

"တာမွေက အကျယ်ကြီးညီမ ... လိပ်စာ အတိအကျသိလား"

"ဟင့်အင်း ... "

အားငယ်သွားသည့် မာလာ့မျက်နှာကိုကြည့်ကာ ရတနာ သနား သွားသည်။

"ကဲပါလေ ... အစ်မအိမ်ကိုလိုက်ခဲ့ နောက်မှ အမျိုးတွေရှာ ပေါ့ ... "

"ကျေးဇူးတင်လိုက်တာ အစ်မရယ် ... "

မာလာ တကယ်ကို ကျေနပ်သွားသည်။ သူလက်ထဲမှာ အိပ်ပျော် နေသည့် ကလေးကိုကြည့်၍ မဲ့ပြုံးပြုံးလိုက်၏။

"ဦးမျိုးမင်းရယ် ... ရှင် ကျွန်မကိုပေးခဲ့တဲ့ ဒုက္ခတွေအတွက် ရှင့်သားကို ကျွန်မဘယ်လို လုပ်ပြမယ်ဆိုတာ ကြည့်ထားလိုက်စမ်းပါ"

စိတ်ထဲမှ ကြိတ်ကာ ကြုံးဝါးလိုက်သည်။ သူ့ဘဝရဲ့ ကယ်တင်ရှင် ရတနာကတော့ အဖြစ်မှန်ကို မသိရှာ ... ကားကိုသာ ဂရုတစိုက် ရန်ကုန်သို့ ဦးတည်မောင်းနေလေတော့သည်။

~~~



www.burmeseclassic.com
~~~

www.burmeseclassic.com

အပ်ထားသည့်ပိတ်ဖြူစကို လှန်၍
မိမိ ခန္ဓာကိုယ်ကို မိမိပြန်ကြည့်ပြီး

## အခန်း (၁၄)
## စုတင်ပေါ်က အလောင်း

"ဒီမှာ ညီမအတွက် အစ်မအဝတ်အစားတွေ ဝယ်လာတာ ညီမနဲ့ အစ်မက ကိုယ်လုံးကိုယ်ပေါက်တူတော့ အစ်မအရွယ်အတိုင်းနဲ့ဝယ်လာတယ်"

ရတနာက အဝတ်ထုပ်များကို မာလာရှေ့ချကာပြောသည်။

"ရပါတယ် အစ်မရယ် ... ညီမ အစ်မပေးထားတဲ့ အဝတ်တွေနဲ့တင် လောက်ပါတယ် ... ဘယ်မှသွားစရာမှ မရှိတာ ... အသစ် မလိုပ်ဘူး"

"ဘယ်ဟုတ်မလဲ ညီမရယ် ... ညီမက အခုဆို ရတနာရဲ့ ညီမ ဖြစ်သွားပြီလေ၊ ရတနာ့ညီမအနေနဲ့ တူညီတဲ့ အဆင့်အတန်းနဲ့ နေရမှာပေါ့"

ရတနာက မာလာအပေါ် ညီမရင်းတစ်ယောက်လို ချစ်ရှာသည်။ မာလာကလည်း ရတနာလိုတာမှန်သမျှ အကုန်လုပ်ပေး၏။

တစ်ရက်မှာတော့ ...

"ဒေါ်အေးအောင်ရေ ခြံတစ်ခြံဝယ်ဖို့သွားမှာ မာလာကိုလည်း ခေါ်သွားမယ် ... "



www.burmeseclassic.com

www.burmeseclassic.com



''အေး ... အေး ... ဒေါ်အေးအောင် ကလေးကြည့်ထားလိုက်မယ် ... ''

''သေချာ ဂရုစိုက်နော် သူစားချင်တာ ကျွေးထားလိုက် မငိုစေနဲ့''

''အေးပါ ... ''

ရတနာက ကလေးကို အလွန်ချစ်သည်။ မာလာကိုခေါ်ပြီး သူတို့နေသည့် အင်လျားလမ်းမှ တစ်ဆင့် ပုလဲမြို့သစ်ဘက် ထွက်လာသည်။

ခြံကိုကြည့်၍ ဈေးစကားပြောပြီး စရံချေကာ အိမ်သို့ပြန်လာသည်။

လမ်းတွင်ကားမောင်းရင်း ရတနာက ...

''ဟာ ... အခုမှ သတိရတယ် ... အစ်မ အမြတ်ခွန်ရုံးမှာ ချိန်းထားတဲ့ ကိစ္စရှိတယ် ... နောက်တောင်ကျနေပြီ ... ''

''သွားလိုက်လေ အစ်မ ... ''

ရတနာက ကားကိုအရှိန်မြှင့်လျှက်မောင်းလေရာ ကားက ရှစ်မိုင် မီးပွိုင့်လွန်သောအခါ ရှေ့မှ ဘတ်(စ်)ကားကိုကျော်အတက် –

''အစ်မ ... ရှေ့မှာကား ... ကား''

''ဟာ ... ''

''ဒိန်း ... ''

''အား ... ''

''အား ... ''

မျက်နှာချင်းဆိုင်မှ ဝင်လာသည့် ခရီးသည်တင် ကားကြီးတစ်စီးနှင့် တိုက်မိလေတော့သည်။

~~~

ရွှေရင့်အောင်စာပေ

''ဟင်''

မာလာ ခုတင်ပေါ်က သူ့ခန္ဓာကိုယ်ကို ကြည့်၍ အလွန် ထိတ်လန့်သွားသည်။

ဒဏ်ရာတွေက မြင်မကောင်း ...

သူ့ခန္ဓာကိုယ် တင်ထားသည့် ခုတင်ဘေးမှာလည်း လူတွေ ဝိုင်းနေသည်။

''မရတော့ဘူး သူဆုံးရှာပြီ ... ''

''ရှင် _ ဘယ်လို ကျွန်မဆုံးပြီ ဟုတ်လား _ မဟုတ်ဘူး ကျွန်မ ဒီမှာ ... ဟာ မလုပ်နဲ့လေ မလုပ်ပါနဲ့ ... ''

သူ့ခန္ဓာကိုယ်ကို ပိတ်ဖြူစနှင့် အုပ်လိုက်ကြရာ သူအတင်းအော်သော်လည်းမရ ... ပိတ်ဖြူစကို သူလက်နှင့်အတင်းဆွဲဖယ်ရာ ကိုင်လို့ချော်နေသည်။

''ကျွန်မ ဒီမှာလေ ... ''

ရွှေရင့်အောင်စာပေ

www.burmeseclassic.com
~~~

www.burmeseclassic.com



သူသေပြီလား၊ သူ့ခန္ဓာကိုယ်က လုံးဝမလှုပ်တော့ ဘေးခုတင်သို့ ကြည့်လိုက်တော့ ရတနာ … သူ့ဘေးမှာလည်း လူတွေ …

“သတိလစ်နေတာ ဒဏ်ရာတော့များတယ် … ”

မာလာ ထိုခုတင်နားကပ်ကြည့်တော့ ရတနာ …

ချက်ချင်းခေါင်းထဲ အကြံရလာရာ …

“ဟုတ်ပြီ … ငါ အဲလိုလုပ်ရမယ် ငါသေလို့ မဖြစ်ဘူး … ငါသေလို့မဖြစ်ဘူး … ”

မာလာ … ရတနာခုတင်ဘေးရပ်ကာ အခြေအနေကို စောင့်ကြည့်နေသည်။

“မင်း … ဘာလုပ်တာလဲ”

“ဟင် … ”

အရပ် ထောင်ထောင် မောင်းမောင်း အသားမည်းမည်းနှင့် ဝတ်ရုံအနက်ကြီးကို ဝတ်ထားသူက သူ့နောက်ရောက်လာကာ မေးလေ၏။

“မင်းနဲ့ မဆိုင်တော့ဘူး သွားတော့ … ”

“ဟင့်အင်း … ”

မာလာခေါင်းခါလိုက်သည်။ ဝတ်ရုံအနက်ကြီးက ရှေ့သို့ တဖြည်းဖြည်းတိုးလာတော့ မာလာနောက်သို့ ဆုတ်ကာ ဆုတ်ကာ သွားပေမယ့် မရ … မျက်နှာချင်းဆိုင် နီးကပ်လေသောအခါ …

“မင်း ပြောမရဘူးလား … ”

“ကျွန်မ မသေချင်သေးလို့ပါ … ”

“ဒီလောက်ပြောရခက်တာ လာစမ်း … ”





မာလာအား အတင်းဖက်၍ လည်တိုင်အား ပါးစပ်ထဲက ချွန်ထက်သည့် အစွယ်နှစ်ချောင်းဖြင့် ကိုက်လိုက်ရာ …

“အား … ”

မာလာက ငယ်သံပါအောင် အော်ဟစ်ပြီး ဝတ်ရုံနက်ကြီးက လွှတ်ချလိုက်တော့ ရတနာခန္ဓာကိုယ်ပေါ် ကျလို့သွားလေတော့သည်။

ဆဆဆ



www.burmeseclassic.com

www.burmeseclassic.com

သားဖြစ်သူကို အမျိုးမျိုးနှိပ်စက်ပြီး
စေခိုင်းရျေမှ ...

## အခန်း (၁၅)
## ဝိညာဉ်ရဲ့အစပြ

"ရတနာကို တွေ့ချင်လို့တဲ့ အိမ်ရှေ့မှာ ညည်သည်တွေရောက်နေ
ယ် ... "

"ဘယ်ကလဲ ... နေမကောင်းဘူးလို့ ပြောလိုက်ပါ ကြီးစိုး"

ရတနာက အိပ်ရာထဲကမထ ကြီးစိုးက မျက်နှာမကောင်းစွာ
... ,

"ထွက်တွေ့လိုက်ပါ တော်ကြာ သူတို့ အခန်းထဲထိလိုက်လာကြ
ယ် ... "

"ဟင် ... အခုလာတာ ဘယ်သူတွေမို့လဲ ... "

"ဒေါက်တာမျိုးမင်းရယ် နှောင်ကြိုးသီရယ် လူလေးငါးယောက်
... "

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ရတနာ ထထိုင်လိုက်သည်။

"လာမယ်လို့ပြောလိုက် ... "

"အေး ... အေး"

ကြီးစိုး ထွက်သွားတော့ ရတနာလည်း အင်္ကျီထဘီတို့ကို သပ်သပ်ရပ်ရပ်ဖြစ်စေရန် ပြန်ဝတ်လိုက်သည်။

ထို့နောက် ...

ဧည့်ခန်းဆီသို့လျှောက်လာရာ ဧည့်ခန်းထဲတွင် သူ့အလာကို ကြည့်နေကြသည့်သူများ ...

"ဟင် ... "

ထိုလူများထဲတွင် ဒေါ်ဖြူအေးလည်းပါလာတာကြောင့် ရတနာ အံ့သြလို့သွား၏။

"ဘာကိစ္စလဲ ... "

ရတနာ ထိုင်ခုံအလွတ်တွင် ဝင်ထိုင်၍ မေးလိုက်သည်။

ဒေါက်တာမျိုးမင်းအေးမှ ဒေါ်သူဇာက ...

"အစ်မတို့ သားကိုတွေ့ချင်ပါတယ် ညီမရယ် ... ညီမဆီမှာ ရှိနေတဲ့ မော်ဆက်ဟာ ... အစ်မတို့သားမှန်း အစ်မတို့ ဒီကဒေါ်ဖြူအေး ပြောလို့ သိပြီးပါပြီ ... "

"ဟင် ... မဟုတ်တာပဲ မော်ဆက်ဟာ ရတနာ့သားပါ"

ဒေါ်ဖြူအေးက ရတနာကို သေချာစိုက်ကြည့်လိုက်တော့ ရတနာ လန့်သွားသည်။

"ရတနာ ဒေါ်အေးအောင်ကို သိတယ် မလား"





"အင်း _ သိတယ်လေ ရတနာကားတိုက်လို့ ဆေးရုံကဆင်းပြီး သက်သာတော့ ရွာခဏ ပြန်မယ်ဆိုပြီး ပြန်မလာတော့ဘူး ... "

"ဟုတ်တယ် ... ဒေါ်အေးအောင်က ရတနာနဲ့ ဘယ်လို နေချင်တော့မလဲ ... ရတနာက သူ့တူမ ရတနာမှ မဟုတ်တော့တာ ... "

"ဟင် ... "

ရတနာ့ရင်ထဲ ထိတ်လန့်သွားသည်။ ဒေါ်ဖြူအေးက ဆက်၍ –

"ဒေါ်အေးအောင်က ဆရာမလေးရဲ့ အစ်မအရင်းဆိုတော့ ဆရာမလေးက ရတနာနဲ့ အမျိုးတော်တာပေါ့ ... ရတနာ ရိပ်သာလာပြီးအင်္ကျီမှာ ကိုယ့်ကလေးကိုပစ်ပြီး ကိုယ့်ကို အနိုင်ကျင့်စော်ကား သူရဲ့ကလေးကို နို့တိုက်ဖို့ ပြန်နိုးလာတဲ့ မာလာကိုတွေ့တယ် ...

မာလာကို သနားလို့ အိမ်ခေါ်ထားရာက ကားတိုက်မှုဖြစ်တယ် အိမ်ကိုပြန်ရောက်လာတာက ရတနာပါပဲ ... ဒါပေမယ့် ရတနာ မဟုတ်ဘူး ...

မာလာစိညာဉ်နဲ့လေ ဆရာမလေးကို ဒေါ်အေးအောင်ပြောပြတာနဲ့ ဆရာမလေး ဆက်စပ်တွေးမိတာပါ"

"မဟုတ်ဘူး ... ကျွန်မ မာလာ မဟုတ်ဘူး ... ရတနာပါ"

ရတနာက အတင်းငြင်းဆန်နေရာ ဒေါ်ဖြူအေးက ...

"ကိုယ့်ရန်သူကို စိတ်ထဲမှာမကျေနပ်တိုင်း သူ့ရဲ့သားကို အမျိုးမျိုးနှိပ်စက်နေတာ ရတနာမှ မဟုတ်တာ ... ပြီးတော့ ရတနာ့ခန္ဓာကိုယ်နဲ့ မာလာဟာလည်း မိခွာကပ်နေတယ်လေ ...

သားကို အသုံးချခိုင်းပြီး ကိုယ်လိုသလို ပူးလိုက် ကပ်လိုက်လုပ်



www.burmeseclassic.com

www.burmeseclassic.com



နေတယ် ... မော်ဆက်ကြောင့် ကောင်မလေးတွေ သေခဲ့ရတယ် ... တကယ်တော့ မော်ဆက်ရဲ့ မူရင်းစိတ်က သတ်တာမဟုတ်ဘူး ...

မိစ္ဆာကပ်လို့ သေခဲ့ရတာ ပြဿနာ မတက်တာကလည်း ချက်ချင်း သေကြတာ မဟုတ်သလို ဒဏ်ရာလည်း မြင်လောက်အောင် မပေါ်လို့ပဲ ... ''

''ဆရာမလေးတော်ပါတော့ ကျွန်မလည်း သွားတော့မှာပါ ... မော်ဆက်ကိုလည်း လွတ်မြောက်ခွင့် ပေးတော့မှာပါ ... ''

ရတနာက ခေါင်းကို ငုံ့ထားကာ တစ်လုံးချင်း ပြောပြီး မျက်ရည်တို့ကျလာသည်။

''မင်းကိုယ်မင်း ... မာလာဆိုတော့ ဝန်ခံပြီပေါ့ ... ''

'' ... ''

ရတနာက ဘာမှမပြော ... ဒေါ်ဖြူအေးက ...

''အညို့ဟာကြီးနဲ့ ကိုယ့်ရန်သူ့သားကို လက်စားလည်း ချေပြီးသွားပြီ ... မင်းဘာဖြစ်ချင်သေးလဲ ... ''

ရတနာကခေါင်းကို တဖြည်းဖြည်းမော့၍ ဒေါ်သူဇာကိုကြည့်၍-

''မမကြီး မာလာ သမီးလေးကိုတွေ့ချင်တယ် ... ''

ပြောလေရာ ဒေါ်ဖြူအေးက ...

''မာလာတွေ့ချင်တဲ့ မာလာရဲ့သမီးဆိုတာ ဒီက နှောင်ကြိုးပဲ ... ''

''ရှင် ... ''

''ဟင် ... ''





မာလာတင် မဟုတ် နှောင်ကြိုးသီပါ အံ့ဩထိတ်လန့်သွားသည်။ ညက သူကိုယ်တိုင် မော်ဆက်ကို နှောင်ကြိုးသီဆီက သွေးသွားယူခိုင်းခဲ့သည်။

သားပြန်လာတော့ ဘာမှ ရမလာခဲ့ ...

ထို့ကြောင့် သားကို ဒဏ်ပေးထားသည်။

''မော်ဆက် မာမီ ... နှောင်ကြိုး မေမေ ဟုတ်လား ... အမေ''

နှောင်ကြိုးသီက ဒေါ်သူဇာကိုမေးတော့ ဒေါ်သူဇာက ...

''ဟုတ်တယ်သမီး ... မာလာက သမီးအမေအရင်းပါ''

''အဲလိုဆို မော် ... မော်ဆက်က နှောင်ကြိုးသီအစ်ကိုပေါ့ ဘယ်လိုဖြစ်တာလဲ ... ''

မာလာက သူ့သမီး နှောင်ကြိုးသီကို ကြည့်၍ -

''သမီး သမီးလေး ... မေမေ သမီးလေးကို မေမေ့သမီးမှန်း မသိခဲ့ပါဘူး ... ''

''မေမေ ... ဟင့် ... ဟင့်''

နှောင်ကြိုးသီလည်း မာလာကိုကြည့်၍ မျက်ရည်တွေကျလာသည်။ ဒေါက်တာမျိုးမင်းက ...

''မာလာ့ဆီမှာရှိတဲ့ မော်ဆက်ဟာ ဖေဖေသား မဟုတ်ပါဘူး သမီး ... သမီးမေမေ သူဇာ ဖေဖေနဲ့အိမ်ထောင်မကျခင် ရန်ကုန်မှာ ကျောင်းတက်ရင်း သူချစ်သူနဲ့ ကျူးလွန်မိရာက ကိုယ်ဝန်ရှိလာတာပါ ...

ဖေဖေနဲ့လက်ထပ်တော့ သမီးမေမေသူဇာက ပွင့်ပွင့်လင်းလင်း ပြောပြီး လက်ထပ်ခဲ့ကြတာလေ ... ''



www.burmeseclassic.com

www.burmeseclassic.com



''ဟင် ... အဲလိုဆို မော်ဆက်က ရှင့်သွေး မဟုတ်ဘူးပေါ့''

မာလာက အထိတ်တလန့် ထ၍ မေးလိုက်သည်။

''ဟုတ်ပါတယ် ... မာလာ ... ဦးသွေး မဟုတ်ပါဘူး''

''ဟာ ... ဘယ်လိုဖြစ်တာလဲ နှစ်နှစ်ဆယ်နီးပါး ရှင့်ကလေးဆိုပြီး မာလာက မော်ဆက်စိတ်တွေကို နှိပ်စက်ခဲ့တာ ... အခုတော့ မာလာ နှိပ်စက်ခဲ့တာတွေ အလကားပေါ့ ...''

''မေမေ ...''

လွန်စွာစိတ်လှုပ်ရှားနေတဲ့ ဒေါ်မာလာကိုကြည့်၍ နှောင်ကြိုးသီ သတိပေးကာ ခေါ်လေ၏။

''သမီးလေး မေမေက သမီးလေးကောင်းစားအောင် သူတို့ခြံရှေ့မှာ စွန့်ပစ်ခဲ့တာပါ ... သူတို့သားကို နှိပ်စက်ဖို့ မေမေခေါ်လာခဲ့တာ ...

ဝိညာဉ်ဘဝ ရောက်သွားတာတောင် လက်စားမချေရမှာစိုးလို့ လူ့ဘဝကို ဖြစ်တဲ့နည်းနဲ့လာပြီး လက်စားချေတာလေ ...''

''တော်ပါတော့ မေမေရယ် ... မေမေ့ရဲ့ အညှိုးတွေတော် လိုက်ပါတော့ ...''

ထိုစဉ် ...

''မာမီ ...''

အိမ်နောက်ဘက်မှ မော်ဆက် ထွက်လာသည်။ ညှိခန်းထဲမှ လူများနှင့်အတူ နှောင်ကြိုးသီကိုတွေ့တော့ သူမာမီအား ...

''မာမီခိုင်းတာကို သားချစ်သူမို့ သားမလုပ်တာ မဟုတ်ပါဘူး သူ့ဆီ ကို သားသွားခဲ့ပါတယ် ...





အခု မာမီဆန္ဒပြည့်စေရမယ် ... မာမီ ...''

မော်ဆက်က နှောင်ကြိုးသီဆီ အတင်းပြေးသွားမည်လုပ်ရာ–

''ရပ်လိုက်စမ်း မော်ဆက် မင်း သူ့ကို ဘာမှလုပ်စရာမလိုဘူး''

''မာမီပဲ သူ့ကို ...''

''အေး ... မင်း ငါ့အတွက် လိုအပ်တာကို လုပ်ပေးရမှာက အဲဒီလူပဲ ...''

''ဟင် ...''

ဒေါ်မာလာ ဒေါက်တာမျိုးမင်းကို လက်ညှိုးထိုးပြလိုက်စဉ် မော်ဆက် က ရှေ့တိုးမည်အလုပ် ဒေါ်ဖြူအေးလက်က ထိုင်နေရာမှ ဆွဲရမ်းလိုက်ရာ မော်ဆက် ဖင်ထိုင်ကျသွားသည်။

''မာမီ ... သား ... ဘာဖြစ်တာလဲ''

ဒေါ်ဖြူအေး မတ်တတ်ထရပ်ပြီး ဒေါ်မာလာရှေ့ရပ်ကာ–

''ဘာလို့ အကြေးတွေ ထပ်ယူနေတာလဲ ... ပြိတ္တာဘဝနဲ့တောင် နှစ်နှစ်ဆယ်နီးပါးနေလာခဲ့ပြီးပြီပဲ ... ကိုယ့်ကိုကိုယ် လွတ်မြောက်ဖို့လုပ်ပါ တော့ ...

ဟိုကလေးကိုလည်း လွတ်မြောက်ခွင့် ပေးလိုက်ပါ ...''

ပြောတော့ နှောင်ကြိုးသီက ဒေါ်မာလာရှေ့ ဒူးထောက်ကာ မျက်ရည်များကျပြီး ...

''မေမေ ... အခုလို မဟုတ်တဲ့ ဘဝကြီးမှာ တခြားလူတွေရဲ့ သွေးသားနဲ့ ရပ်တည်မနေပါနဲ့တော့ မေမေရယ် ... သမီး တောင်းပန် ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"သမီး ... "

ဒေါ်မာလာက နှောင်ကြိုးသီနှင့် မျက်နှာချင်းဆိုင် ထိုင်ချလိုက်သည်။

"မေမေ့ သမီးကို မချစ်လို့ စွန့်ခဲ့တာ မဟုတ်ပါဘူး ... သမီးနားလည်ပါ ... "

"သမီးနားလည်ပါတယ် ... မေမေ, မေမေ ... ကောင်းရာမွန်ရာကို သွားပါတော့နော် ... သမီးလေ မေမေ့အတွက် အမြဲကုသိုလ်လုပ်ပေးမယ် မေမေ သာဓုလာခေါ်ပါ ... ဟင့် ... ဟင့်"

"သမီးရယ် ... "

နှောင်ကြိုးသီကို ဒေါ်မာလာက ခပ်တင်းတင်း ဖက်ထားရာမှ -

"ဟင်း ... "

စိတ်ကိုလျှော့ချလိုက်ရာ ပျော့ခွေကာ လဲကျလို့သွားလေတော့သည်။

"မာမီ ... "

မော်ဆက်ရဲ့အသံက တုန်ခါလို့နေသည်။

နှောင်ကြိုးသီလက်ပေါ်က သူ့မာမီကို ပွေ့ထားလိုက်၏။

"သား ... မာမီလိုတာ ရှာမရခဲ့လို့လား မာမီ၊ မာမီ သားကို ဘာနိုင်းမှာလဲ ... မာမီ့အတွက် အသက်ရှင်နေတာပါ ... သားကို မာမီ ဘယ်လိုပဲ ရက်စက်ရက်စက် သား မာမီကို သိပ်ချစ်တာပါ ... "

"မော်ဆက်ရယ် ... "

"နှောင်ကြိုး ... ငါ့မာမီကို အားလုံးက ဖုတ်ကောင်ကြီးလို့





ထင်နေကြတာ ... ငါ့အတွက်တော့ မာမီက ထာဝရ မေတ္တာရှင်ပါဟာ"

လွန်စွာ ဝမ်းနည်းနေသည့် မော်ဆက်ကို ဖြေစရာစကားလုံးတွေ သူ့မှာ မရှိတော့ ဘာလို့လဲဆိုတော့ ...

မိခင်ရင်းကို မိနစ်ပိုင်းလေးမှာ တွေ့ခဲ့ရပေမယ့် သူ့မိခင်ဟာ ဘဝဆိုးကြီးနှင့် ...

သူ့ရဲ့ ...

ဝိဉာဉ်ကိုက်သံကတော့ ...

~~~



www.burmeseclassic.com
~~~


www.burmeseclassic.com

ဘဝချင်းမတူတော့ အဆုံးတစ်နေ့မှာ

ပါတို့ခွဲကြရမှာပဲလေ . . .

ဒီတော့လည်း . . .

လမ်းခွဲခြင်းဆိုတာ မျက်ရည်တွေနဲ့ပဲပေါ့ . . .



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

နှောင်ကြိုး ...

နှင် ငါ့အားမှာ လာငိုရှိုက်နေတာ ငါသိတယ် ...

နှင့်ငိုသံတွေ ငါကြားနေရတယ် ...

ငါနှင့်ကို ထွက်တွေ့လို့ မရဘူး ...

ဒါပေမယ့် ...

နှင့်မျက်နှာကို ငါမြင်နေရတယ် ...

ငါ့ကို ခွင့်လွှတ်ပါ နှောင်ကြိုး ထက်ဘယ်ဆို

လူ့ဘဝမှာ ငါနေခွင့်ရဖို့ မဖြစ်နိုင်ပါဘူး ...

ငါလေ ...

မာမီရယ် နှင်ရယ်နဲ့ လူ့ဘဝမှာ ပြုံးတစ်ခါ ငိုတစ်လှည့်နဲ့

အဆုံးထိ လျှောက်ချင်ပါတယ် ...

လူ့ သဘာဝက ငါတို့ကို ခွင့်မပြုဘူးလေ ...

ငါ အသေချာဆုံး ပြောနိုင်တာက ...

လူစစ်စစ်ဖြစ်တဲ့ နှင့်ကို ငါ့လို ... က သိပ်ချစ်ခဲ့တယ်ဆိုတာ

ပဲလေ ...



မေမေ့ကို ငါကန်တော့သလို နှင့်အတွက်လည်း နှင်းဆီပန်းတွေ ယူလာပါတယ် မောင် ...

နှင်ငါနဲ့ ဆုံခဲ့စဉ်ကာလမှာ အခွင့်အရေးရခဲ့ပေမယ့် ချစ်တယ်လို့ ဘာလို့ မပြောခဲ့တာလဲ ...

အေးလေ ...

လွမ်းရမယ်ဆိုတာ နှင်ကြိုသိနေလို့ပဲနေမှာပေါ့ မေမေနဲ့နှင် ဘဝဆိုးကြီးနဲ့ ဆက်ရှိမနေပါနဲ့လို့ ...

ငါဆုတောင်းခဲ့ပါတယ် ...

နှောင်ကြိုးသီ



www.burmeseclassic.com

www.burmeseclassic.com

အုတ်ဂူ ဖြူဖြူလေး နှစ်လုံးကတော့ သင်္ချိုင်းထဲမှာ ခြောက်သွေ့နေတယ်လို့ ထင်ရပေမယ့် ...

သေဆုံးသူနှစ်ဦးကတော့ ကျေနပ်နေပါတယ်လေ ...

သူတို့ ကြေကွဲစွာ ကြည့်နေတာကတော့ သင်္ချိုင်းထဲက ထွက်သွားသည့် နှောင်ကြိုးသီဆိုတဲ့ ကောင်မလေးကိုပါ ...

ပြီးပါပြီ

အနုပညာခရီးကို ထာဝရလျှောက်လှမ်းပါရစေ ...

အစဉ်ကြိုးစားမယ့်အစဉ်ကြိုးစားတဲ့

စာရေးတဲ့

ကန့်လေးရိုးက **ဖွားလောက်ကြီး**

တယ်လီဖုန်းဖြင့် ဝေဖန်မိတ်ဆက်

အကြံပြုသူများမျှော်လင့်လျက်

ဖုန်း – ၀၁ ၄၀၁၃၆၄၊ ၀၉ ၇၃၁၁၃၉၀၉

ဩရင့်အောင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com